ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့ (22-6-2014) (၇၇၇၉)

မိုးရွာသွန်းမှု

၂၁-၆-၂၀၁၄

ပလက်ဝ	၄ ဒသမ ၆၅	လက်မ
သံတွဲ	၄ ဒသမ ၃၃	လက်မ
ကျောက်တော်	၃ ဒသမ ၇၈	လက်မ
ခန္တီး	၃ ဒသမ ၄၆	လက်မ
သိမ်ဇရပ်	၃ ဒသမ ၂၇	လက်မ
ပင်လောင်း	၂ ဒသမ ၈၈	လက်မ

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ယနေ့

မာတိကာ

ဆိပ်ခံဇေတံတားများတွင် သဘော်အကပ်၊ အခွာ ကြီးကြပ်မည့်ဝန်ထမ်းများရှိစေလို

စာမျက်နှာ - ၃

စစ်မက်အင်္ဂါ အလျဉ်မပြတ် အီရတ်၏ ရုပ်ပုံလွှာ

စာမျက်နှာ - ၅

မျက်စိလျှမှု မျက်ကြည်ရ မြတ်သည့်အလှူဒါန

စာမျက်နှာ - ၆

ပူတာအိုတွင် ဖော်ထုတ် လယ်ယာမြေအသစ် တောင်သူများထံ လွှဲပြောင်းပေး

စာမျက်နှာ - ၇

ဘုရင့်နောင်တံတားအမှတ် (၂) တည်ဆောက်ရေးလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းပြီးစီး ပြည်သူများ စက်တင်ဘာလကုန် အသုံးပြုနိုင်မည်ဟု ခန့်မှန်း

သတင်းနှင့် ဓာတ်ပုံ
အောင်ကျော်ဦး(ကြေးမုံ)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအထူးစီမံကိန်းကြီး အဖွဲ့(၅)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများမှာ ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနေ့ တံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်း စတင်ပါတယ်၊ သံပေါင်တပ်ဆင်တဲ့နေရာမှာ ယာယီဒေါက်တွေအသုံးပြုပြီး ဘုရင့်နောင်နဲ့ လှိုင်သာယာနှစ်ဖက်စလုံး တစ်ပြိုင်တည်းတပ်ဆင်သွားမှာဖြစ်လို့ နှစ်လခွဲလောက်သာ အချိန်ယူမှာပါ၊ မိုးရာသီဝါဆို၊ ဝါခေါင်ကာလတွေကို ဖြတ်သန်းရမှာမို့ လုပ်သားတွေရဲ့အသက်အန္တရာယ်ကိုလည်း ဂရုစိုက်ရပါတယ်၊ စက်တင်ဘာလကုန်ဖွင့်လှစ်နိုင်ဖို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်၊ လက်ရှိတံတားက အသွားတစ်လမ်း အပြန်တစ်လမ်းသာရှိတာမို့ ဒီတံတားကြီးပြီးသွားရင် ပြည်သူတွေအကျိုးရှိမှာပါ၊ ယာဉ်ကြောကျပ်တည်းမှုလည်း အထိုက်အလျောက်တော့ပြေလျော့သွားမှာပါ"ဟု အထူးစီမံကိန်းကြီး အဖွဲ့ (၅)မှ တံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က ပြောသည်။

ဘုရင့်နောင်တံတားအမှတ်(၂)သည် လှိုင်သာယာ-မရမ်းကုန်းမြို့နယ်တို့ကို ဆက်သွယ်ပေးထားသောတံတားဖြစ်ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ချဉ်းကပ်တံတားအရှည်အပါအဝင် စုစုပေါင်းတံတားအရှည် ၄၁၀၄ ဒသမ ၅၃ ပေနှင့် ရေလမ်းကင်းလွတ်အမြင့် ၃၃ ပေရှိ တံတားကြီးဖြစ်သည်။

တံတားတည်ဆောက်ရေးကာလတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရေကြောင်းရဲ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများ၏ အကူအညီဖြင့် တံတားဝန်းကျင်တစ်ဖက်တစ်ချက် ပေ ၃၀၀၀ အတွင်း Check Point များထားရှိကာ ရေကြောင်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ပံတောင်းဒေသရှိ ကျေးရွာ ၃၁ ရွာတွင် မြစိမ်းရောင်စီမံကိန်း စတင်အကောင်အထည်ဖော်

မုံရွာ ဇွန် ၂၁

ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းများအတွက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် လက်ပံတောင်းဒေသဝန်းကျင်ရှိ ကျေးရွာများအပါအဝင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ရွာပေါင်း ၃၁ ရွာသို့ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ကို ကျေးရွာတွင်း ဒေသခံများဆန္ဒဖြင့် ဖွဲ့စည်းထားသောကော်မတီသို့ စတင်ထုတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

"မြစိမ်းရောင်စီမံကိန်းအဖြစ် တစ်ရွာကျပ်သိန်း ၃၀၀ နှုန်းနဲ့ ဆားလင်းကြီးမြို့နယ်အတွင်း ရွာ ၃၁ ရွာကို ရွာကော်မတီဝင်လူကြီးများထံ ပေးအပ်ဆောင်ရွက်နေပါပြီ။ ကျေးရွာကော်မတီဝင်တွေကိုလည်း ဒေသခံများကသူတို့စိတ်ကြိုက်ရွေးချယ်တင်မြှောက်ထားတာပါ။ အဲဒီလို ဆန္ဒနဲ့အညီ စနစ်တကျဖွဲ့စည်းနိုင်ဖို့အတွက် ပြီးခဲ့တဲ့မေလအတွင်းက ကျေးရွာတွေအရောက်ဆင်းပြီး ဆောင်ရွက်ခဲ့ကြရပါတယ်။ အဲဒီလိုဆောင်ရွက်ပြီးမှ စီမံချက်အရ တစ်ရွာကျပ်သိန်း ၃၀၀ စီကို ထုတ်ပေးနေတာဖြစ်ပါတယ်။ ကော်မတီအနေနဲ့ ရရှိလာတဲ့ ကျပ်သိန်း ၃၀၀ ကို ကိုယ့်ရွာရဲ့အခြေအနေအတိမ်အနက်ကို ကြည့်ပြီး အတိုးနှုန်းပြား ၅၀ ကနေ တစ်ကျပ် ပြား ၅၀ အထိ အတိုးနှုန်းယူပြီး ရလာတဲ့အတိုးတွေကို ကိုယ့်ရွာဒေသဖွံ့ဖြိုးရေးမှာ သုံးစွဲသွားရမှာပဲဖြစ်ပါတယ်။ ထုတ်ပေးထားတဲ့သိန်း ၃၀၀ ကို နိုင်ငံတော်ကို ပြန်သွင်းစရာမလိုဘဲ ကျေးရွာကော်မတီရဲ့ အစီအမံနဲ့ တိုးပွားအောင်လုပ်ဖို့ဖြစ်ပါတယ်"ဟု **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

ကြေးမုံ စာတည်းရှုထောင့် **၂၂-၆-၂၀၁၄၊ တနင်္ဂနွေနေ့**

ရေကြီးရေလျှံ Master Plan

ရန်ကုန်မြို့တွင် ထပ်မံဖြစ်ပွားလာမည့် ရေကြီးရေလျှံမှုများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် Master Plan (ပင်မစီမံချက်)ရေးဆွဲမည်ဟု သိရသည်။ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်တွင် မိုးရွာသည်နှင့် ရေကြီးရေလျှံမှုအများဆုံးနေရာများအား တိုင်းတာမှတ်သားခြင်း၊ လမ်းနံဘေးရေမြောင်းများ၊ မြေအောက်ရေမြောင်းများ၏ လမ်းကြောင်းများအနက်မှ ပြုပြင်သင့်သည်များကို Master Plan တွင် ထည့်သွင်းရေးဆွဲခြင်းအပြင် ဒီရေအတက်အကျရှိနိုင်သည့် ရက်များကိုလည်း တွက်ချက်ပြီးရေးဆွဲခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပုဇွန်တောင်မှ ကြည့်မြင်တိုင်ထိ မြစ်အတွင်းသို့ ရေထွက်ပေါက် စုစုပေါင်း ၂၀ ခန့်ရှိပြီး ထိုထွက်ပေါက်များ ပိတ်ဆို့ပါက ရေကြီးရေလျှံဖြစ်ပေါ်တတ်ရာ ယင်းလမ်းကြောင်းများကို ပြုပြင်ရှင်းလင်းမှုပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ Master Plan ရေးဆွဲပြီးပါက ရန်ကုန်မြို့တွင် မိုးရွာချိန်ခဏသာ လမ်းပေါ်ရေရှိနိုင်ပြီး မကြာမီ ရေဆင်းသွားမည်၊ ခန်းခြောက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားခဲ့သည်။ ၎င်းတွင်မြစ်ထွက်ပေါက် ရေမြောင်းကြီး ၂၀ အား ပြုပြင်ခြင်း၊ ရှင်းလင်းခြင်းလုပ်ငန်းကို တစ်နှစ်မှာတစ်ခါ လိုအပ်မှလုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ မကြာခဏစစ်ဆေးရှင်းလင်းပေးရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

လက်ရှိ ရန်ကုန်မြို့ကြီးကို လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က ကမ်းတက်မြေ၊ နွံတောလတာပြင်မှာ တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ ရွှံ့နွံတွေကို ထုတ်၊ စနစ်တကျရေထုတ်မြောင်းများ၊ ရေစုကန်များနှင့် အခိုင်အမာအောက်ခြေကို ဖွဲ့စည်းတည်ဆောက်ပြီးမှ မြို့တော်ကို တည်ဆောက်လာခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့ကြီး၏ မြေအောက် Plan ကို နမူနာယူပြီး စင်ကာပူနိုင်ငံကို "လီကွန်းယု" တည်ဆောက်ခဲ့ကြောင်း မှတ်သားဖူးပါသည်။

ဤရွှေ့ဤမျှအခြေခိုင်မာစွာဖြင့်တည်ဆောက်ထားခဲ့သော ဒီရေအတက်အကျနှင့် လိုက်လျောညီစွာ ရေထုတ်ပင်မမြောင်းကြီးများ၊ ရေသွယ်လက်တံမြောင်းများနှင့် လက်ယှက်ထိုးစနစ်တကျရှိနေခဲ့သော ရန်ကုန်မြို့ကြီးသည် နှစ်ပရိစ္ဆေဒကာလကြာညောင်းလာသည်နှင့်အမျှ ပျက်စီးယိုယွင်းမှုများရှိလာသည်မှာ သဘာဝကျပါသည်။ ထိုအခြေခံအဆောက်အအုံများအား အခြေခိုင်မာအောင်ပြုပြင်ထိန်းသိမ်းမှုနှင့် အခြေခံ Foundation များပျက်စီးမှုတို့က ရေကြီးရေလျှံမှုကို ဖြစ်ပေါ်စေခြင်းဖြစ်နိုင်ပါသည်။

ရန်ကုန်မြို့သည် စတည်စဉ်မှ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိလာသဖြင့် လမ်းများကြံ့ခိုင်မှုအားနည်းလာနေပြီ။ မဟာရန်ကုန်လမ်းများသည် တချို့ အမာခံမြေသားနှင့် တည်ထားသည်ဆိုငြားလည်း (၁)လမ်းမှ မဟာဗန္ဓုလတံတားကြားလမ်းများမှာ ရေထွက်ပေါက်မြောင်းကြီးများနှင့် လက်တံမြောင်းများပေါ်တွင် ခင်းထားခဲ့သည်ဖြစ်ရာ ထိုအချက်လည်း လက်ရှိ Master Plan တွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်တစ်ရပ်ဖြစ်ပါသည်။ မော်တင်၊ ကလီဘက်မှ တချို့တိုက်တာအဆောက်အအုံများမှာ ညဘက်ကုန်တင်ကားများဖြတ်သွားလျှင် တုန်ခါမှုကြောင့် အိပ်မရဖြစ်နေကြကြောင်း သိရသည်။ ကားများအရှိန်နှင့် ဖြတ်သွားလျှင် တုန်ခါမှုကို ကလီမှတ်တိုင်မှာ မကြာခဏကြုံဖူးသည်။ ဤလမ်းများ ကြံ့ခိုင်မှုသည် မြေအောက်ရေမြောင်းကြီးများပေါ် အများဆုံး မှီတွယ်လျက်ရှိနေသည်။ ရေမြောင်းကြီးများ ကြံ့ခိုင်မှုမရှိ ပျက်စီးလာပါက လမ်းများ ဟန်ချက်မညီဘဲ ချွတ်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည်။

ရန်ကုန်မြို့ အမှိုက်သိမ်းဆည်းရေးကဏ္ဍ အဆင့်မြှင့်တင်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းနှစ်ထောင်ကျော် သုံးစွဲမည်ဟု သိရသည်။ ထိုငွေများဖြင့် အမှိုက်ကန်များ၊အမှိုက်သိမ်းယာဉ်များ၊ ရေပုပ်စုပ်ယာဉ်နှင့် ကရိန်းယာဉ်များ စသည်ဖြင့် ဝယ်ယူမည်ဆိုသည်။ ရန်ကုန်မြို့တွင် ရေစီးရေလာကောင်းမွန်ရေးနှင့် ရေမြောင်းများ ကောင်းမွန်အောင်တည်ဆောက်ရေးအတွက်လည်း သုံးစွဲသွားမည်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပုဇွန်တောင်နှင့် ကြည့်မြင်တိုင်ကြားရှိ မြစ်ထွက်ပေါက် ရေမြောင်းကြီးများ ရေစီးရေလာကောင်းမွန်ပြီး ကြံ့ခိုင်မှု အားကောင်းနေပါမှ ရန်ကုန်မြို့တော် ရေကြီးရေလျှံဒဏ်မှ လွတ်မည်။ ရေမြောင်းကြီးများပေါ် ခင်းထားသောလမ်းများကို ဟန်ချက်ညီညီထိန်းထားနိုင်မည်။ ဤရေမြောင်းကြီးများ၊ ဤလမ်းမကြီးများသည် တစ်ခုနှင့်တစ်ခု ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အမှီသဟဲပြုလျက် ခွဲခြားမရစကောင်းသော မိတ်ဖက်များပင်ဖြစ်ပါသည်။ ။

သတိပေးနှိုးဆော်ချက်

ယခုအခါ မိုးရာသီကာလရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်ချောင်းကမ်းဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေသော ရေယာဉ်များသည်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့် လည်းကောင်း တိမ်းမှောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ(Life Jackets)များ ဆောင်ထားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

Food and Hotel Myanmar 2014 ပြပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဇွန် ၂၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဇွန် ၁၈ ရက်မှ ဇွန် ၂၀ ရက်အထိ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့် အာဆီယံနိုင်ငံဟိုတယ်နှင့်စားသောက်ဆိုင်များ အသင်းနှင့် မြန်မာနိုင်ငံ စားဖိုမှူးများအသင်းမှ ကြီးမှူးကျင်းပသောFood and Hotel Myanmar 2014ပြပွဲသို့ တက်ရောက်အားပေးခဲ့သည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၅၀ ကျော်နှင့် ဂျာမနီ၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်ဝမ်၊ ထိုင်းနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ Grand Cherry Xeno Trading Company Limited, Nestle Professional, Premium Distribution Co., Ltd. စသည့် ကုမ္ပဏီကြီးများပါဝင်သော နိုင်ငံတကာအဆင့်မီ ပြခန်းကြီး ခြောက်ခန်းနှင့်အတူ ဟိုတယ်ဆိုင်ရာအသုံးအဆောင်ပြခန်းများ၊ ပြိုင်ပွဲဝင်အစားအသောက်များကို ခင်းကျင်းပြသခဲ့သည်။ပြည်ထောင်စုဝန်ကြီးသည် မြန်မာအစားအစာချက်ပြုတ်မှုကျွမ်းကျင်မှုပြိုင်ပွဲနှင့် အာဆီယံနိုင်ငံများတွင် အလှည့်ကျကျင်းပသော Bartenders' Championship ပြိုင်ပွဲ၏ 11th AHRA Bartenders' Championship Myanmar 2014 ပြိုင်ပွဲသို့ တက်ရောက်အားပေး၍ ဆုများချီးမြှင့်ခဲ့သည်။**(အပေါ်ပုံ)**

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းယားကန်ဟိုတယ်၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဆွစ်ဇာလန်နိုင်ငံ Swiss Contact မှ ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံပြီး ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ခြင်း၊ လူမှုအဖွဲ့အစည်းကို အခြေခံပြီး လုပ်ဆောင်ရသော လုပ်ငန်းဖြစ်ခြင်းကြောင့် ဝန်ဆောင်မှုအရည်အသွေး မြင့်မားတိုးတက်ရေးသည် အထူးအရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း မဟာဗျူဟာအစီအစဉ်တွင်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ဆောင်မှုအရည်အသွေးတိုးတက်မြင့်မားရေးမှာ အဓိကကဏ္ဍတစ်ခုဖြစ်သဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆွစ်ဇာလန်နိုင်ငံ Swiss Development Corporation ၏ ကူညီပံ့ပိုးမှုဖြင့် Swiss Contact အဖွဲ့မှ မြန်မာနိုင်ငံခရီးစဉ်ဒေသအသီးသီးတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများသင်ကြားပို့ချဆောင်ရွက်ပေးမည့်အတွက် ကြိုဆိုပါကြောင်း၊ ပြည်ပ၌ရောက်ရှိနေကြသော လူငယ်ပညာရှင်များကို ဉာဏ်ပူဇော်ခချီးမြှင့်ပြီး သင်ကြားမှုအပိုင်းတွင် ပါဝင်ဆောင်ရွက်စေမည့် အစီအစဉ်ဖြစ်ပါကြောင်း၊ မိမိတို့ကဖိတ်ကြားလျှင် အမိနိုင်ငံသို့ မလွဲမသွေ လာရောက်ကူညီလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Swiss Contact မှ Team Leader Dr. Michael Mechthold- Jin နှင့် Swiss Hotel Management Academy Lucerne မှ Regional Director Mr. Bart Ferwerda တို့က သင်တန်းပို့ချမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ဆွေးနွေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၀

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု(Third Wave) လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(A) ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဝန်ကြီးဌာနအောက် ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဝန်ထမ်းများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်အောင် ပြောင်းလဲမှုနှင့်စပ်လျဉ်းပြီး ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်အောင် ပြောင်းလဲဖော်ဆောင်ရန် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ထားပါကြောင်း၊ သို့သော်လည်း အချို့ဌာနများနှင့် ဝန်ထမ်းအချို့သည် ရှေးယခင်လုပ်နည်းလုပ်ဟန်အတိုင်း ဆက်လက်လုပ်ကိုင်နေကြခြင်း၊ စွမ်းဆောင်မှုအရည်အချင်း လျော့နည်းနေခြင်းတို့ကြောင့် အုပ်ချုပ်ရေးယန္တရား စွမ်းဆောင်ရည်တိုးတက်မြင့်မားရေးအတွက် အောက်ခြေအထိပြန်လည်ကွင်းဆင်းလေ့လာသုံးသပ်ပြီး ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းဆောင်ရည်ပြည့်ဝအောင်(Capacity Building)တည်ဆောက်ခြင်း၊ ယှဉ်ပြိုင်ကြိုးစားမှုဖြင့် ရာထူးအဆင့်တိုး၍ ချီးမြှင့်ခြင်း၊ အရေးယူသင့်သူကို အရေးယူခြင်းတို့ဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဌာနဆိုင်ရာအကြီးအကဲများအနေဖြင့် မိမိတို့ကိုယ်တိုင် အရည်အသွေးမြင့်မားရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်အောင် တစ်ဖက်ကကြိုးစားရင်း တစ်ဖက်ကလည်း မိမိလက်အောက်ဝန်ထမ်းများအပေါ် ခေါင်းဆောင်မှုကောင်းကောင်းဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားကြရန်လိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လာဘ်ပေးလာဘ်ယူမှုများ မဖြစ်ပေါ်စေရေး အထူးသတိထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ စီမံခန့်ခွဲအုပ်ချုပ်မှုအပိုင်းတွင် အဆင့်အလိုက်တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း (Decentralization) ကို ပီပီပြင်ပြင် လုပ်ကိုင်ရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများသည် ပြည်သူများနှင့် အမြဲထိတွေ့ပြီး ပြည်သူများအားဝန်ဆောင်မှုပေးနေကြရသည့် ဌာနများဖြစ်ပါကြောင်း၊ ထိုသို့ဝန်ဆောင်မှုပေးသည့်အခါ ပြည်သူများ မနှစ်မြို့မလိုလားသည့် ဆက်ဆံဆောင်ရွက်မှုမျိုးမပြုမိရန် အထူးသတိထားဆောင်ရွက်ကြရန် လိုပါကြောင်း၊ သက်ဆိုင်ရာအကြီးအကဲများကလည်း ထိုသို့မပြေလည်သည့် ဆက်ဆံဆောင်ရွက်မှုမျိုးကို မသိကျိုးကျွန်ပြုမနေဘဲ ပြည်သူများ ကျေနပ်မှု၊ ယုံကြည်မှုရှိလာသည်အထိ ဝန်ဆောင်မှုများ လျင်မြန်တိုးတက်ကောင်းမွန်အောင် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့လုပ်ငန်းများ အောင်မြင်ခြင်း ရှိ/မရှိ၊ ကောင်းမွန်ခြင်း ရှိ/မရှိဆိုသည်ကို မိမိတို့ဆောင်ရွက်ချက်များအပေါ် ပြည်သူများက ယုံကြည်လက်ခံခြင်း ရှိ/မရှိနှင့် ပြည်သူကို မည်မျှအကျိုးပြုသလဲဆိုသည့်အပေါ် တိုင်းတာသုံးသပ်ပြီး ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ယခုအခါ မိမိတို့အနေဖြင့် တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုအဖြစ် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရန် ရေရှည်အတွက် အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွား ဦးစားပေးလိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်ပေးရေးဆိုသည့် အပိုင်းနှစ်ပိုင်းကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ဝန်ထမ်းများအတွင်း ယှဉ်ပြိုင်ကြိုးစားမှုဖြင့် စွမ်းဆောင်ရည်မြင့်မားတိုးတက်အောင် အပြိုင်အဆိုင် ကြိုးစားသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် လုပ်ရည်ကိုင်ရည်နှင့် အရည်အချင်းများ မြင့်မားတိုးတက်လာပြီး ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများလည်း ပိုမိုအောင်မြင်လာနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်ရေးအတွက် ဆွေးနွေးပွဲများ၊ သင်တန်းများ ပိုမိုလုပ်ဆောင်ပေးသွားရန်လိုအပ်ပါကြောင်း၊ အရာထမ်း၊ အမှုထမ်းများအတွက် ဖွင့်လှစ်ပေးသည့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများသည် ဌာနများ၏ ပုံမှန်အတိုင်း ဖွင့်လှစ်သင်ကြားသည့် သင်တန်းမျိုးမဖြစ်စေဘဲ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို သိရှိပြီး ခေတ်နှင့်လိုက်လျောညီထွေဖြစ်မည့် စိတ်ဓာတ်ပါ ပြောင်းလဲလိုက်ပါလုပ်ဆောင်နိုင်ရေး၊ ကြိုးစားလုပ်ကိုင်တတ်ရေး၊ လုပ်ငန်းတာဝန်များကို လျင်မြန်ထိရောက်စွာဖြင့် စွမ်းဆောင်ရည်ရှိရှိ လုပ်ကိုင်တတ်ရေးတို့အတွက် အဓိကထားပြီး ပို့ချဆွေးနွေးသွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူတို့က တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းများ၊ ဌာနအလိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

(သတင်းစဉ်)

✻ ရွှေ့ဖုံးမှ

ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလှထွန်းဝင်းက ပြောသည်။ မြစိမ်းရောင်စီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၀၁ ရွာဖြစ်သည့် ဆားလင်းကြီး မြို့နယ်တွင် ၃၁ ရွာ၊ ဘုတလင်မြို့နယ် တွင် ၃၅ ရွာ၊ ခန္တီးမြို့နယ်တွင် ၃၅ ရွာသို့ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ဆိပ်ခံဖောတံတားများတွင် သင်္ဘောအကပ်၊ အခွာကြီးကြပ်မည့်ဝန်ထမ်းများရှိစေလို

ရန်ကုန် ဇွန် ၂၀

ဒလမှ ရန်ကုန်ဘက်ကမ်းသို့ ဇွန် ၂၀ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ဝန်းကျင်တွင် ထွက်ခွာလာသော ကူးတို့ရေယာဉ် နှစ်ထပ်ပေါ်သို့ ဆိပ်ခံဖောတံတားပေါ်မှ ခရီးသည်တစ်ဦး အပြေးအလွှား ခုန်တက်နေသည့်မြင်ကွင်းကို အဆိုပါ သင်္ဘောအပေါ်ထပ်မှ လိုက်ပါလာသော ခရီးသည်တစ်ဦးက ရိုက်ကူးပေးပို့လာရာ မြင်ရသူအဖို့ စိုးရိမ်ပူပန်မှုဖြစ်ပေါ်စေသော်လည်း အဆိုပါခရီးသည်မှာမူ အချိန်လုသည့် ဇော(စိတ်)ကြောင့် စိုးရိမ်စိတ်မဖြစ်ပေါ်သော်လည်း အသက်ဘေးအန္တရာယ်ဖြစ်စေနိုင်ပါသည်။ သို့ဖြစ်ရာ ဆိပ်ခံဖောတံတားများမှ သင်္ဘောအကပ်၊ အခွာပြုလုပ်သည့်အခါတွင် ဆိပ်ခံဖောတံတားပေါ်၌ ကြီးကြပ်မည့်ဝန်ထမ်းရှိသင့်ကြောင်း ရေလမ်းသွားခရီးသည်များက ဆိုသည်။

ရေလမ်းအပါအဝင် ကားလမ်းများတွင် ခရီးသည်များ အချိန်လု အပြေးအလွှားသွားလာနေကြရာ အချိန်မရွေး ဘေးအန္တရာယ်ကြုံတွေ့ရတတ်မှုကို ယာဉ်တိုက်မှုဖြစ်စဉ်များက ပြသနေရာ အထူးသဖြင့် သင်္ဘောခရီးစဉ်များတွင် ဆိပ်ခံဖောတံတားသို့ ကပ်ချိန်၊ ခွာချိန်များတွင် သင်္ဘောများဆိပ်ခံဖောတံတားနှင့် ကြိုးများအပြည့်အဝ ချည်နှောင်ပြီးချိန်မှသာ စနစ်တကျ အတက်၊ အဆင်းပြုလုပ်သင့်ကြောင်း၊ နေ့စဉ် သင်္ဘောစီးခရီးသည် သုံးသောင်းဝန်းကျင်ရှိသော ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်ခရီးစဉ်တွင် သက်ဆိုင်ရာမှ ကြီးကြပ်မှုကြောင့် ဆိပ်ခံရေဆင်းတံတားနှင့် ဖောတံတားတွင် အတက်၊ အဆင်းခရီးသည်များ ရောထွေးမှုမရှိဘဲ အတက်၊ အဆင်းသီးသန့်သွားလာနိုင်ချိန် သင်္ဘောထွက်ချိန် ဆိပ်ခံရေဆင်းတံတားများမှ ပြေးလွှားခုန်တက်နေသည်များကိုလည်း တားဆီးသင့်ကြောင်း ကူးတို့ရေယာဉ်စီးခရီးသည်များက ဆိုသည်။ **(မောင်စေအောင်)**



တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှု ထိန်းချုပ်ရေး အမေရိကန်နယ်စပ်ဒေသ၌ တပ်ဖွဲ့များ ဖြန့်ကြက်ရန် တိုက်တွန်း

ဝါရှင်တန် ဇွန် ၂၁

အမေရိကန်ပြည်ထောင်စုအတွင်းသို့ အမေရိကတိုက်အလယ်ပိုင်းနိုင်ငံများမှ နိုင်ငံသားများ တရားမဝင်ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှုကို ထိန်းချုပ်ကန့်သတ်နိုင်ရန် မက္ကဆီကိုနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသတစ်လျှောက်၌ တပ်ဖွဲ့များဖြန့်ကြက်ပေးရန် အောက်လွှတ်တော်အမတ် ခေါင်းဆောင်တစ်ဦးက ဇွန် ၂၁ ရက်တွင် တိုက်တွန်းလိုက်သည်။

နယ်စပ်ဒေသကို တရားမဝင်ဖြတ်ကျော်ဝင်ရောက်ကာ ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှု တိုးပွားလာခြင်းကြောင့် အမျိုးသားလုံခြုံရေးကို ထိခိုက်စေနိုင်ပြီး လူမှုရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာစေနိုင်ကြောင်း အောက်လွှတ်တော် အမတ် ခေါင်းဆောင် ဂွန်ဘိုနာက သမ္မတထံပေးပို့သည့်စာတွင် ရေးသားဖော်ပြသည်။

အမေရိကတိုက် အလယ်ပိုင်းဒေသမှ ကလေးများနှင့် ဆယ်ကျော်သက်ရွယ် လူငယ်လေးများသည် လူကြီးများမပါရှိဘဲ နယ်စပ်ဒေသကို တရားမဝင် ဖြတ်ကျော်ဝင်ရောက်သည့် ဖြစ်ရပ်များ ပိုမိုဖြစ်ပွားလာရခြင်းသည် သမ္မတ အိုဘားမားအစိုးရအဖွဲ့၏ မူဝါဒများ အားနည်းမှုကြောင့် ဖြစ်ရကြောင်း အဆိုပါစာတွင် ဖြစ်တင်ဖော်ပြထားသည်။

ဂွါတီမာလာ၊ အယ်လ်ဆာဗေဒိုနှင့် ဟွန်ဒူးရပ်စ်နိုင်ငံများမှ ကလေးများနှင့် လူငယ်များသည် နယ်စပ်ဖြတ်ကျော်ကာ ဥပဒေမဲ့ဝင်ရောက်လာမှု တိုးပွားလာနေသည်။ ယင်းသို့ခိုးဝင်လာသူများအနက် အသက်လေးနှစ် အရွယ်မျှသာရှိသေးသော ကလေးများလည်း ပါဝင်သည်။

လူမှောင်ခိုထုတ်သူများက ကလေးများအား လိမ်ညာခေါ်ယူလာခဲ့ကြပြီး အမေရိကန်နယ်စပ်လုံခြုံရေး လှည့်ကင်းများက ကလေးအများအပြားကို မကြာခဏ ဖမ်းဆီးရမိခဲ့သည်။

ယခုနှစ် အောက်တိုဘာလ နောက်ပိုင်း အရွယ်မရောက်သေးသူ လူငယ် ၄၇၀၀၀ အထိကို နယ်စပ်ဒေသ၌ ထိန်းသိမ်းခဲ့ရကြောင်း အမေရိကန် အမိမြေလုံခြုံရေးဌာနက ပြောကြားသည်။

ရိုက်တာ။

အမေရိကန်-မက္ကဆီကိုနယ်စပ်ဒေသ၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့က တရားမဝင်ဝင်ရောက်လာသူများကို ထိန်းသိမ်းစဉ်။

ရှီးယိုက်ပြည်သူ့စစ်အဖွဲ့ဝင်များ မြို့တော်ဘဂ္ဂဒက်၌ စစ်ရေးပြ

ဘဂ္ဂဒက် ဇွန် ၂၁

အီရတ်နိုင်ငံဒေသအများအပြားတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပြီး ဂိုဏ်းဂဏဆိုင်ရာတင်းမာမှုများမြင့်တက်နေစဉ်အတွင်း ဇွန် ၂၁ရက် နံနက်ပိုင်းက တန်ခိုးသြဇာကြီးထွားသည့် ရှီးယိုက်ဘာသာရေးခေါင်းဆောင် မော့တာဒါအယ်လ်ဆာဒါအား သစ္စာခံသည့် ထောင်ပေါင်းများစွာသော ရှီးယိုက်ပြည်သူ့စစ်များက ဘဂ္ဂဒက်မြို့တော်လမ်းများပေါ်တွင် စစ်ရေးပြကြကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မော့တာဒါ၏ မာဒီတပ်မတော်အမည်ရှိ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာသော အမေရိကန်တပ်ဖွဲ့များအား နှစ်အတန်ကြာခုခံတိုက်ခိုက်ခဲ့ဖူးသည်။ မာဒီတပ်ဖွဲ့အနေဖြင့် အီရတ်နိုင်ငံတစ်ဝန်း စစ်ရေးပြကြရန် မော့တာဒါက တိုက်တွန်းသည်။

ဆွန်နီအစွန်းရောက် လက်နက်ကိုင်များသည် အီရတ်နိုင်ငံတစ်ဝန်းရှိ မြို့များကို သိမ်းပိုက်ထိန်းချုပ်ထားပြီဖြစ်သည်။ အယ်လ်အက်စ်အိုင်အက်စ်အမည်ရှိ စစ်သွေးကြွများနှင့် အီရတ်အစိုးရအားလိုလားသည့် တပ်ဖွဲ့များသည် နိုင်ငံမြောက်ပိုင်း ဘေဂျီမြို့ရှိရေနံချက်စက်ရုံနှင့် တယ်လ်အာဖာလေဆိပ်တို့ကို ထိန်းချုပ်နိုင်ရေးအတွက် တိုက်ခိုက်လျက်ရှိကြသည်။ အီရတ်နိုင်ငံမှ ရှီးယိုက်မွတ်စလင်တို့၏ဘာသာရေးခေါင်းဆောင် အယာတိုလာအလီအယ်လ်ဆစ်တာနီက အယ်လ်အက်စ်အိုင်အက်စ်တပ်ဖွဲ့ဝင်များအား ချေမှုန်းနိုင်ရေးအတွက် စေတနာ့ဝန်ထမ်းတိုက်ခိုက်ရေးသမားများကို စုစည်းရန် ရှီးယိုက်ပြည်သူ့စစ်များအားတိုက်တွန်းလိုက်သည်။ **ဘီဘီစီ။**

ယူကရိန်းအစိုးရတပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံး ရုရှားလိုလားသူများ တင့်ကားသုံး၍တိုက်

ယာနာကီယီဗီး(ယူကရိန်း) ဇွန် ၂၁

ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ အစိုးရတပ်ဖွဲ့များနှင့် ရုရှားလိုလားသော ခွဲထွက်ရေးသမားများ နှစ်ရက်ကြာတိုက်ပွဲဖြစ်ပွားခဲ့ရာ ယမန်နေ့ ညတိုက်ပွဲတွင် အစိုးရတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးကြောင်း ယူကရိန်းအစိုးရတာဝန်ရှိသူများက ပြောသည်။

ယူကရိန်းသမ္မတက မကြာမီအချိန်အတွင်း တစ်ဖက်သတ်အပစ်အခတ်ရပ်စဲမည်ဟု ကြေညာပြီးသည့်နောက် တိုက်ပွဲများဖြစ်ပွားခြင်းဖြစ်သည်။ ယင်းဒေသ၌ ခွဲထွက်ရေးသမားများက တင့်ကားများအသုံးပြု၍ တိုက်ပွဲဝင်နေကြသည်။ တင့်ကားများအသုံးပြုခြင်းကို ယူကရိန်းအစိုးရက မခံမရပ်နိုင်ဖြစ်ပြီး ၎င်းတင့်ကားများအား ရုရှားအစိုးရက နယ်စပ်ကိုဖြတ်ကျော်စေလွှတ်လိုက်ခြင်း ဖြစ်သည်ဟု စွပ်စွဲထားသည်။

ဒွန်းတက်ဒေသ၌ ယန်ပီးကျေးရွာအပြင်ဘက်တွင် ခွဲထွက်ရေးသမားများနှင့် တိုက်ခိုက်ခဲ့ရာ အစိုးရတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးကြောင်း နိုင်ငံအရှေ့ပိုင်းရှိ ယူကရိန်းတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဗလာဒီဆလပ်ဆီလက်နက်ဗ်က ပြောကြားသည်။ ခွဲထွက်ရေးသမား ၃၀၀ သေဆုံးခဲ့သည်ဟု ပြောသော်လည်း ချက်ချင်းအတည်မပြုနိုင်သေးပေ။

ဒွန်းတက်ဒေသ ဟော်လစ်ကာမြို့သို့ ဦးတည်လျက် ဟာနာကီယီဗီးမြို့အနီးတွင် တင့်ကားနှစ်စီး၊ စစ်သည်သည်တင် သံချပ်ကာကားသုံးစီးပါဝင်သော ရုရှားလိုလားသူခွဲထွက်ရေးသမားများ၏ စစ်ကြောင်းကို တွေ့မြင်ခဲ့ရကြောင်း အေပီသတင်းဌာနက ပြောကြားသည်။

တင့်ကားများပေါ်တွင် ရုရှားလိုလားသူများ၏ အလံငယ်များလွှင့်ထူထားပြီး အခြားအမှတ်အသားများ မတွေ့ရဟုပြောသည်။ လျှို့ဝှက်စစ်ဆင်ရေးတစ်ခုဖြစ်သည်ဟုသာ ပြောဆိုသည်မှလွဲ၍ ၎င်းတို့၏ လုပ်ဆောင်မှုများကို ပြောဆိုရန်ခွဲထွက်ရေးသမားများက ငြင်းဆိုသည်။ အေပီ။

ကမ္ဘာတစ်ဝန်း စစ်ပြေးဒုက္ခသည်ဦးရေ ဒုတိယကမ္ဘာစစ်နောက်ပိုင်း စံချိန်တင်မြင့်တက်

ဂျီနီဗာ ဇွန် ၂၀

ကမ္ဘာတစ်ဝန်းတွင် စစ်ပြေးဒုက္ခသည်ဦးရေမှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံးအကြိမ် သန်း ၅၀ အထိ ရောက်ရှိလာခဲ့ကြောင်း၊ ဆီးရီးယားနိုင်ငံသည် စစ်မက်ဖြစ်ပွားခြင်း၏ ဘေးဒဏ်ကို အဆိုးရွားဆုံးတွေ့ကြုံခံစားရသည့် နိုင်ငံဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (ယူအင်န်အိပ်ချ်စီအာရ်)က ဇွန် ၂၀ ရက်တွင် ပြောကြားသည်။

၂၀၁၃ခုနှစ် နှစ်ကုန်အခြေပြစာရင်းအရ ကမ္ဘာတစ်ဝန်းတွင် စစ်ပြေးဒုက္ခသည် ၅၁ ဒသမ ၂ သန်းရှိကြောင်း၊ ယင်းမှာ ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ဦးရေခြောက်သန်း တိုးပွားလာခြင်းဖြစ်ကြောင်း ကမ္ဘာ့ဒုက္ခသည်များနေ့ အထိမ်းအမှတ်အဖြစ် ယူအင်န်အိပ်ချ်စီအာရ်က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

စစ်ပြေးဒုက္ခသည်ဦးရေတိုးရခြင်းမှာ ဆီးရီးယားနိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်ပွားနေခြင်းကြောင့်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် မတ်လတွင်စစ်စတင်ဖြစ်ပွားခဲ့ပြီးနောက် ဆီးရီးယားနိုင်ငံမှ ပြည်ပသို့ထွက်ပြေးခိုလှုံသူ ၂ ဒသမ ၅ သန်းရှိပြီး ပြည်သူ ၆ ဒသမ ၅ သန်းမှာ ယင်းနိုင်ငံအတွင်း အိုးအိမ်မဲ့များအဖြစ် နေထိုင်ကြရကြောင်း ယူအင်န်အိပ်ချ်စီအာရ် အကြီးအကဲ အန်တိုနီယိုဂူတာရက်စ်က ပြောကြားသည်။ **ပီတီအိုင်။**

ဆီးရီးယားနိုင်ငံမှ အီရတ်မြောက်ပိုင်းနယ်စပ်ဒေသသို့ ထွက်ပြေးခိုလှုံလာကြသော စစ်ပြေးဒုက္ခသည်များကို တွေ့ရစဉ်။

တရုတ်နိုင်ငံအနောက်ပိုင်း ဆင်ကျန်းပြည်နယ်၌ ရဲစခန်းတစ်ခုအား တိုက်ခိုက်သူ ၁၃ ဦးသေဆုံး

ပေကျင်း ဇွန် ၂၁

တရုတ်နိုင်ငံအနောက်ပိုင်းရှိ မတည်မငြိမ်ဖြစ်နေသော ဆင်ကျန်းပြည်နယ်၌ ရဲစခန်းတစ်ခုအား ဝင်ရောက်စီးနင်းသူများကို ရဲတပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ခိုက်ရာမှ အကြမ်းဖက်သူ ၁၃ ဦးသေဆုံးသွားကြောင်း ယင်းပြည်နယ်မှ တာဝန်ရှိသူတစ်ဦးက ဇွန် ၂၁ ရက်တွင် ပြောကြားသည်။တိုက်ခိုက်သူများသည် ယီချန်းစီရင်စုရှိ ရဲစခန်းအတွင်းသို့ ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ကားဖြင့်မောင်းဝင်လာပြီး ဖောက်ခွဲရေးပစ္စည်းများဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဆင်ကျန်းပြည်နယ်အစိုးရ၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယင်းဖြစ်ရပ်တွင်တရုတ်ရဲတပ်ဖွဲ့ဝင်သုံးဦးမှာဒဏ်ရာ အနည်းငယ်စီရရှိခဲ့ပြီး အရပ်သားများ ထိခိုက်ဒဏ်ရာရသူမရှိကြောင်း ဆက်လက်ဖော်ပြသည်။

ဆင်ကျန်းပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်သည့်ဖြစ်ရပ်များတိုးမြင့်လာခြင်းအတွက် အူဂါမွတ်စလင်မျိုးနွယ်စုများအပေါ် တရုတ်အစိုးရ အာဏာပိုင်များက ပြစ်တင်ဝေဖန်ခဲ့သည်။ ရဲစခန်းအားဝင်စီးသည့် စစ်သွေးကြွများကို ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်တိုက်ခိုက်ရာ ၁၃ဦး သေဆုံးခဲ့ပြီး အသေးစိတ်အချက်အလက်များကို ဖော်ပြခြင်း မရှိခဲ့ပေ၊

ဆင်ကျန်းပြည်နယ်တွင် မကြာသေးမီလများအတွင်း ကပင် ပြည်နယ်အာဏာပိုင်များက လုံခြုံရေးကိုတင်းကျပ်ထားခဲ့ကြသည်။ ဇွန် ၁၆ ရက်က ဆင်ကျန်းပြည်နယ်အစိုးရက လူ ၁၃ ဦးအား အကြမ်းဖက်တိုက်ခိုက်မှုများ ကျူးလွန်ခဲ့သည်ဟူသော စွဲချက်ဖြင့် ကွပ်မျက်ခဲ့သည်။

ဘီဘီစီ။

တရုတ်နိုင်ငံ ဆင်ကျန်းပြည်နယ်၌ လုံခြုံရေးစောင့်ကြပ်နေသော ရဲတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

စစ်မက်အင်္ဂါ အလျှဉ်မပြတ်

အီရတ်၏ရုပ်ပုံလွှာ

ကိုရင်ညြ

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၏ ဆင်ခြေဖုံးအရပ်ဒေသများ၌ ဆွန်နီစစ်သွေးကြွများနှင့်အစိုးရတပ်ဖွဲ့များအကြား ပဝါမကူ ရေမရှူစတမ်းအပြင်းအထန်တိုက်ခိုက်နေကြချိန်တွင် တောမီးလောင်တောကြောင်လက်ခမောင်းခတ် ဟူဘိသို့ ကာ့ဒ်တပ်ဖွဲ့များက နိုင်ငံမြောက်ပိုင်းရှိ ကယ်ကွတ်မြို့ကို သိမ်းယူခဲ့ကြသည်။

ကယ်ကွတ်မြို့ကို ကာ့ဒ်တို့က သိမ်းယူခြင်းဖြင့် သမိုင်းကြောင်းအရ အလှည့်အပြောင်းတစ်ရပ်ပေါ်ပေါက်လာနိုင်သည်။ ယင်းမှာ အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာဒစ္စတန်ဒေသကို လွတ်လပ်သောနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ထူထောင်လာနိုင်ခြင်းဖြစ်သည်။ ရေနံပေါကြွယ်သော ကာဒစ္စတန်ဒေသ၌ လွတ်လပ်သော နိုင်ငံတော်ထူထောင်ရေးမှာ ကာ့ဒ်ခေါင်းဆောင်များ၏ အန္တိမရည်မှန်းချက်ဖြစ်သည်။

ဆွန်နီစစ်သွေးကြွများသည် ကယ်ကွတ်မြို့အနီးရှိ ရေနံမြေများကို သိမ်းပိုက်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ကာ့ဒ်လုံခြုံရေးတပ်ဖွဲ့များက ညီညာဖြဖြတိုက်ပွဲဝင်ခဲ့ကြသည်။

ထိုစဉ်အတွင်း အီရတ်နိုင်ငံအလယ်ပိုင်းတွင်မူ ဆွန်နီစစ်သွေးကြွများက တီကရစ်မြို့ကို ထိန်းချုပ်နိုင်ခဲ့သည်။ ယင်းမြို့သည် အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ ဇာတိမြို့ဖြစ်သည်။

အီရတ်နိုင်ငံ၌ ဆွန်နီစစ်သွေးကြွတို့၏ သူပုန်ထမှုပိုမိုအားကောင်းစေရန် ကူပံ့ပေးသော အင်အားစုတစ်ရပ်မှာ ကြိုးပေးကွပ်မျက်ခံခဲ့ရသော သမ္မတဆက်ဒမ်ဟူစိန်အား သစ္စာခံသည့် စစ်အရာရှိဟောင်းများက အိုင်အက်စ်အိုင်အက်စ်အဖွဲ့နှင့် မထင်မရှားမဟာမိတ် ဖွဲ့စည်းမှုဖြစ်သည်။

အီရတ်နိုင်ငံ၌ ဂိုဏ်းဂဏတိုက်ခိုက်မှုများ ပေါ်ပေါက်နေချိန်တွင် ဘုံရန်သူကို တွန်းလှန်နိုင်ရန် ရည်ရွယ်၍ ဆွန်နီစစ်သွေးကြွများအား ဆက်ဒမ်ဟူစိန်၏ ဘာ့သ်ပါတီခေါင်းဆောင်ဟောင်းများက အကူအညီပေးမည့် အလားအလာဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဘာ့သ်ပါတီဝင်များသည် ဘာသာရေးအစွန်းရောက်များ မဟုတ်ကြလင့်ကစားနိုင်ငံရေး၌ ဆွန်နီတို့ဩဇာအာဏာပြန်လည်ရရှိရေးကို လိုလားကြသည်။ ၎င်းတို့သည် အာဃာတစိတ်ဖြင့် ဝန်ကြီးချုပ် မာလီကီ၏ အစိုးရအဖွဲ့ကို စိန်ခေါ်စပြုလာသည်။

တစ်ချိန်တည်းမှာပင် အီရတ်နိုင်ငံ၌ အစိုးရအဖွဲ့သစ် ထူထောင်ရန် ရှီးယိုက် ဘာသာရေးခေါင်းဆောင် အယာတိုလာအလီအယ်လ် စစ္စတာနီက ဇွန် ၂၀ ရက်တွင် တောင်းဆိုလိုက်ရာ ရှီးယိုက်လွှမ်းမိုးသော အီရတ်အစိုးရအဖွဲ့၏ ခေါင်းဆောင်ဝန်ကြီးချုပ် မာလီကီမှာ နိုင်ငံရေးအကျပ် အတည်းအတွင်း နွံနစ်ရတော့သည်။ မာလီကီရာထူးမှ နုတ်ထွက်ပေးရန်လည်း စစ္စတာနီက တိုက်တွန်းခဲ့သည်။

ဝန်ကြီးချုပ်မာလီကီ၏ ပြိုင်ဘက်များသည် လက်ရှိအခြေအနေအပေါ် အခွင့်ကောင်းယူ၍ ၎င်းအားဖြုတ်ချနိုင်ရန် စတင်လှုပ်ရှားလာကြသည်။ အနောက်နိုင်ငံများနှင့်ဒေသဆိုင်ရာနိုင်ငံများက မာလီကီနုတ်ထွက်ပေးရေးအတွက် ဖိအားပေးလာကြစေရန် ကြိုးပမ်းလာကြခြင်းဖြစ်သည်။

ချောင်ပိတ်ခံနေရသော မာလီကီသည် ဆွန်နီသူပုန်တပ်ဖွဲ့အား လေကြောင်းမှ တိုက်ခိုက်ပေးရန် အမေရိကန်အစိုးရအဖွဲ့ကို ပန်ကြားမေတ္တာရပ်ခံခဲ့သည်။

အီရတ်နိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်ပွားခြင်းမှ တားဆီးနိုင်စေရန်လည်းကောင်း၊ အကြမ်းဖက်သမားများ၏ ဘေးမဲ့နယ်မြေတစ်ရပ်ပေါ်ပေါက်လာခြင်းမရှိစေရန်လည်းကောင်း အကန့်အသတ်ဖြင့်စစ်ရေးလှုပ်ရှားမှု ပြုလုပ်ရန် အိုဘားမားက ရည်မှန်းသည်။

ပါရှန်ပင်လယ်ကွေ့၌ အမေရိကန်လေယာဉ်တင်သင်္ဘောကြီးတစ်စင်းနှင့် စစ်သင်္ဘောငါးစင်းအင်အားပြနေကြပြီး အမေရိကန်မောင်းသူမဲ့လေယာဉ်များက အီရတ်နိုင်ငံ၏ ဝေဟင်အတွင်း ထောက်လှမ်းရေးသတင်းအချက် အလက်များကို ရယူလျက်ရှိသည်။

အကယ်၍အီရတ်နိုင်ငံရှိ စစ်သွေးကြွ ပစ်မှတ်များအားလေကြောင်းမှ တိုက်ခိုက်ရန် ခွင့်ပြုချက်ရရှိ မည်ဆိုပါက အမေရိကန်၏လေကြောင်းထိုးစစ်ကို အထောက်အကူပေးနိုင်ရန် အထူးတပ်ဖွဲ့ဝင်များကို မကြာမီစေ လွှတ်ဖွယ်ရှိသည်။

သို့ရာတွင် မြေပြင်တိုက်ခိုက်ရေးတပ်ဖွဲ့များ စေလွှတ်ရေးအယူအဆကို အိုဘားမားက ပယ်ချခဲ့ပြီး ဆွန်နီစစ်သွေးကြွများကို လေကြောင်းမှ ပစ်ကူပေးရန် အလားအလာရှိနေသည်။

မြို့တော်ဘဂ္ဂဒက်မကျရေးအတွက် ထောက်လှမ်းရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်နိုင်ရန် အီရတ်စစ်ဘက်နှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ အိုဘားမားက ထုတ် ပြန်ကြေညာခဲ့သည်။

အီရတ်နိုင်ငံသို့ အမေရိကန် ကြည်းတပ်ဖွဲ့များကို ထပ်မံစေလွှတ်ပေးမည်မဟုတ်သော်လည်း စစ်ဘက်အ ကြံပေး ၃၀၀ အထိပါဝင်သော အဖွဲ့ငယ်တစ်ဖွဲ့ကို စေလွှတ်မည်ဟု အိုဘားမားကပြောကြားခဲ့သည်။

အမေရိကန် စစ်ရေး အကြံပေးများသည် အီရတ်တပ်ဖွဲ့များအား လေ့ကျင့်ပေးခြင်း၊ အီရတ်နှင့်ဆီးရီးယားအစ္စလမ္မာစ်နိုင်ငံတော်(အိုင်အက်စ်အိုင်အက်စ်)အဖွဲ့နှင့် ပတ်သက်နေသော ထောက်လှမ်းရေးသတင်းများ ရယူစုဆောင်းခြင်းတို့တွင် အကူအညီပေးမည်ဟုဆိုသည်။

အမေရိကန်အစိုးရသည် အီရတ်လုံခြုံရေးပြဿနာနှင့် ပတ်သက်၍ ဒေသဆိုင်ရာနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်းစဉ်းစားသုံးသပ်လျက်ရှိသည်။

သို့ရာတွင် အီရတ်နိုင်ငံ၌ စစ်သွေးကြွတို့၏အကြမ်းဖက်တိုက်ခိုက်မှုများ အဆုံးသတ်စေရန် အမေရိကန်က အီရန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မိမိနိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ထိခိုက်စေနိုင်သည်ဟု တက္ကဆက်ပြည်နယ်မှ အထက်လွှတ်တော်အမတ် တက်ဒ်ခရုဇ်က ဝေဖန်ပြောကြားခဲ့သည်။

အီရန်နိုင်ငံနှင့်အတူ လုံခြုံရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးဆွေးနွေးပွဲများ ပြုလုပ်ရေး အယူအဆနှင့် ပတ်သက်၍ အမေရိကန် ကွန်ဂရက်လွှတ်တော်အတွင်း သဘောထားအမြင် ကွဲပြားခြားနားလျက်ရှိသည်။ အီရတ်နိုင်ငံ၌ အမျိုးသား ပြည်လည် သင့်မြတ်ရေးဖြစ်ပေါ်လာစေရေးအတွက် အီရန်နိုင်ငံကဝန်ကြီးချုပ် မာလီကီအား တိုက်တွန်းဖျောင်းဖျပေးရန် အမေရိကန်က လိုလားသည်။

အီရန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည် အမေရိကန်အတွက် ကောင်းကျိုးနှင့်ဆိုးကျိုးဒွန်တွဲနေသော မဟာဗျူဟာတစ်ရပ်ဖြစ်လာနိုင်သည်။ အီရန်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အမေရိကန်နှင့် ယင်းနိုင်ငံ၏ ပင်လယ်ကွေ့မဟာမိတ်နိုင်ငံများအကြား စိတ်ဝမ်းကွဲမှုဖြစ်ပေါ်နိုင်သည်ဟု ယူဆရသည်။

အီရန်နှင့် အမေရိကန်ပူးပေါင်းဆောင်ရွက်ရေး အယူအဆကို လက်ခံခြင်းမရှိသည့်နိုင်ငံမှာ ဆော်ဒီအာရေဗျဖြစ်သည်။ ဆော်ဒီနှင့်အီရန်နိုင်ငံတို့သည် ဒေသဆိုင်ရာပြိုင်ဘက်နိုင်ငံများဖြစ်ကြသည်။

အီရတ်နိုင်ငံရှိ ဆွန်နီစစ်သွေးကြွများအား ဆော်ဒီအာရေဗျနိုင်ငံက အားပေးထောက်ခံနေသည်ဆိုသော စွပ်စွဲချက်ကို ဆော်ဒီအစိုးရက ပယ်ချခဲ့သည်။

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ဘေဂျီမြို့နှင့် တယ်လ်အဖာမြို့တို့၌ ဇွန် ၂၀ ရက်က တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ဆွန်နီစစ်သွေးကြွများနှင့် အစိုးရလိုလားသောတပ်ဖွဲ့များက ဘေဂျီမြို့ရှိ ရေနံချက်စက်ရုံနှင့် တယ်လ်အဖာမြို့ရှိ လေဆိပ်တို့ကို ထိန်းချုပ်နိုင်ရေးအတွက် တိုက်ခိုက်ကြခြင်းဖြစ်သည်။

အီရတ်နိုင်ငံ၏ အကြီးဆုံးရေနံချက်စက်ရုံ တည်ရှိရာ ဘေဂျီမြို့ကို သူပုန်တပ်ဖွဲ့က ဝန်းပတ်ပိတ်ဆို့ထားသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်က အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော မိုဆူးလ်မြို့ကို စစ်သွေးကြွတို့ သိမ်းပိုက်ခဲ့သဖြင့် ယင်းမြို့မှ ပြည်သူငါးသိန်းခန့်မှာ စစ်ပြေးဒုက္ခသည်များဘဝသို့ကျရောက်ခဲ့ရသည်။

ဆွန်နီစစ်သွေးကြွများသည် မြို့တော်ဘဂ္ဂဒက်ကို သိမ်းပိုက်ရန် လိုလားသော်လည်း ဗဟိုအစိုးရအဖွဲ့ဘက်မှ အီရန်နှင့် အမေရိကန်တို့က အခိုင်အမာရပ်တည်ပေးခြင်းဖြင့် မြို့တော် ကျဆုံးမည့် အလားအလာကို မတွေ့မြင်ရပေ။

စစ်မက်အင်္ဂါထူပြောသော အီရတ်နိုင်ငံ၌ ဆွန်နီလွှမ်းမိုးသော အလယ်ပိုင်းဒေသသည် ပြည်တွင်းစစ်၏ စစ်တလင်းဖြစ်လာနိုင်ဖွယ်ရှိပြီး အစိုးရ၏ တန်ပြန်ထိုးစစ် ပြင်းထန်လာပါက စစ်သွေးကြွများက ပြောက်ကျားနည်းဗျူဟာများ ကျင့်သုံးလာပေလိမ့်မည်။ ။

အီရတ်ပြဿနာ ကုလအတွင်းရေးမှူးချုပ် သတိပေး

အီရတ်နိုင်ငံတွင် မတူညီသည့် ဂိုဏ်းဂဏများအားလုံးပိုမိုပါဝင်နိုင်သည့် အစိုးရတစ်ရပ်ဖြစ်လာစေရန် မကြိုးစားဘဲ ပုန်ကန်ထကြွနေသည့် အစ္စလာမ္မစ်သူပုန်များအရေးကို စစ်ရေးနည်းဖြင့်သာ ဖြေရှင်းမည်ဆိုပါက အခြေအနေပိုမိုဆိုးသွားနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက သတိပေးပြောကြားလိုက်သည်။

အီရတ်နိုင်ငံနှင့် ကပ်လျက်တည်ရှိနေသည့် ဆီးရီးယားနိုင်ငံသို့ လက်နက်များဝင်လာနေသမျှ အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ ပိုမိုပျံ့နှံ့လာလိမ့်မည်ဖြစ်ကြောင်း မစ္စတာ ဘန်ကီမွန်းက ပြောကြားသည်။ ထို့အပြင် ဆီးရီးယားနိုင်ငံအပေါ် လက်နက်တင်ပို့မှု ပိတ်ပင်အရေးယူမှုပြုလုပ်ရန်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။ ဆီးရီးယားပြဿနာသည် တဖြည်းဖြည်း ယိုယွင်းကျဆင်းလာနေသည့် နိုင်ငံဖြစ်လာနေကြောင်း ဘန်ကီမွန်းက ပြောကြားခဲ့သကဲ့သို့ ယင်းကဲ့သို့ စစ်ဖြစ်နေသည့်နိုင်ငံတွင်း မည်သည့်ဘက်ကဖြစ်စေ အင်အားကြီးနိုင်ငံများက စစ်ရေးအကူအညီပေးခြင်းမျိုးသည် တာဝန်မဲ့လုပ်ရပ်သာဖြစ်သည်ဟု ဝေဖန်ပြောဆိုသွားခဲ့သည်။ **ဘီဘီစီ။**

အစ္စလာမ္မစ်များအပေါ် ချမှတ်သည့် သေဒဏ် အီဂျစ်တရားရုံး အတည်ပြု

အီဂျစ်နိုင်ငံတွင် စစ်အာဏာသိမ်းဖြုတ်ချခံခဲ့ရသည့် သမ္မတဟောင်း မိုဟာမက်ဒ် မော်စီ၏ မွတ်စလင်ညီအစ်ကိုတော်များအဖွဲ့ ပါတီခေါင်းဆောင် မိုဟာမက်ဒ် ဘာဒီ အပါအဝင် အစ္စလာမ်ဝါဒီ ၁၈၃ ဦးအပေါ် သေဒဏ်ချမှတ်ထားသည်ကို အီဂျစ်တရားရုံးတစ်ခုက အတည်ပြုလိုက်သည်။

လွန်ခဲ့သည့်နှစ်က မင်ရာခရိုင်တွင် ရဲအရာရှိများကို သတ်ဖြတ်မှု၊ သတ်ရန်ကြိုးစားခဲ့မှုဆိုင်ရာ စွဲချက်များနှင့် ပတ်သက်၍ လူ ၆၈၃ ဦးကို တရားရုံးက သေဒဏ်ချမှတ်ထားသည်။ မတ်လမှာ အလျင်စလိုတရားစီရင်ပြီး သေဒဏ်ချမှတ်ခဲ့သည့်အပေါ် နိုင်ငံတကာက ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ တရားရုံး၏ ကနဦးဆုံးဖြတ်ချက်ကို mufti ဟုခေါ်သည့် နိုင်ငံ၏ အမြင့်ဆုံးဘာသာရေးအာဏာပိုင်အဖွဲ့ထံ တင်ပြခဲ့ပြီးနောက် တရားရုံး၏ အတည်ပြုချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ၁၈၃ ဦးကို သေဒဏ်ချမှတ်ခဲ့သည့်အပြင် လေးဦးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းနှင့် ၄၉၆ ဦး အပြစ်မရှိဟုဆုံးဖြတ်ခဲ့ကြောင်း ရှေ့နေများက ဇွန် ၂၁ ရက်တွင် ပြောကြားသည်။ **ပွင့်အိုအေ။**

မျက်စိလှူမှု မျက်ကြည်ရ မြတ်သည့်အလှူဒါန

ဒေါက်တာကံညွန့်

စိန်၊ ရွှေ၊ ရတနာပစ္စည်းဥစ္စာအမျိုးမျိုး လှူဒါန်းရသောအလှူကို "အပအလှူ"ဟုခေါ်၍ ကိုယ်ခန္ဓာအစိတ်အပိုင်း၊ သွေးတစ်ခုခုလှူဒါန်းရသောအလှူကို "အဇ္ဈတ္တိက"အတွင်းအလှူဟု ခေါ်လေသည်။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူ မဟုတ်၍ အလှူဒါနမလုပ်နိုင်ကြသူများအတွက် ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခုလှူရသောအလှူသည် မြတ်သောအလှူတစ်ခုဖြစ်ပါသည်။ ယခုအခါ ဆေးပညာတိုးတက်လာသည်နှင့်အမျှ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခု အစားထိုး ကုသခြင်းသည်လည်း တိုးတက်လာခဲ့ပါပြီ။ နှလုံး၊ ကျောက်ကပ်၊ အသည်း၊ မျက်ကြည်လွှာစသည့် အစားထိုးကုသခြင်း အမျိုးမျိုးတို့ကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြပြီဖြစ်ပါသည်။

ယခုဖော်ပြမည့် မျက်ကြည်လွှာအစားထိုးကုသခြင်းကိုလည်း ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးတွင် ခေတ်နှင့်အညီ အောင်မြင်စွာ ကုသပေးနေပြီဖြစ်ပါသည်။ ယခင်က မျက်ကြည်လွှာတစ်ခုကို လူနာတစ်ဦးစီသာ Penetrating Keratoplasty မျက်ကြည်လွှာတစ်ခုလုံး အစားထိုးခြင်းနှင့် Lamella Keratoplasty မျက်ကြည်လွှာအပေါ်ပိုင်းအလွှာ အစားထိုးကုသခြင်းနှစ်မျိုးဖြင့်သာ ကုသပေးနိုင်ခဲ့ပါသည်။ ယခုအခါ ခေတ်မီကုသနည်းများ ပေါ်ထွန်းလာပြီ ဖြစ်သဖြင့် မျက်ကြည်လွှာတစ်ခုကို လူနာသုံးဦးထိ ကုသပေးနိုင်ပြီဖြစ်ပါသည်။

အသစ်ပေါ်လာသည့် ယင်းကုသနည်းများမှာ မျက်ကြည်လွှာအလယ်လွှာ(Stroma)အစားထိုးကုသခြင်း (DALK) Deep Anterior Lamella Keratoplasty နှင့် မျက်ကြည်လွှာအတွင်းဆုံးလွှာ (Endothetial)အစားထိုးကုသခြင်း (DSEK) Deseemet's Stripping Endothelial Keratoplasty တို့ဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်ပေးနိုင်သဖြင့် ယခင်က မျက်ကြည်လွှာတစ်ခုကို လူနာတစ်ဦးသာ အသုံးပြုနိုင်သော်လည်း ယခုအခါ မျက်ကြည်လွှာတစ်ခုကို လူနာနှစ်ဦး သို့မဟုတ် သုံးဦးခန့် အစားထိုးကုသပေးနိုင်ပြီဖြစ်ပါသည်။ ထို့ကြောင့် ယခုအခါ မျက်ကြည်လွှာလှူဒါန်းသူတို့အတွက် ပိုမိုကုသိုလ်ရရှိနိုင်မည်ဖြစ်ပေသည်။

သို့သော် မျက်ကြည်လွှာအစားထိုးကုသခြင်းအတွက် မျက်စိလှူဒါန်းသူနည်းပါးပြီး မျက်ကြည်လွှာမရရှိဖြစ်နေခြင်းက ပြဿနာတစ်ခုဖြစ်နေပါသည်။ ယခုအခါ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးတွင် မျက်ကြည်လွှာအစားထိုးကုသမှုခံယူရန် စာရင်းပေးသွင်းထားသူပေါင်းမှာ ၃၀၀၀ ကျော်ရှိနေပါသည်။ သို့သော် မျက်ကြည်လွှာရရှိမှု နည်းပါးသဖြင့် တစ်နှစ်တွင် လူနာ ၁၀၀ ဝန်းကျင်ခန့်ကိုသာ မျက်ကြည်လွှာအစားထိုးကုသပေးနိုင်ခဲ့ပါသည်။ အသေးစိတ်ဖော်ပြရသော် ၂၀၁၂ ခုနှစ်က လူနာ ၁၁၆ ဦး၊ ၂၀၁၃ ခုနှစ်က လူနာ ၁၁၁ ဦးသာ ကုသပေးနိုင်ခဲ့ပါသည်။

ရန်ကုန်မျက်စိဆေးရုံကြီး မျက်စိဘဏ်ဌာန၏ စာရင်းဇယားများအရ ၂၀၁၂ ခုနှစ်တွင် မျက်စိလှူဒါန်းသူ ၉၈ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၉၁ ဦးနှင့် ယခု ၂၀၁၄ ခုနှစ်တွင် ၄၈ ဦးသာ ရှိခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၌ မျက်ကြည်လွှာ ၉၈ ခုသာ ရရှိခဲ့သော်လည်း လူနာ ၁၁၆ ဦးကို ကုသပေးနိုင်ပြီး ၂၀၁၃ ခုနှစ်၌ မျက်ကြည်လွှာ ၉၁ ခုသာ ရရှိပြီး လူနာ ၁၁၁ ဦး ကုသပေးနိုင်ခဲ့သည်မှာ တချို့လူနာများအား ကုသမှုနည်းသစ်ဖြင့် မျက်ကြည်လွှာတစ်ခုကို နှစ်ဦး၊ သုံးဦး အစားထိုးကုသနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနသည် မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ၁၉၉၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဥပဒေအခန်း(၆) အပိုဒ်(၁၆)အရ မျက်စိထုတ်ယူခွင့်ရှိသူသည် အောက်ပါ **သေဆုံးသူတစ်ဦးဦး**၏ မျက်စိကို ထုတ်ယူခွင့်ရှိသည်။

(က) မျက်စိလှူဒါန်းသူ
(ခ) ခန္ဓာကိုယ်လှူဒါန်းသူ
(ဂ) ပိုင်ရှင်မရှိသူ
(ဃ) မျက်စိထုတ်ယူရန် ဆွေမျိုးသားချင်းတစ်ဦးဦးက ခွင့်ပြုသူ
(င) မျက်ကြည်လွှာထုတ်ယူခြင်းကို မှုခင်းဆရာဝန်ကြီးက ခွင့်ပြုသည့်ပြင် အနီးစပ်ဆုံးဆွေမျိုးကလည်း ကန့်ကွက်ခြင်းမရှိသော မှုခင်းဖြစ်ရပ်တွင် သေဆုံးသူဟု ပြဋ္ဌာန်းထားပါသည်။

ယခုအခါ ကုသိုလ်ဒါန အထူးပြုလုပ်နေကြသည့် လူမှုရေးအသင်းအဖွဲ့များ၏ ကောင်းမှုကြောင့် ရန်ကုန်မျက်စိဆေးရုံကြီးရှိ မျက်စိဘဏ်သို့ မျက်စိလာရောက်လှူဒါန်းရန် စာရင်းပေးသွင်းထားသူပေါင်း ၄၈၄၃ ဦးရှိနေပါသည်။ သို့သော် ယင်းသို့လာရောက်လှူဒါန်းသူများသည် လူငယ်လူရွယ်များဖြစ်နေသဖြင့် ယင်းလှူဒါန်းထားသူများထံမှ မျက်ကြည်လွှာရယူရန် ခဲယဉ်းနေပါသည်။ ယနေ့ထိ ယင်းလှူဒါန်းထားသူများမှ မျက်စိအလှူရရှိနိုင်သူ ၂၅ ဦးသာ ရှိပါသည်။ ပိုင်ရှင်မရှိသူ၊ မှုခင်းနှင့် သေဆုံးသူတို့ထံမှလည်း လက်တွေ့တွင် မရနိုင်ပါ။ ထို့ကြောင့် ခန္ဓာကိုယ်လှူဒါန်းထားသူ သို့မဟုတ် ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးတစ်ခုခုတွင် သေဆုံးသူတို့ထံမှသာ ရနိုင်ခြေရှိပါသည်။ နဂိုကပင် မျက်စိလှူဒါန်းရန် စာရင်းပေးထားသူမဟုတ်လင့်ကစား သေဆုံးချိန်တွင် ကျန်ရစ်သူမိသားစုဝင်တို့က သူ့အတွက် အကောင်းဆုံးအလှူဒါန တစ်ခုအနေဖြင့် လှူဒါန်းလိုပါက လှူဒါန်းနိုင်ပါသည်။ ယခုအခါ ထိုသူများထံကသာ အများအားဖြင့် ရရှိနေခြင်းဖြစ်ပါသည်။

ထို့ကြောင့် မည်သူမဆို မိမိ မိဘဆွေမျိုး သားသမီးတစ်ဦးဦး သေဆုံးသွားပါက-

(၁) အသက်အရွယ်မရွေး
(၂) သေဆုံးရခြင်းအကြောင်းမှာ ကူးစက်တတ်သည့်ရောဂါ အထူးသဖြင့်(ဥပမာ- အေအိုင်ဒီအက်စ်၊ အသည်းရောင်အသားဝါရောဂါ)မဟုတ်ပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် နေ့ရောညပါ တာဝန်ချထားသည့် မျက်စိဘဏ်မှ သူနာပြုဆရာမကြီးထံ အကြောင်းကြားပါက လာရောက်ထုတ်ယူနိုင်မည်ဖြစ်ပါသည်။

မျက်ကြည်လွှာကို သေဆုံးပြီး လေးနာရီအတွင်း မျက်စိထုတ်ယူရန် လိုအပ်သဖြင့် သေဆုံးပြီး တစ်နာရီ၊ နှစ်နာရီခန့်အတွင်း အကြောင်းကြားရန် လိုအပ်ပါသည်။ တချို့ သေဆုံးပြီး လှူဒါန်းလိုကြပါသော်လည်း သေဆုံးချိန်တွင် စိတ်သောကဗျာပါဒကြောင့်လည်းကောင်း၊ သေစာရင်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ သင်္ချိုင်းခွင့်ပြုချက်များအတွက် လိုက်လံဆောင်ရွက်နေရခြင်းများကြောင့်လည်းကောင်း ကြန့်ကြာမှုများရှိပြီး အလှူဒါနမပြုလိုက်ရသူများလည်း ရှိပါသည်။ ထို့ကြောင့် သေဆုံးပြီးပါက ယင်းကိစ္စများအတွက် ဆောင်ရွက်ရင်း မျက်စိလှူဒါန်းခြင်းအတွက် ဆွေမျိုးသားချင်းတစ်ဦးဦးအား တာဝန်ပေးစေခိုင်းပြီး ပြုလုပ်ကြစေလိုပါသည်။

ခန္ဓာကိုလှူဒါန်းထားသူ၊ မျက်စိလှူဒါန်းထားသူတို့၏ ဆွေမျိုးသားချင်းများကလည်း အကြောင်းတစ်ခုခုကြောင့် လှူဒါန်းထားသူ သေဆုံးသွားလျှင် ချက်ချင်း မျက်စိဘဏ်သို့ အကြောင်းကြားကာ သေဆုံးပြီး လေးနာရီအတွင်း မျက်စိထုတ်ယူနိုင်ရန် အကြောင်းကြားပေးသင့်ကြပါသည်။ ထိုသို့စီစဉ်ပေးပါမှ လှူဒါန်းထားသူများမှာ အလှူဒါနမြောက်နိုင်မည်ဖြစ်ပါသည်။

မျက်စိမမြင်ဖြစ်နေသူများအတွက် အသက်မရှင်သေသွားရသူများ၏ အကောင်းဆုံးအလှူကတော့ မျက်စိအလှူပင်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ခန္ဓာကိုလှူဒါန်းထားသူ၊ မျက်စိလှူဒါန်းထားသူတို့၏ ဆွေမျိုးသားချင်းများကလည်း အကြောင်းတစ်ခုခုကြောင့် လှူဒါန်းထားသူ သေဆုံးသွားလျှင် ချက်ချင်း မျက်စိဘဏ်သို့ အကြောင်းကြားကာ သေဆုံးပြီးလေးနာရီအတွင်း မျက်စိထုတ်ယူနိုင်ရန် အကြောင်းကြားပေးသင့်

ပင်စင်ယူစ ဆရာမသို့

ပင်စင်ယူစ၊ ဆရာမဗို့
စိတ်ကကျောင်းမှာသာတကား။
အသက်ခြောက်ဆယ်၊ ကိုယ်မငယ်လည်း
စိတ်ဝယ်နုပျို၊ လူငယ်လိုပင်
ကိုယ့်ကိုယ်ထင်မိ၊ စာသင်ချင်စိတ်မကုန်သေး။
ကိုယ့်ရဲ့လုပ်သက်၊ လေးဆယ်ထက်ကျော်
ကျောင်းမှာပျော်ခဲ့၊ လူတော်လူကောင်း
စာသင်ကျောင်းမှ၊ ပန်းပေါင်းဝေဆာ
ပွင့်စုံဖြာသို့၊ ကိုယ့်မှာကြည်နူး
ဥယျာဉ်မှူးနယ်၊ စိတ်ကူးမိတိုင်း ပီတိဖြစ်။
မိုးဦးကာလ၊ ကျောင်းဖွင့်စပေါ့
ဇွန်လနံနက်၊ အိမ်ကထွက်လို့
ကျောင်းတက်ရန်ပြင်၊ သတိဝင်၍
ဆင်ခြင်ကြည့်သော်၊ သက်ပြည့်လို့နား
အငြိမ်းစားမို့၊ ကျောင်းသွားဖို့ရန်မလိုတော့။
ဩော်. . . တွေးမိတိုင်းလွမ်း၊ စာသင်ခန်းတည့်
လဆန်းရက်ဇွန်၊ မျက်ရည်သွန်မိ
ကုန်လွန်ပါစေ၊ တောင်းဆုခြွေသည်
အနေခက်သည့် ဤကာလ
ပင်စင်ယူစ ဆရာမ။ ။

မောင်ကျေးရူး

မော်လမြိုင်မြို့ ဈေးကြိုအဝေးပြေးကားဝင်း ကွန်ကရစ်ကွင်းဖွင့်

နေပြည်တော် ဇွန် ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ရှိ ဈေးကြိုအဝေးပြေးကားဝင်း၌ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးနှင့် ယာဉ်များရပ်နား/ထွက်ခွာ အဆင်ပြေစေရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးသက်ဝင်း၏ ကြီးကြပ်မှုအရ မွန်ပြည်နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ရန်ပုံငွေမှ ငွေကျပ် ၆၇၉၇၅၀၀ ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ကွန်ကရစ်ကွင်းဖွင့်ပွဲအခမ်းအနားကို ဇွန်၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီး ဦးသက်ဝင်းနှင့် ဒေါက်တာတိုးတိုးအောင်၊ ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းထိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ပဲခူးယာဉ်ထိန်းတပ်ဖွဲ့ ပညာသင်ထောက်ပံ့

ပဲခူး ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ယာဉ်ထိန်းတပ်ဖွဲ့အမှတ်(၃) ဒု-တပ်ဖွဲ့ခွဲမှူးရုံး၌ ဇွန် ၁၇ ရက် နံနက် ၉ နာရီက ၂၀၁၄-၂၀၁၅ ပညာသင်ထောက်ပံ့ကြေးနှင့်စာရေးကိရိယာများပေးအပ်ပွဲကျင်းပရာ အမှတ်(၃)ဒု-တပ်ဖွဲ့ခွဲမှူး ရဲမှူးထိန်ဝင်းက ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တပ်ဖွဲ့ဝင်များ၏ သားသမီးကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်းသိရသည်။

(ပဲခူးသား)

ကျောက်တံခါးမြို့၌ ၂၂ ဘီးတွဲယာဉ်နှစ်စီး မီးလောင်မှုဖြစ်ပွား

ကျောက်တံခါး ဇွန် ၂၁

ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၁၉/၁)နှင့် (၁၁၉/၂)အကြားတွင် ဇွန် ၂၁ ရက် နံနက် ၂ နာရီခန့်တွင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) ယာဉ်အမှတ် ၂ခ/. . . . . ၂၂ ဘီးတွဲယာဉ်သည် သံချောင်းများတင်ဆောင်၍ မောင်းနှင်နေစဉ် ၎င်း၏ယာဉ်နောက်မှ (ယာဉ်မောင်း စုံစမ်းဆဲ)၂၂ ဘီးတွဲယာဉ်က စားအုန်းဆီများတင်ဆောင်၍ မောင်းနှင်လာပြီး နောက်မှဝင်တိုက်မိ၍ ယာဉ်နှစ်စီးလုံး ယင်းနေရာတွင် မီးလောင်ကျွမ်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ ကျောက်တံခါးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွန့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရင်းတိုက်ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ ရောက်ရှိကြပြီး မီးငြိမ်းသတ်နိုင်ရေးအတွက် ကျောက်တံခါး၊ ဖဒို၊ ပဲနွယ်ကုန်း၊ တောင်ကျွဲအင်းမြို့မှ မီးသတ်ယာဉ်များလာရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီခွဲတွင် မီးညွန့်ကျိုး၍ နံနက် ၄ နာရီခွဲတွင် မီးလုံးဝငြိမ်းခဲ့ပြီး ယာဉ်များ နံနက် ၆ နာရီတွင် ပုံမှန်ပြေးဆွဲသွားလာနိုင်ကြောင်း သိရသည်။

မျိုးဦး(ကျောက်တံခါး)

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ပညာရည်ချွန်ဆုပေးအပ်

နေပြည်တော် ဇွန် ၂၁

နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ဝန်ထမ်းမိသားစုများ၏ သားသမီးများမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၃၁ ဒသမ ၆၇ ရာခိုင်နှုန်း အောင်ချက်ရှိပြီး မိမိတို့ဝန်ထမ်းသားသမီးများ၏ တက္ကသိုလ်ဝင်တန်း အောင်မြင်မှုမှာ ၄၄ ဒသမ ၅၆ ရာခိုင်နှုန်းရှိကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးဖြစ်သည့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးရန်ပုံငွေများကိုလည်း တိုးမြှင့်ချထားပေးခဲ့ပါကြောင်း၊ မူလတန်းအဆင့်မှ အခြေခံပညာအထက်တန်းအဆင့်အထိ အောင်ချက်မြင့်မားရေးအတွက် သင်ကြားပေးသည့် ဆရာ ဆရာမများနှင့် သင်ယူကြသည့် ကျောင်းသား ကျောင်းသူများ နှစ်ဦးနှစ်ဖက် ဟန်ချက်ညီရန် လိုအပ်ကြောင်း။

ယခုကဲ့သို့ ဂုဏ်ပြုဆုများ ချီးမြှင့်ရခြင်းသည် မိမိတို့ဝန်ထမ်းမိသားစုများ၏ ကျောင်းသား ကျောင်းသူများ စည်းလုံးညီညွတ်မှု၊ စည်းကမ်းသေဝပ်မှုများအပြင် ရရှိနေသည့် ပညာရေးအချိန်ဖြင့် ထူးချွန်စွာပညာသင်ကြားနိုင်ရန် ဂုဏ်ပြုချီးမြှင့်ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသား လူငယ်များအနေဖြင့် ရရှိနေသည့် ပညာရေးအရှိန်ကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် အားထားရသည့် ပညာတတ်လူငယ်များဖြစ်လာစေရေးတို့အတွက် အဆင့်မြင့်ပညာရပ်များကို ကြိုးစားသင်ယူသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ

ဝန်ထမ်းမိသားစုများ၏ သားသမီးများမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ခြောက်ဘာသာဂုဏ်ထူးရှင် မောင်စိုင်းဟိန်းထက်အောင်၊ လေးဘာသာဂုဏ်ထူးရှင် မရွှေဥနှင့် သုံးဘာသာဂုဏ်ထူးရှင် မခင်ရတနာနွယ်တို့အားလည်းကောင်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းတို့က နိုင်ငံတော်သမ္မတရုံးဝန်ထမ်းမိသားစု ကျောင်းသား ကျောင်းသူများမှ ဂုဏ်ထူးရှင်များနှင့် တက္ကသိုလ်တန်းအောင်မြင်သူများအား လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဦးဇော်သန်းသင်းတို့က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ထမ်းမိသားစု ကျောင်းသား ကျောင်းသူများမှ ဂုဏ်ထူးရှင်များနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် ဦးမျိုးညွန့်တို့က နေပြည်တော်ကောင်စီရုံး ဝန်ထမ်းမိသားစု ကျောင်းသားကျောင်းသူများမှ ဂုဏ်ထူးရှင်များနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအားလည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် တာဝန်ရှိသူများက နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစု ကျောင်းသား ကျောင်းသူများမှ ဂုဏ်ထူးရှင်များနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအားလည်းကောင်း ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကျင်ခိုင်က နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့မှ ဖွင့်လှစ်ပေးခဲ့သော စေတနာညကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ သုံးဦးတို့အား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများချီးမြှင့်သည်။

ဆက်လက်၍ ဝန်ထမ်းသားသမီးများအနက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဘာသာရပ်အလိုက် ဂုဏ်ထူးများရရှိအောင် သင်ကြားပေးခဲ့သော အထက(၅) နေပြည်တော်၊ အထက(၁) ပျဉ်းမနားနှင့် အထက ကျည်တောင်ကန်တို့မှ ဆရာမကြီးများအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်စိုင်းဟိန်းထက်အောင်နှင့် မမြတ်နိုးဟန်တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆုရကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယနေ့ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတရုံးမှ ဖြေဆိုသူ ၁၅ ဦးအနက် ခြောက်ဘာသာ၊ လေးဘာသာနှင့် နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးစီ၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ နှစ်ဦးစုစုပေါင်းအောင်မြင်သူ ၁၀ဦးကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှ ဖြေဆိုသူ ၁၃ ဦးအနက် လေးဘာသာနှင့် တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးစီ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ လေးဦး စုစုပေါင်း အောင်မြင်သူ ခြောက်ဦးကိုလည်းကောင်း၊ နေပြည်တော်ကောင်စီမှ ဖြေဆိုသူ ၂၀ တွင် ငါးဘာသာ၊ သုံးဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦးစီ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ လေးဦးစုစုပေါင်း အောင်မြင်သူ ခုနစ်ဦးကို လည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဖြေဆိုသူ ၄၄ ဦးအနက် ခြောက်ဘာသာ၊ သုံးဘာသာ ဂုဏ်ထူးရှင် တစ်ဦးစီ၊ တစ်ဘာသာ ဂုဏ်ထူးရှင် လေးဦး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၁၂ဦး စုစုပေါင်း အောင်မြင်သူ ၁၈ဦးကိုလည်းကောင်း၊ နေပြည်တော် စေတနာညကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ သုံးဦးတို့အား လည်းကောင်း ပညာရည်ချွန်ဆုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရမည်းသင်းမြို့နယ်တွင် နွေစပါးများရိတ်သိမ်း

ရမည်းသင်း ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့မှ ရွှေမြင်တင်တောင်တော်သွားကားလမ်းဘေး ဝဲ/ယာတွင် နွေစပါးများရိတ်သိမ်းနေပြီး အချိန်အခါမီ အမိုးအကာအောက် ရောက်ရှိရေး စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့နေကြသည်ကို တွေ့ရသည်။**(အောက်ပုံ)**

ယင်းနွေစပါးများ ရိတ်သိမ်းခြွေလှေ့နေကြသော ဆည်ကြီးကွင်း၊ သင်ပန်းကုန်းကွင်း၊ မြို့မကွင်းတို့တွင် နွေစပါး စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေကို ကျိုးနီကန်မှရရှိပြီး ရွှေမနော၊ သီးထပ်ရင်၊ မနောသုခနှင့် ပုလဲသွယ် စပါးမျိုးများကို စိုက်ပျိုးကြသည်။ နွေစပါး ရိတ်သိမ်းချိန်ဖြစ်သောကြောင့် စပါးရိတ်လိုက်သူများ တစ်နေ့ကျပ် ၂၀၀၀ ဝင်ငွေရရှိကြသည့်နည်းတူ စပါးခြွေလှေ့စက်အငှားလိုက်ကြသူများလည်း တစ်တင်းလျှင် ခြွေလှေ့ခ ကျပ် ၂၀၀ ရရှိသဖြင့် ဝင်ငွေကောင်းနေကြသည်။

“ကျွန်တော်က ဆည်ကြီးကွင်း အမှတ်(၁၁၆၂)မှာ နွေစပါးစိုက်ပါတယ်၊ ပုလဲသွယ်စပါးမျိုး လေးဧကလောက်စိုက်တယ်၊ တစ်ဧက စပါးတင်း ၁၅၀ ဝန်းကျင် ထွက်တယ်၊ ကျန်တဲ့အကွက်တွေကတော့ အခြားစပါးမျိုးစိုက်ပါတယ်၊ ဒီနွေစပါးရိတ်သိမ်းအပြီးမှာ မိုးစပါးစိုက်ဖို့အတွက် စပါးပျိုးထောင်ပြီး ပြင်ဆင်ရမယ်၊ ပျိုးထောင်ရေလည်း အဆင်သင့်ပါ၊ အခုနှစ်နွေစပါးစိုက်တဲ့ တောင်သူတွေအဆင်ပြေကြတယ်”ဟု ယင်းဒေသနေ နွေစပါးစိုက်တောင်သူ ဦးစိုင်းဆမ်းခုံက ပြောသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

ပူတာအိုတွင် ဖော်ထုတ်လယ်ယာမြေအသစ် တောင်သူများထံ လွှဲပြောင်းပေး

ပူတာအို ဇွန် ၂၁

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ဝမ်းစာဖူလုံရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ဖော်ထုတ်လယ်ယာမြေအသစ်များအား တောင်သူများထံသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကိုယမန်နေ့နံနက်ပိုင်းက ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ပူတာအိုခရိုင်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးနိုင်မှုမှာ ၅၀၁၄၁ ဧကရှိပြီး အထွက်နှုန်းသည် ၁၇၅၃၈၆၉ တင်း ထွက်ရှိသည်ကို တွေ့ရကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်အစိုးရအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ်သန်း ၂၀၀၀ ကုန်ကျခံပြီး ပူတာအို/နောင်မွန်မြို့နယ်များတွင် လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးကဏ္ဍနှင့် လိုအပ်သည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ပူတာအိုဒေသခံပြည်သူများ၏ ဒေသဝမ်းစာဖူလုံရေးအတွက် ရန်ပုံငွေများကုန်ကျခံပြီး လယ်ယာမြေဖော်ထုတ်ပေးခြင်း၊ လယ်ယာမြေနှင့်ဆက်စပ်သည့်ထွန်စက်များ၊ စက်ယန္တရားများ ဝယ်ယူပေးခြင်း၊ ဆည်၊ တာတမံများပြုပြင်တည်ဆောက်ပေးပြီးဖြစ်သည့်အတွက် ဒေသခံပြည်သူများကလည်း နိုင်ငံတော်အစိုးရ၏ စေတနာကို တုံ့ပြန်သည့်အနေဖြင့် ယခုရရှိသည့် လယ်ယာမြေများကို အကျိုးရှိအောင် စိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယခု ပြုလုပ်သော အခမ်းအနား၌ နမ်ဂျာကွင်းတွင် ဖော်ထုတ်မြေ ၃၅၅ ဧက၊ လန်းတောင်ကွင်းတွင်ဖော်ထုတ် မြေဧက ၁၀၀၊ လေယာဉ်ကွင်းတွင်ဖော်ထုတ်မြေ ၂၈၂ ဧက စုစုပေါင်း ဖော်ထုတ်မြေ ၇၃၇ ဧကကို တောင်သူ ၃၀၂ ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

❒ ဆက်သွယ်မှုမှ

Ooredoo မြန်မာ၏ ထုတ်ဖော်ပြောကြားချက်အရ Android စနစ်သုံး စမတ်ဖုန်းလောကတွင် နာမည်ကြီးပြီး တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့်လည်း နာမည်ကျော်ကြားနေသည့် Samsung နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းကြောင့် မိုဘိုင်းဖုန်းသုံးစွဲသူ မြန်မာပြည်သူလူထုအနေဖြင့် မိုဘိုင်းအင်တာနက်ဝန်ဆောင်မှု အခွင့်အလမ်းသစ်များ ပွင့်လန်းရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Ooredoo မြန်မာမှ ဝန်ဆောင်မှုပေးမည့် ထုတ်ကုန်နှင့် အခြားသော အင်တာနက်ဆိုင်ရာဝန်ဆောင်မှုများတွင် ဈေးနှုန်းသက်သာသောအသံ(ဖုန်းလိုင်း)၊ SMS နှင့် Data Bundle အချက်အလက်များရရှိနိုင်သော အင်တာနက်နှင့်တွဲလျက် ရောင်းချသော အစီအစဉ်များ၊ အရည်အသွေးမြင့် ဆင်းကတ်များ၊ သုံးစွဲသူဝန်ဆောင်ရေးနှင့် သုံးစွဲသည့် မိုဘိုင်းစက်ပစ္စည်းများကိုသိရှိနိုင်သော စွမ်းရည်များပါဝင်မည်ဖြစ်ရာ ကမ္ဘာတစ်ဝန်းလုံးနှင့်ယှဉ်သော် သုံးစွဲသူ အနည်းဆုံးဖြစ်နေသေးသည့် ဈေးကွက်တစ်ခုတွင် မိုဘိုင်းနှင့် အင်တာနက်သုံးစွဲသူများ လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။

Ooredoo မြန်မာအနေဖြင့် မြန်မာနိုင်ငံ၏ မြို့ကြီးများကိုကျော်လွန်၍ ကျေးလက်ဒေသများအထိပါ လျင်မြန်စွာရောက်ရှိနိုင်သည့် ကျယ်ပြန့်သော ဆက်သွယ်ရေးကွန်ရက်ကို ဖြန့်ကြက်မည် ဖြစ်ကြောင်း၊ ဆန်းသစ်သည့် တီထွင်မှုများဖြင့် 3G ကွန်ရက်ကို ဆက်သွယ်ရေးလိုင်းအသစ်များဖြင့် ဖြန့်ကြက်ချထားပေးမည် ဖြစ်ကြောင်း၊ ယခင်က အသံတစ်မျိုးတည်းသာ အသုံးပြုနိုင်သော ဒေသများတွင် အချက်အလက်များပါ ယှက်နွယ်အသုံးပြုနိုင်ရန် စီမံဆောင်ရွက်နေကြောင်း သိရသည်။

(ရာမည)

❖ ကျောဖုံးမှ

မြန်မာနိုင်ငံတွင် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေး လုပ်ကိုင်ရာတွင် လိုအပ်သည့်အချက်အလက် ...

... ဗဟိုဌာန (ရန်ကုန်) ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

စင်ကာပူ၊ ဟောင်ကောင်နှင့် ဒူဘိုင်းသို့ သစ်သီးဝလံ ...

... မန္တလေးမြို့၊ မုံရွာမြို့၊ ပုသိမ်မြို့၊ တောင်ကြီးမြို့များတွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကုန်သွယ်မှု ...

"အစ်မတို့ရဲ့ပင်ရင်းက မုံရွာမှာပါ။ စက်ရုံစထောင်တာတော့ နှစ်နှစ်လောက်ရှိပြီ။ လောလောဆယ်တော့ အနောက်နိုင်ငံမှာ ဒီပစ္စည်းလေးတွေကို ပေါက်စေချင်ပါတယ်။ ..."

ဝင်ရောက်ရန်ပြင်ဆင်နေသည့် Art of Stone ကုမ္ပဏီ၏ မန်နေဂျာ ဒေါ်ချစ်ချစ်ထွန်းက ဆိုသည်။

ယခုဖွင့်လှစ်သည့် မြန်မာ့ကုန်သွယ်မှုဗဟိုဌာနတွင် ...

○ မိတ္ထီလာမြို့မှ

နုန်းများ တင်လာသဖြင့် ကန်မှာ ကောလာပြီး အပင်များပေါက်ရောက်နေသဖြင့် ဒေသခံများမှာ သောက်သုံးရေအတွက် အခက်အခဲများ ကြုံတွေ့လျက်ရှိသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ...

... ဒေသခံများ ရာသီမရွေး သောက်သုံးရေအတွက် ဖူလုံစွာအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ယာဉ်မောင်းလိုင်စင်ထုတ်ပေးမှု နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နေ

ရန်ကုန် ဇွန် ၂၁

ယာဉ်မောင်းလိုင်စင်ထုတ်ပေးမှုနှင့် ပတ်သက်ပြီး ယခုအခါ နိုင်ငံတကာအဆင့်မီ နည်းစနစ်များဖြင့် ...

... ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ယာဉ်မောင်းလိုင်စင်နဲ့ ပတ်သက် ... လို့ နိုင်ငံတကာမှာ ဘယ်လိုပေးနေလဲ၊ ပထမစစ်ဆေးတဲ့ပုံစံ၊ ပြန်လည်စစ်ဆေးတဲ့ပုံစံတွေနဲ့ စစ်ဆေးပြီး ထုတ်ပေးတာဖြစ်ပါတယ်"ဟု ၎င်းက ...

... ယာဉ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဟောပြောပွဲတွင် ပြောကြားခြင်းလည်းဖြစ်သည်။

လွန်ခဲ့သော ၂၀၁၁ ခုနှစ် စက်တင်ဘာလမှစတင်ပြီး ယာဉ်အိုယာဉ်ဟောင်းများကို အပ်နှံခွင့်ပြုခဲ့ပြီး နောက်ပိုင်းတွင် အသစ်တင်သွင်းလာသောယာဉ်များ များပြားလာကြောင်း၊ ... လျက်ရှိသောကြောင့် ပျမ်းမျှ လူလတ်တန်းစား ၁၀၀ တွင် လူ ၅၀ ခန့်မှာ ယာဉ်များ ဝယ်ယူစီးနင်းကြသည်ကို တွေ့နေရကြောင်း၊ ...

... အာရုံစစ်ဆေးခြင်း၊ ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးခြင်း စသည့်အချက်များအပြင် မေးခွန်းများကိုလည်း ယခင်ကထက် ပိုမိုစီစဉ်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

"လူတစ်ဦး အမြင်အာရုံမကောင်းဘဲနဲ့ မောင်းမယ်ဆိုရင် ကားတိုက်မှုဖြစ်မှာပါပဲ၊ မီးပွိုင့်ကို ကောင်းကောင်းမခွဲခြားနိုင်ရင်လည်း ကားတိုက်မှုတွေ ကြုံလာမှာဖြစ်လို့ အဲဒီအချက်ကိုလည်း အဓိကထား စစ်ဆေးတာ ...

ကျောက်တံခါးမြို့တွင် ပိုင်ရှင်မဲ့သစ်များ သိမ်းဆည်းရမိ

ကျောက်တံခါး ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စစ်ဗိုလ်ကြီးကားလမ်း ဖြူးစုကျေးရွာအနီး၌ တရားမဝင်သစ်များ သယ်ဆောင်နေကြောင်း သတင်းအရ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်ကျော်ဦး ဦးဆောင်ပြီး တောအုပ်ဦးရဲဝင့်ဖြိုး၊ တောအုပ်ဦးနိုင်ဦး၊ တောခေါင်းဦးဇော်ဝင်းတို့ ပါဝင်သောအဖွဲ့သည် ဇွန် ၂၀ ရက် နံနက် ၁ နာရီ မိနစ် ၄၀ တွင် သွားရောက်ဖမ်းဆီးရာ တရုတ်နိုင်ငံလုပ် Yin Xieng (110) ဆိုင်ကယ်နောက်တွင် ကျွန်းခွဲသား ၁၀"×၅" အရှည်ခြောက်ပေ တစ်ချောင်း၊ ၉" × ၅" အရှည်ခြောက်ပေ တစ်ချောင်း၊ ၇"×၃" အရှည်ခြောက်ပေ တစ်ချောင်း၊ ၈"×၅" အရှည် ခုနစ်ပေ တစ်ချောင်း၊ ၁၀"×၄" အရှည်ခြောက်ပေ တစ်ချောင်း စုစုပေါင်း ငါးချောင်း တန်ချိန်အားဖြင့် သုညဒသမ ၁၆၈၄ တန်အား ...

အင်းတော်အင်းပတ်လမ်းတည်ဆောက်ပြီး အပန်းဖြေစခန်းတည်ဆောက်နိုင်လျှင် နိုင်ငံအတွက် ဝင်ငွေတိုးနိုင်

အင်းတော် ဇွန် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့၏ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာတွင်ယခင်က အလျား လေးမိုင်၊ အနံ နှစ်မိုင်ရှိခဲ့ပြီး ယခုအခါ စတုရန်းမိုင် လေးမိုင် (ဧက ၂၅၆၀) ခန့်ရှိပြီးအလျား သုံးမိုင်၊ အနံ နှစ်မိုင်ကျယ်ဝန်းသော သမိုင်းဝင် အင်းတော်အင်းတည်ရှိသည်။

အင်း၏ မြောက်ဘက်တွင် သက္ကယ်ကျင်းကျေးရွာ၊ အရှေ့ဘက်တွင် အင်းရွာ၊ လက်ပံကုန်းနှင့် ဟာလင်စုကျေးရွာတို့ တည်ရှိပြီး ... မြေပဲ၊ နေကြာ၊ ပဲအမျိုးမျိုး၊ မေမြို့ပန်း၊ မုန်ညင်း၊ မုန်လာထုပ်၊ ခရမ်းချဉ်သီးတို့ကို ရာသီအလိုက် စိုက်ပျိုးကြသည်။ အင်း၏ အရှေ့ဘက်တွင် ... လာပါက ကိုးမိုင်ခန့်ရှိပြီး အင်းပတ်လမ်းဖောက် လုပ်ပြီးလျှင် ခြောက်မိုင်ခန့်သာကွာဝေးပါမည်။ မန်လည်သို့ ဘုရားဖူးသွားလိုပါက အင်း၏ ... အင်းရေပြင်အနီးတွင် အစည်းအဝေးခန်းမတစ်ခု တည်ဆောက်ပြီး ဒေသန္တရအစည်းအဝေးများ ကျင်းပပါက အင်းရေပြင်၏ သာယာလှပမှု ...

... မိုးစပါးနှင့် နွေစပါးကို အဓိကစိုက်ပျိုးကြပြီး သီးညှပ်အနေဖြင့် ... လုပ်ပါက အင်းပတ်လမ်းမှာ တစ်ပတ်ပြည့်သွားမည်ဖြစ်သည်။ ယခုအခါ မန်လည်မှ အင်းတော်သို့ကားဖြင့် ... လှေလှော်၊ ရွက်တိုက်၊ ရေကူးစသည့် အားကစား လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မည် ဖြစ်သည်။

လက်ပံတောင်းတောင်တွင် ကျေးရွာဖွံ့ဖြိုးရေးလူငယ်သင်တန်းဖွင့်

ဆားလင်းကြီး ဇွန် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကျေးရွာ ၃၀ မှ သင်တန်းသားများရွေးချယ်၍ ကျေးရွာဖွံ့ဖြိုးရေး လူငယ်သင်တန်းအမှတ်စဉ်(၁) ...

... များအား ဦးစားပေးရွေးချယ်၍ ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် ဦးဆောင်ပါဝင်လာနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း အက်ရှင်းအေ့ဒ်(မြန်မာ) အပူပိုင်းဇုန်ဒေသစီမံကိန်း မန်နေဂျာ ဦးအောင်မင်းနိုင်က ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး၊ ...

... တစ်လကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဖိုးချမ်း(ပြန်/ဆက်)

လယ်ကွင်းထဲ လမ်းလျှောက်လာသူနှစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံး

နေပြည်တော် ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျွဲသတ်လေးကျေးရွာနေ မလှိုင်လှိုင်အေး(၃၀) နှစ်နှင့် မခိုင်လေး(၃၀) နှစ်တို့နှစ်ဦးသည် ဇွန် ၂၀ ရက် ညနေ ၅ နာရီက ဘက်ထရီအိုးတစ်လုံး ခေါင်းပေါ်ရွက်လျက် အင်းရွာကျေးရွာမှ ကျွဲသတ်လေးကျေးရွာသို့ လမ်းလျှောက်ပြန်လာစဉ် ကျွဲသတ်လေးကျေးရွာအနီး လယ်ကွင်းထဲသို့အရောက် မိုးကြိုးပစ်ခံရပြီး ရင်ဘတ်နှင့်ကျောပြင်တွင် ညိုမည်းဒဏ်ရာများဖြင့် နှစ်ဦးလုံးသေဆုံးသွားခဲ့သည်။ အဆိုပါ သေဆုံး ...

... အမှတ်စဉ် (၁၀/၂၀၁၄) ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(မြိုင်ကြား)

❋ ကမ္ဘာ့အမှ

... (သုဝဏ္ဏကွင်း) ရန်ကုန် - နှစ်ဦး၊ (ဆီဇာ) မနောမြေ - ဂိုးမရှိ၊ (အောင်ဆန်းကွင်း) ဗွဲကပင် - လေးဂိုး၊ (ဆေလ-သုံးဂိုး ကင်တာရှိ) GFA - တစ်ဂိုး၊ (အိုဇီနာ) (ယနေ့ပွဲ) (အောင်ဆန်းကွင်း) ရတနာ - မကွေး (သုဝဏ္ဏကွင်း) Southern - ဧရာဝတီ ...

လူသားအရင်းအမြစ်ဆုံးရှုံးစေသည့် ယာဉ်အန္တရာယ်ကြိုတင်ကာကွယ်မှ ဆုံးရှုံးမှုသက်သာနိုင်

ရန်ကုန် ဇွန် ၂၁

ယာဉ်အန္တရာယ်ကင်းရှင်းစေရေးသည် မီးဘေးအန္တရာယ်ကဲ့သို့ပင် ကြိုတင်ကာကွယ်မှုသာ လူသားအရင်းအမြစ်ဆုံးရှုံးမှုမှလျော့နည်းသက်သာစေနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီရှိ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောကြားသည်။

မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆမှုကြောင့် လူသားအရင်းအမြစ်ဆုံးရှုံးခြင်းများရှိပြီး ကမ္ဘာပေါ်တွင် ... သကဲ့သို့သာမန်ဆွေးနွေးမှုများသာမက တေးသီချင်း၊ ဇာတ်လမ်း၊ ဆောင်ပုဒ်များဖြင့်ပညာပေးလျက်ရှိပြီး ပညာ ... အဆိုပါ ယာဉ်ကို ရောင်းချကာ School Bus ဖြည့်သွင်းရမည့်ကိစ္စမှာ ငွေထပ်ဖြည့်စွက် ရင်းနှီးလုပ်ကိုင်ရ ...

... တစ်ဦးစီမှ ရင်းနှီးထားရသော အခြေခံပညာ ကျောင်းကြို/ပို့ပြေးဆွဲသည့် စက်မှုဇုန်ထုတ်လိုက်ထရပ်ယာဉ်များလည်း ဈေးနှုန်းကျဆင်းခြင်းကြောင့် ... ပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေး ဆပ်ကော်မတီမှသိရသည်။

ထက်ခိုင်(စမ်းချောင်း)

နတ်မောက်မြို့နယ်၌ တာဝါတိုင်များ တိုးချဲ့ဆောက်လုပ်

နတ်မောက် ဇွန် ၂၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နတ်မောက်အော်တိုအိတ်ချိန်းကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၁ ရက်က စတင်အသုံးပြုတပ်ဆင်နိုင်ခဲ့သည်။ ဖုန်းလိုင်းများတပ်ဆင်ရာမှာ လိုင်းအင်အား ၇၅၀တပ်ဆင်ခဲ့သော်လည်း လက်ရှိသုံးစွဲအင်အား လိုင်း ၇၀၀ ဖြင့် သုံးစွဲနေကြောင်း မြန်မာ့ဆက်သွယ်ရေးမှ တာဝန်ခံတစ်ဦးက ပြောသည်။

နတ်မောက်မြို့နယ်အတွင်း၌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် GSM တာဝါတိုင် လေးတိုင်ကို သမှုန်းကုန်းကြီးကျေးရွာ၊ ငွေးကုန်းကျေးရွာ၊ ရွာမွန်ကျေးရွာနှင့် ထန်းပင်ကုန်းကြီးကျေးရွာတို့တွင် စိုက်ထူလျက်ရှိကြောင်း သိရသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း တာဝါတိုင်သစ်တည်ဆောက်နိုင်ရန် နတ်မောက်မြို့ မြို့မရပ်ကွက် ဘုန်းတောပြည့်ကျေးရွာ၊ တံခွန်တိုင်ကျေးရွာနှင့် ဖန်ခါးစမ်းကျေးရွာတို့တွင် တိုးချဲ့တာဝါတိုင်များ တည်ဆောက်သွားနိုင်ရန် လျာထားလျက်ရှိကြောင်း သိရသည်။ နတ်မောက်မြို့နယ်တွင်သုံးစွဲလျက်ရှိသော အော်တိုတယ်လီဖုန်းအလုံး ၇၀၀၊ မိုဘိုင်းတယ်လီဖုန်း GSM ဖုန်းအလုံး ၈၁၀၀၊ WCDMA ဖုန်း ၅၃၃ လုံးနှင့် CDMA 450 MHz ဖုန်း အလုံး ၁၄၀၀၊ အော်တိုတယ်လီဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်းသုံးစွဲမှု စုစုပေါင်း ၁၄၈၆၇ လုံးရှိကြောင်း နတ်မောက်မြို့နယ် မြန်မာ့ဆက်သွယ်ရေးရုံးမှ ထုတ်ပြန်သော စာရင်းအရ သိရသည်။

လှဝင်း(iprd)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ

နေပြည်တော် ဇွန် ၂၂

အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်၌ ယနေ့နံနက် ၆နာရီတွင် စတင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဆန်းသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်တို့နှင့်အတူ တက်ရောက်၍ စုပေါင်းလမ်းလျှောက်ပြီး(ယာဉ်) အားကစားပြိုင်ပွဲများ ကြည့်ရှုအားပေးကာ ဆုများ ချီးမြှင့်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများသည် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် ပြည်သူများနှင့်အတူ နေပြည်တော်မြို့မဈေး ရှေ့မှနေ၍ တောင်ညို-ပျဉ်းမနားကားလမ်းအတိုင်း သပြေကုန်းဈေးအဓိနီးရှိ ကျောက်စိမ်းခန်းမရှေ့အထိ စုပေါင်းလမ်းလျှောက်ကြသည်။ လမ်းလျှောက်ရာ၌ ပါဝင်ဆင်နွှဲသည့် ပြည်သူများအား ရေသန့်ဘူးနှင့် စားစရာမုန့်များကို ကိုယ်တိုင်ဝေငှကြသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်ဆက်ပြသသည့် ကဗျာလွတ်အကကို ကြည့်ရှုပြီးနောက် ပြည်သူများနှင့်အတူ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး အတွဲ(၁၊ ၂)ကိုပြုလုပ်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် စက်ဘီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးပြီး စက်ဘီးပြိုင်ပွဲ၏ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားများအား ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က ဆုများချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသမီးလူသစ်တန်းပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ဆုများကို ချီးမြှင့်သည်။ ဆက်လက်၍ စက်ဘီးပြိုင်ပွဲ၏ အမျိုးသားပွဲစဉ်အား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သေနတ်ပစ်ဖောက်၍ လည်းကောင်း၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမျိုးသားအလွတ်တန်း စက်ဘီးပြိုင်ပွဲအား လည်းကောင်း တာလွှတ်ပေးခဲ့ကြပြီး ပြိုင်ပွဲအား ကြည့်ရှုအားပေးသည်။

အမျိုးသားပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကျင်းပရာ ဆုရရှိသူများအား အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဆန်းသည် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပလျက်ရှိသော နေပြည်တော် ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌ ကျင်းပလျက်ရှိသည့် မြားပစ်ပြိုင်ပွဲ၊ ဝဏ္ဏသိဒ္ဓိရေကူးအားကစားရုံ၌ ရေကူးပြိုင်ပွဲကျင်းပနေမှု၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိဝိုက်ကျော်ခြင်းအားကစားလေ့ကျင့်ရုံ၌ ကျင်းပလျက်ရှိသော ဝိုက်ကျော်ခြင်းပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှု၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရုံ(၁)၌ ကျင်းပလျက်ရှိသည့် နပန်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ အမျိုးသား/အမျိုးသမီးပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှု၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိဝိတန်းအားကစားရုံ၌ ကျင်းပသည့် ဝိတန်းအားကစားပြိုင်ပွဲ၊ လယ်ဝေးမြို့ရှိအားကစားလေ့ကျင့်ရေး စခန်း(၂)သို့ရောက်ရှိလာပြီး ဂျူဒိုပြိုင်ပွဲ ကျင်းပနေမှုနှင့် သေနတ်ပစ်ပြိုင် ပွဲကို ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား တာဝန်ရှိသူများနှင့်အတူ ဆုများကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ခြေစမ်းပွဲများကစားရန် စီစဉ်

ရန်ကုန် ဇွန် ၂၂

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်မှုတစ်ရပ်အနေဖြင့် ပြည်ပအသင်းများနှင့် ခြေစမ်းကစားရန် စီစဉ်နေကြောင်းသိရသည်။ လာမည့်ဩဂုတ်လတွင် စတင်ကျင်းပမည့် ယင်းပြိုင်ပွဲအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MFF မှ ဂျပန်၊ သြစတြေးလျ၊ တရုတ် ယူ-၁၉ အမျိုးသမီးအသင်းများနှင့် ခြေစမ်းရန် စီစဉ်နေခြင်းဖြစ်ပြီး ပွဲစဉ်များကို ရန်ကုန်မြို့တွင် ကစားရန် ပြင်ဆင်နေခြင်းဖြစ်သည်။ "လာမယ့်ပြိုင်ပွဲအတွက် ဂျပန်၊ သြစတြေးလျ၊ တရုတ် ယူ-၁၉ စတဲ့အသင်းတွေကို ဖိတ်ကြားထားပါတယ်။ သူတို့အနေနဲ့ လက်ရွေးစင်အသင်းတွေကို မစေလွှတ်ပေးနိုင်ဘူးဆိုရင်တော့ ပြည်တွင်းအခြေစိုက်ကလပ် အသင်းတွေကို စေလွှတ်ပေးဖို့ အတွက်လည်း ပြောကြားထားပါတယ်။ အကြောင်းပြန်ချက်တော့ မရသေးပါဘူး" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ မြန်မာနိုင်ငံအမျိုးသမီးအသင်းအား ဇွန်ပထမအပတ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဇွန် ၉ ရက်မှ စတင်ကာ လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲတွင် ၂၀၀၄၊ ၂၀၀၇ ခုနှစ်များ၌ နှစ်ကြိမ်ဗိုလ်စွဲထားခဲ့ဖူးကြောင်း သိရသည်။ ယင်းအသင်းကို ဂျပန်လူမျိုးနည်းပြ ကူမာဒါကပင် တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ပြီး အမျိုးသမီးအာရှဖလားပြိုင်ပွဲဝင်ခဲ့သည့် ကစားသမားအများစုပါဝင်လာကာ ယူ-၁၉ အသင်းမှလည်း ကစားသမားအချို့ ပါဝင်လာကြောင်းသိရသည်။

(ရဲရွှမ်း)

ကျွန်းစုတွင် လေဘေးသင့်နှင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

ကျွန်းစု ဇွန် ၂၂

ကျွန်းစုမြို့နယ်၌ ဇွန် ၁၄ ရက်က တိုက်ခတ်ခဲ့သော နွားနောက်မုန်တိုင်းကြောင့် ကျွန်းစုမြို့နယ် အုတ်ဖိုမော်ကျေးရွာ၊ ချောင်းကြီးဝကျေးရွာ ရေကန်တောင်ကျေးရွာနှင့် ဝါးအော်ကျေးရွာတို့၌ သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့ပြီး လူနေအိမ်များပျက်စီးဆုံးရှုံးခဲ့သည်။

ယင်းပျက်စီးသွားသော နေအိမ်များကိုအသစ်ပြန်လည်ဆောက်လုပ်ပြီး ပြည်သူများအား ပြန်လည်နေရာချထားပေးရန် လိုအပ်သောထောက်ပံ့ရေး ပစ္စည်းများပေးနိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံ/စီးပွားဝန်ကြီး ဦးသိန်းလွင်၊ ကျွန်းစုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဖေသိန်းနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဇွန် ၁၆ ရက် နံနက်ပိုင်းမှ ဇွန် ၁၉ ရက်အထိ သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သော ကျေးရွာများသို့ စက်လှေဖြင့်သွားရောက်၍ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်ကာ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်စီမံ/စီးပွားဝန်ကြီးက မုန်တိုင်းဒဏ်သင့်ပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာ မြေယာစီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းပေးကာ ပြိုကျပျက်စီးသွားသော အိမ်ရာများကို အသစ်ပြန်လည်ဆောက်လုပ်နိုင်ရန် မြေယာများအား နေရာချထားပေးကာ ဆောက်လုပ်မည့်အိမ်များအတွက် လိုအပ်သည့်အိမ်ဆောက်ပစ္စည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် ဘေးအန္တရာယ်ကျရောက်ခဲ့သော အိမ်ထောင်စုများ၏ ပျောက်ဆုံးသွားသောအိမ်ထောင်စုစာရင်းများ၊ အမျိုးသား မှတ်ပုံတင်ကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အသစ်ပြန်လည်ပြုလုပ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် လူမှုရေးအဖွဲ့အစည်းများမှ လေဘေးနှင့် ရေဘေးသင့်အိမ်ထောင်စုများအတွက် အိမ်သုံးပစ္စည်းများ၊ လိုအပ်သောဆေးဝါးများနှင့် ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ရန်နိုင်ထွန်း)

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ(မန္တလေး) တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

မန္တလေး ဇွန် ၂၂

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မြန်မာဂိုဝ်အေက ကြီးမှူး၍ မြဝတီဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် (မန္တလေး)၏ တတိယနေ့ပွဲစဉ်ကို ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။ တတိယနေ့ ၁၈ ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲတွင် မင်းနိုင်(Srixon)က စုစုပေါင်းရိုက်ချက် ၂၀၄ ချက်ဖြင့် ပထမ၊ ဇော်ဇော်လတ်(HAN Golf Academy)က စုစုပေါင်းရိုက်ချက် ၂၀၅ ချက်ဖြင့် ဒုတိယ၊ လှမျိုး (Mizuno)က စုစုပေါင်းရိုက်ချက် ၂၀၆ ချက်ဖြင့် တတိယလိုက်နေပြီး အပျော်တမ်းအဆင့်အမျိုးသားပြိုင်ပွဲတွင် မောင်မောင်ဦးက စုစုပေါင်းရိုက်ချက် ၂၀၇ ချက်ဖြင့် ပထမ၊ ဇင်မင်းသူက စုစုပေါင်းရိုက်ချက် ၂၁၉ ချက်ဖြင့် ဒုတိယ၊ ကျော်ကျော်က စုစုပေါင်းရိုက်ချက် ၂၂၂ ချက်ဖြင့် တတိယလိုက်နေသည်။

အပျော်တမ်း အမျိုးသမီးအဆင့်ပြိုင်ပွဲတွင် ခင်မာနွယ်က နှစ်ရက်ပေါင်းရိုက်ချက် ၁၆၂ ချက်ဖြင့် ပထမ၊ မေဦးခိုင်က ၁၆၂ ချက်ဖြင့် ဒုတိယ၊ ဝင့်ဖူးနဒီအောင်က ၁၆၅ ချက်ဖြင့် တတိယလိုက်နေကြသည်။

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများအား ဧရာဝတီဘဏ်လီမိတက်၊ ယူနိုက်တက်အမရဘဏ်၊ မြဝတီဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့် အင်းဝဘဏ်တို့မှ အဓိကကူညီပံ့ပိုးပြီး Official Golf Ball အဖြစ် Volvik၊ ရွှေမန်းတောင်ဂေါက်ကလပ်နှင့် Event Management အဖြစ် HAN Event Management တို့မှ ထပ်မံပံ့ပိုးပေးကြောင်း သတင်းရရှိသည်။

(ဖိုးသော်ဇင်)

မေတ္တာထားသည့် ခွေးနှင့်ကြောင်

တနင်္သာရီ ဇွန် ၂၂

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက် ရွှေလိပ်ပြာလမ်းတွင်ဖွင့်လှစ်ထားရှိသော ဒေါက်တာမျိုးဇော်ဦး ဆေးခန်းသို့ရောက်ရှိရာ မမွေးလင့်ဘဲ အသက်ကိုးလအရွယ် မဟူရာအမည်ရှိ ခွေးမ၏နို့အား နှစ်လအရွယ်ရှိ ကြောင်ဖြူကလေးတစ်ကောင်က ၎င်း၏မိခင်ကဲ့သို့ အားပါးတရ နို့စို့နေပြီး ခွေးမကလည်း မိမိရင်သွေးအလား ငြိမ်သက်စွာနို့ချိုတိုက်ကျွေးနေသည်ကို မြင်တွေ့ခဲ့ရသည်။

"ရေမြောင်းထဲမှာ ကြောင်ဖြူလေး ညည်းညူနေတာတွေ့လို့ သနားပြီးခေါ်လာတာ၊ နွားနို့တိုက်ကျွေးမွေးပြီးတော့ နှစ်လအရွယ်ရောက်လာမှ အိမ်မှာမွေးမြူထားတဲ့ ခွေးနဲ့ကို တိုက်ကျွေးကြည့်တော့ အဲဒီခွေးမ မရုန်းကန်ဘဲ ငြိမ်သက်စွာနို့စို့ခံခဲ့ပါတယ်"ဟု ဒေါက်တာ မျိုးဇော်ဦးက ပြောပြသည်။

နန်းသာရီ-ထိန်ဝင်း(မြန်/ဆက်)

မီးမလောင်ခင် သတိယှဉ်
ကြိုတင်ကာကွယ်ပါ

အတွေးအမြင် — အေးသန်း(ကြေးမုံ)

အသိနှင့်ယှဉ် သတိမြင်

စာရေးသူတာဝန်တစ်ခုနှင့် နေပြည်တော်ကို ခရီးထွက်ခဲ့သည်။ မိတ်ဆွေတစ်ဦးရဲ့ ကိုယ်ပိုင်ကားလေးနှင့် စကားတပြောပြောဖြင့် လိုက်ပါလာခဲ့ရာ မိမိတို့စီးလာသည့် ပရိုဘောက်စ်ကားလေးက ထောက်ကြန့်မြို့အကျော် နေပြည်တော်လမ်းသစ်ကြီးကို ရောက်ခဲ့ပြီ။

စာရေးသူတို့ကားလေးက အမြန်လမ်းမကြီးပေါ် စတင်ပြေးနေလေပြီ၊ မိမိကိုယ်တိုင်က ယာဉ်မောင်းဘေးထိုင်ခုံမှာထိုင်ပြီး အချိန်တိုင်း ယာဉ်မောင်းကို သတိပေးနေမိသည်။ ကိုယ်တိုင်က ကားကြုံလိုက်ခဲ့ရတော့ မိတ်ဆွေရဲ့သူငယ်ချင်း ယာဉ်မောင်းကို သတိပေးနေမိတာ တကယ်တော့ အားနာမိသလိုခံစားရသည်။ သို့သော်လည်း ယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် စေတနာထားသတိပေးတာကိုတော့ အပြစ်မြင်မှာမဟုတ်ပေ။ စာရေးသူတို့ကားလေးက တစ်နာရီကို ကီလို ၈၀ ကျော် (မိုင် ၅၀ ကျော်)နှုန်းဖြင့် ပြေးနေသည်။ ခရီးသည်တင်မှန်လုံယာဉ်တစ်စီးက ရိပ်ခနဲ မိမိတို့ကားကို ကျော်တက်မောင်းနှင်သွားသည်ကို တွေ့လိုက်ရသည်။ တခဏမှာပင် ကျော်တက်သွားသည့်ကားမှာ မှုန်ဝါးဝါးပင်မြင်လိုက်ရတော့သည်။ ဤသို့ဆိုလျှင် ဤခရီး ဤလမ်းများတွင် သွားလာနေကြသည့် မော်တော်ယာဉ်တွေ ဘယ်အရှိန်နှုန်းနဲ့ မောင်းနှင်သွားလာနေကြသည်ကို သိနိုင်ပေသည်။

စာရေးသူလည်း မိမိတို့ကားကို ကျော်တက်မောင်းနှင်သွားသည့် ခရီးသည်တင်မှန်လုံယာဉ်၏ အမြန်နှုန်းကိုကြည့်ပြီး အတွေးတွေဝင်လာမိတော့သည်။ “အော် ဒီလိုကားတွေ ဒီလိုမောင်းကြလို့ အမြန်လမ်းမကြီးမှာမဖြစ်သင့်မဖြစ်ထိုက်တာတွေ ဖြစ်နေကြတာကိုး” လို့ တွေးမိပါတော့သည်။

နေပြည်တော်အမြန်လမ်းက ခရီးသွားပြည်သူတွေကို အန္တရာယ်ရှိနေသည့် မသွားသင့်သည့်လမ်းကြီးဟု ပြည်သူအချို့က ထင်မှားပြီး ကြောက်ရွံ့နေကြသည်။ တကယ်တော့ ဒီလိုအမြန်လမ်းမကြီးမျိုး စာရေးသူတို့ ငယ်စဉ်ဘဝက မရှိခဲ့၊ မကြားဘူးခဲ့၊ မမြင်ဘူးခဲ့။ ယခင် ပျဉ်းမနား၊ တပ်ကုန်း (ယခု နေပြည်တော်-ပျဉ်းမနား၊ နေပြည်တော်-တပ်ကုန်း)တို့ကို ရောက်ဖို့ လမ်းဟောင်းကမောင်းပြီး မြို့ရွာအသီးသီးကို ကျော်ဖြတ်ကာ အချိန်ကုန်လူပန်းသွားလာခဲ့ကြရသည်။ ယခုတော့ ဒီလိုမဟုတ်တော့၊ မိမိရောက်ချင်သည့်နေရာကို အချိန်မကုန် လူမပန်းဘဲရောက်ခဲ့ကြရပြီ။ နေပြည်တော်အမြန်လမ်းမကြီး စတင်ဖွင့်လှစ်ခဲ့စဉ်က ပြည်သူတွေဝမ်းသာခဲ့ကြပြီး နှုတ်ကတဖွဖွပြောမဆုံး၊ ရင်ထဲကချီးမွမ်းမဆုံးဖြစ်ခဲ့ကြရသည်။ ဒီခရီး ဒီလမ်းကိုဖောက်လုပ်ရန်အတွက် လမ်းညွှန်ခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများ၊ လမ်းဖြစ်လာအောင် လက်တွေ့အကောင်အထည်ဖော်ပေးခဲ့ကြသည့် အင်ဂျင်နီယာများ၊ ကာယ၊ ဉာဏလုပ်သားများကို ကျေးဇူးတင်မဆုံးဖြစ်ခဲ့ကြရသည်။

ယခုတော့ ဒီအမြန်လမ်းမကြီးမှာ ယာဉ်မောင်းများ၏ မဆင်မခြင်မောင်းနှင်မှုများ၊ မိမိတို့မောင်းနှင်ရမည့် ယာဉ်၏ အစိတ်အပိုင်းများကောင်းမွန်စွာ အလုပ်လုပ်နိုင်မှု ရှိ/မရှိ၊ ကားတာယာများ စံချိန်စံညွှန်း ရှိ/မရှိ၊ နောက်ကြည့်မှန်တပ်ရာတွင်လည်း နောက်မြင်ကွင်းကို လွယ်ကူရှင်းလင်းပြတ်သားစွာ တွေ့မြင်နိုင်မှု ရှိ/မရှိတို့ကို သေချာစွာ စစ်ဆေးမှုမရှိခြင်း၊ မိမိကားပေါ်တွင် အရည်အသွေးကောင်းမွန်သော မီးသတ်ဆေးဘူးများတပ်ဆင်ထားခြင်းရှိ/မရှိတို့နှင့် အန္တရာယ်တစ်ခုခုဖြစ်ပေါ်လာပါကလည်း အရေးပေါ်ထွက်ပေါက်အသုံးပြုနိုင်ခြင်း ရှိ/မရှိ စသည့် ယာဉ်တစ်စီးတွင် ရှိသင့်ရှိထိုက်သည့် ယာဉ်ကြံ့ခိုင်မှုများ အားနည်းချွတ်ယွင်းမှုကြောင့် မဖြစ်သင့်မဖြစ်ထိုက်သည့် ယာဉ်တိမ်းမှောက်မှုများ၊ ယာဉ်အချင်းချင်းလုယက်ကျော်တက်မောင်းနှင်မှုကြောင့် ယာဉ်များချိတ်မိကာ မီးလောင်ပျက်စီးခြင်းများ၊ လူများသေပျောက်ထိခိုက်ဒဏ်ရာရမှုများဖြစ်လာခဲ့ကြရသည်။ ဤသို့သောအဖြစ်များ မကြာခဏဖြစ်လာခဲ့ခြင်းကြောင့်လည်း ဤခရီး ဤလမ်းကိုဖောက်ခဲ့ကြသူများကို အပြစ်မြင်လာကြသည်။ လမ်းကိုလည်း အရည်အသွေးစံချိန်စံညွှန်းမမီသောလမ်းဟု ဝေဖန်ပြောဆိုလာကြသည်။ “တကယ်တော့ ဒီလိုအရည်အသွေးမမီသည့်လမ်းကိုပင် တစ်နာရီ ကီလို ၁၀၀ နှင့် ၁၀၀ အထက်မောင်းနှင်နေမှုများကြောင့် မဖြစ်သင့်သည်များဖြစ်နေကြလျှင် ဒီလမ်းကြီး ဒီထက်ပိုကောင်းအောင် လုပ်ကြပြီး ဒီထက်ပိုမောင်းကြဦးမည်ဆိုလျှင် ဘာတွေဖြစ်လာကြဦးမလဲဆိုတာ မစဉ်းစားဝံ့တော့ပြီ” တစ်ဖက်အမြင်ဖြင့် မတွေးကြဘဲ နှစ်ဖက်အမြင်ဖြင့် ကြောင်းကျိုးကို ဆက်စပ်ရှုမြင်တတ်ကြဖို့လိုပါသည်။

တကယ်တော့ ဒီနေပြည်တော်လမ်းမကြီးတစ်လျှောက်တွင် ---

(၁) ညာဘက်ယာဉ်ကြောမှမောင်းနှင်ပါ
(၂) ဘာကြောင့်ရပ်ရပ်လမ်းဘေးချရပ်
(၃) ကွန်ကရစ်လမ်းပေါ်တွင် ယာဉ်မရပ်ရ
(၄) ရှေ့တွင်လမ်းကွေ့ရှိသည်
(၅) တစ်နာရီကီလို ၁၀၀ အထက်ပိုမမောင်းရ
(၆) ကျော်တက်လျှင် သတိပြုမောင်းနှင်ပါ
(၇) ရှေ့တွင် “ဂ” ကွေ့ရှိသည်
(၈) ရှေ့တွင် လမ်းကျဉ်းရှိသည်
(၉) ရှေ့တွင်ကျောင်းရှိသည်
(၁၀) မိုးရွာနေ၍ ကွန်ကရစ်လမ်းပေါ်ရေတင်နိုင်၍ ယာဉ်မောင်းများ သတိပြုမောင်းပါ

(၁၁) ယာဉ်အသုံးပြုသူများ ခါးပတ်ပတ်ထားပါ စသည့်သတိပေးဆိုင်းဘုတ်များကို လမ်းဘေးဝဲ/ယာများတွင် ပြည်သူအများမြင်နိုင်အောင် စိုက်ထူထားရှိပေးသည့်အပြင် ယာဉ်တစ်စီးချင်းစီ၏ မိုင်နှုန်းမည်မျှ မောင်းနှင်လာသည်ကိုလည်း ဖော်ပြပေးနေသည့် သတိပေးမိုင်နှုန်း အချက်ပြမီးဆိုင်းဘုတ်များကိုလည်း ထားရှိပေးထားသည်ကို တွေ့မြင်ရမည်ဖြစ်ပေသည်။ မိုင်နှုန်းအချက်ပြမီးဆိုင်းဘုတ်ကို ကြည့်ခြင်းအားဖြင့် မိမိမောင်းနှင်လာသည့်ကားသည် အမြန်နှုန်း မည်မျှဖြင့် မောင်းလာသည်ကို သတိထားမိနိုင်ကာ ဆင်ခြင်မောင်းနှင်နိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်၍ နေပြည်တော်အမြန်လမ်းကြီးက သေမင်းတမန်လမ်းမကြီးလည်းမဟုတ်သလို မသွားသင့်မသွားထိုက်သည့် လမ်းကြီးလည်းမဟုတ်ခြင်းကြောင့် ဒီခရီးဒီလမ်းမှာ ဒီလိုမောင်းနှင်ကြလျှင် ဒီလိုအဖြစ်မျိုးတွေဖြစ်တတ်ပါလားဆိုသည့် “အသိတရား”ကို လက်ကိုင်ထားကြပြီး လမ်းတစ်လျှောက်တပ်ဆင်ထားသည့် သတိပေးဆိုင်းဘုတ်များကိုကြည့်ကာ သတိထားဆင်ခြင်မောင်းနှင်ကြမည်ဆိုလျှင် ဤခရီး ဤလမ်းမကြီးသည် အမှန်တကယ်ပျော်ရွှင်စရာစိတ်ချမ်းမြေ့စရာကောင်းသည့် “နေပြည်တော်အမြန်လမ်းမကြီး”ဖြစ်လာမှာဖြစ်ကြောင်း “အသိနှင့်ယှဉ်သတိမြင်” ကာ သွားလာမောင်းနှင်ကြဖို့ စေတနာထားရေးသားလိုက်ရပါတော့သည်။ ။

ဇွန် ၂၀ ရက်က ပန်းတနော်မြို့နယ် ပသွယ်ကျေးရွာရှိ အလယ်တန်းကျောင်း၌ လျှပ်စစ်မီးတပ်ဆင်ရန် လျှပ်စစ်မီတာဘောက်အတွက် အလှူငွေကျပ် သုံးသိန်းကို ရန်ကုန်မြို့ မင်းဓမ္မလမ်း မင်းဓမ္မအိမ်ရာရှိ ရွှေပြည်တံခွန် တယ်လီကွန်းကုမ္ပဏီမှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းစဉ်။

မောင်မောင်သန်း(ကော့မှူး)

ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီဂိုဒေါင်သို့ ဝင်ရောက်ခိုးယူလုယက်သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် ဇွန် ၂၀

ဇွန် ၂၀ ရက် နံနက် ၂ နာရီခွဲက မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကန်တောင်ကျေးရွာ “ထက်ရည်လင်း” ရွှေသတ္တုတူးဖော်ရေး ကုမ္ပဏီရှိ အထွေထွေပစ္စည်းများ သိုလှောင်ထားသည့် ဂိုဒေါင်အတွင်းမှ အရေးပေါ်အချက်ပေး ဘဲလ်သံကြားသဖြင့် ကုမ္ပဏီတာဝန်ခံ ဦးဖိုးချမ်း (၅၅) နှစ်က ဝန်ထမ်းများနှင့်အတူ သွားရောက်ကြည့်ရှုရာ ဂိုဒေါင်ဝင်ပေါက်(၃)တွင် အမည်မသိအမျိုးသားများမှ တုတ်/ဓားများကိုင်ဆောင်၍ ဂိုဒေါင်အတွင်းရှိ ပစ္စည်းများအား ခိုးယူနေသည်ကို တွေ့ရသည်။

အဆိုပါ ခိုးယူနေသူများမှ ကုမ္ပဏီဝန်ထမ်းဖြစ်သူ နိုင်လင်းအောင် (၂၇)နှစ်အား ဓားရှည်ဖြင့်ထောက်၍ ကုမ္ပဏီဝင်းပြင်ပ တောလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားခဲ့သဖြင့် ဂိုဒေါင်အတွင်း စစ်ဆေးရာ တစ်ပိုင်းလျှင် ၂၅ ပိသာခန့်ရှိ ရွှေဝါကာဗွန်အိတ်ပိုင်း ၂၅ ပိုင်းခန့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၂ သိန်းခန့်ပါသွားကြောင်း သိရသဖြင့် လိုက်လံရှာဖွေခဲ့ရာ ရွှေဝါကာဗွန်အိတ်ပိုင်း ၁၃ ပိုင်းအား ပြန်လည်တွေ့ရှိခဲ့ပြီး လုယက်ခိုးယူသူများမှာ စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ရွာနေ မောင်ခိုက် (ခ) မောင်ထိုက် (ခ) မြင့်ထိုက်ဝင်း (၃၅) နှစ်ပါ ငါးဦးဖြစ်ကြောင်း စုံစမ်းသိရသဖြင့် အရေးယူပေးရန် တိုင်တန်းခဲ့ရာ လက်ပန်လှရဲစခန်းက (ပ)၁၂၇/၂၀၁၄၊ ပြစ်မှု ပုဒ်မ ၃၉၅ ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် လက်ပန်လှရဲကင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များက ကျည်တောက်ပေါက်ကျေးရွာနှင့် ကျောက်ချောင်းကွက်ရပ်များသို့ ရှာဖွေခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မောင်ခိုက် (ခ) မောင်ထိုက်(ခ) မြင့်ထိုက်ဝင်းပါ ငါးဦးအား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် စဉ့်ကူးမြို့နယ် ကန်တောင်ကျေးရွာနေသူများဖြစ်သော အောင်တိုး (၂၀) နှစ်နှင့် ဇေယျာဖြိုး (ခ) ဇေယျ (၂၆) နှစ်တို့နှစ်ဦးအား ထပ်မံဖမ်းဆီးရမိခဲ့ပြီး ပစ္စည်းများအား ပြန်လည်သိမ်းဆည်းရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**

တာဝန်ဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းကို မချေမငံပြောဆိုပြီး ဓားဖြင့်ခုတ်သူအား အရေးယူထား

နေပြည်တော် ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၆) အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ဇွန် ၁၉ ရက် ညနေ ၃ နာရီခွဲတွင် အမှတ်(၁၁) ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲ(မန္တလေး)မှ ရဲတပ်ကြပ်ကျော်ကျော်(၃၄)နှစ်သည် ယာဉ်/လမ်းရှင်းလင်းရေးတာဝန်ဆောင်ရွက်နေစဉ် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၂)နေ ဂုဏ်ဂျာအောင်(၁၉) နှစ်မောင်းနှင်လာသည့် ၃ဂ/ ---- ကရီနာ အဖြူရောင်ယာဉ်သည် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှေ့ လမ်းပေါ်တွင် ယာဉ်နှစ်ထပ်ရပ်ထားသဖြင့် ကျောင်းသား ကျောင်းသူများနှင့် အခြားယာဉ်များ သွားလာသည့်လမ်းအား ပိတ်ဆို့နေသောကြောင့် ကားအား လမ်းဘေးသို့ချ၍ ရပ်ပေးရန် ပြောဆိုခဲ့သည်။ ထိုသို့ ပြောစဉ် ဂုဏ်ဂျာအောင်က ရဲတပ်ကြပ်ကျော်ကျော်အား မချေမငံပြောဆိုပြီး ကားပေါ်မှဆင်းကာ အရိုးအသွား ၂၉ လက်မခန့်ရှိ ဓားဖြင့် ခုတ်ရာ ရဲတပ်ကြပ်ကျော်ကျော်က ဓားအား ဝဲလက်ဖြင့် ဆုပ်ကိုင်ခဲ့သောကြောင့် ဝဲလက်မအောက် ပြတ်ရှ ယာလက်သူကြွယ် ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ပြီး ဂုဏ်ဂျာအောင်အား ပြင်ဦးလွင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

နိုင်ငံကြီးသား
ပီသစွာ
အခွန်ထမ်းဆောင်တာ
တာဝန်ကျေပြီးကာ
ပြည်သူ့အကျိုးပြု
အခွန်ပါပြီးမှတ်





ကျောက်ပန်းတောင်းမြို့နယ် စိတ္တိန်းကျေးရွာတွင် စစ်လက်ကျန်ပုံးသီးဟောင်းနှင့် ကျည်ဆန်ဟောင်းများ တူးဖော်တွေ့ရှိ

ကျောက်ပန်းတောင်း ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စိတ္တိန်းကျေးရွာအုပ်စု စိတ္တိန်းတောင်ရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဇွန် ၂၀ ရက် နံနက် ၇ နာရီက ညစောင့်နေအိမ်တဲဆောက်လုပ်ရန်အတွက် ပင်မအဆောက်အအုံ၏ မြောက်ဘက် ၄၆ ပေအကွာတွင် ပန်းရန်ဆရာ ဦးမိုးမြင့်ဇော်နှင့် အဖွဲ့က မြေကျင်းတူးဖော်ရာ အနက် ၁ ဒသမ ၅ ပေအရောက်တွင် ဂျပန်ခေတ်စစ်လက်ကျန်ဟု ယူဆရသော ပုံးသီးဟောင်းနှင့် လေယာဉ်ပစ်ကျည်များ၊ မိုင်းဟောင်းများတွေ့ရှိ၍ တူးဖော်ထုတ်ယူခဲ့ပြီး ပုံးသီးနှင့် ကျည်ဟောင်း ၁၇၅ လုံးတူးဖော်အပြီးတွင် မြေကျင်းအတွင်း၌ များစွာကျန်ရှိသေးကြောင်း သိရသဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်တင့်ထံအကြောင်းကြားခဲ့ရာ ဦးခင်မောင်တင့်က လာရောက်ကြည့်ရှုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် နယ်မြေခံတပ်နယ် တာဝန်ရှိသူများထံ ဆက်သွယ် အကြောင်းကြားခဲ့ရာ ကျောက်ပန်းတောင်းရဲတပ်ဖွဲ့စခန်းမှ ဒုတိယမြို့နယ်မှူး မင်းသိန်း၊ ပုပ္ပားရဲစခန်းမှ ခေတ္တစခန်းမှူးဒုရဲအုပ်ဇော်ဖုန်းရှိန်တို့ ရောက်ရှိစစ်ဆေး၍ လုံခြုံရေးတာဝန်ယူထားခဲ့ ကြောင်း သိရသည်။

အဆိုပါ တူးလက်စ မြေကျင်းအတွင်းမှ ကျန်ရှိသော ပုံးသီးဟောင်းနှင့် ကျည်ဆန်ဟောင်းများကို နယ်မြေခံတပ်နယ် တပ်ရင်းများမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် အမှတ်(၉၁၀) စစ်မြေပြင်အင်ဂျင်နီယာမှ တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးကြပြီး ဆက်လက်တူးဖော်ခဲ့ရာ စစ်ကျန်မိုင်း၊ ပုံးသီး၊ ကျည်ဖူး ၇၇ လုံးနှင့် ဒလက်အကျိုးအပျက်လေးခု၊ ထိပ်ဖူးအပျက်တစ်ခု ထပ်မံတူးဖော်တွေ့ရှိခဲ့ရာ တူးဖော်တွေ့ရှိသည့် စစ်ကျန်မိုင်း၊ ပုံးသီး၊ ကျည်ဟောင်းစုစုပေါင်း ၂၅၂ လုံး၊ ဒလက်အကျိုးအပျက်လေးခုနှင့် ထိပ်ဖူးအပျက်တစ်ခုတို့ဖြစ်ပြီး ၎င်းတူးဖော်တွေ့ရှိသည့် စစ်ကျန်ပုံးသီးနှင့် ကျည်ဟောင်းများကို စနစ်တကျစစ်ဆေးဖျက်ဆီးနိုင်ရန်အတွက် နယ်မြေခံတပ်နယ်မှသိမ်းဆည်းခဲ့ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း(Short Circuit)၊ လျှပ်စစ်ဓာတ်အားပမာဏပိုမိုလွန်ကဲစွာဖြစ်ပေါ်ခြင်း (Over heating or Over Loading)နှင့် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းကိရိယာများသုံးစွဲခြင်းမှ အပူနှင့် မီးပွားများဖြစ်ပေါ်ခြင်းတို့ကြောင့် မီးလောင်မှုစတင်ဖြစ်ပွားနိုင်သဖြင့် စံချိန်စံညွှန်း ကိုက်ညီကောင်းမွန်သည့် လျှပ်စစ်ဝါယာကြိုးကိုသုံးပါ။ မီးအားမြှင့်စက် (Transformer)အတင်အချသတိမမေ့ပါနဲ့၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်းပါက အလိုအလျောက် (Auto)ပြုတ်မကျသည်ကို သတိပြုပါ။ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သောနေရာများတွင်သာတပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရန် သတိပေးနိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

Miss Dior ကုန်စည်ပြပွဲ တရုတ်နိုင်ငံ ရှန်ဟိုင်း၌ ကျင်းပ

Miss Dior ကုန်စည်ပြပွဲကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ဇွန် ၂၀ ရက်မှ ဇူလိုင် ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါကုန်စည်ပြပွဲသို့ ဟောလိဝုဒ်အကယ်ဒမီမင်းသမီးချော နာတေးလီပေါ့ထ်မင်းန်၊ တောင်ကိုရီးယားကြယ်ပွင့် ဆောင်းဟေကျို၊ တရုတ်ငွေကြယ်ပွင့်များဖြစ်ကြသည့် ကျန်းကျိုရီနှင့် Angelababy တို့အပြင် ကမ္ဘာကျော်ရုပ်ရှင်မင်းသမီးအများအပြား တက်ရောက်ခဲ့ကြပြီး ယင်းကုန်စည်ပြပွဲတွင် တရုတ်ပရိသတ်၏ အားပေးမှုအထူးရရှိထားသည့် ဆောင်းဟေကျိုက ဆွဲဆောင်မှုရှိရှိလှပစွာဖြင့် ပြည်တွင်းမီဒီယာများ၏ အထူးစိတ်ဝင်စားမှုကို ခံခဲ့ရသည်။

အဆိုပါ ကုန်စည်ပြပွဲကို Shanghai Sculpture Space ၌ ဖွင့်လှစ်ပြသထားပြီး မည်သူမဆိုလာရောက် လေ့လာနိုင်ကြောင်းသိရသည်။

မျိုးစန္ဒာမောင်

၂၀၁၄ ခုနှစ်၏ အကောင်းဆုံးအယ်လ်ဘမ် ၂၅ ခုစာရင်းတွင် ထည့်သွင်းခြင်းခံရသည့် 2NE1 ၏ Crush

တောင်ကိုရီးယား အမျိုးသမီးပေါ့ပ်ဂီတအဖွဲ့ 2NE1 ၏ ဒုတိယမြောက် စတူဒီယိုအယ်လ်ဘမ် Crush ကို အမေရိကန်ရုပ်သံလိုင်းတစ်ခုဖြစ်သည့် Fuse TV မှ ၂၀၁၄ ခုနှစ်အတွင်း လက်ရှိအချိန်ထိ အကောင်းဆုံးအယ်လ်ဘမ် ၂၅ ခုစာရင်းတွင် ထည့်သွင်းဖော်ပြခဲ့ပြီး ယင်းအယ်လ်ဘမ်မှ Come Back Home၊ Baby I Miss You နှင့် Gotta Be You သီချင်းများသည်လည်း အမေရိကန်ဂီတရုပ်သံလိုင်း၏ ထောက်ခံမှုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ Crush အယ်လ်ဘမ်သည် ယင်းစာရင်းတွင် တစ်ခုတည်းသော အာရှဒေသမှအယ်လ်ဘမ်တစ်ခု ဖြစ်ပြီး အခြားအယ်လ်ဘမ်များအနေဖြင့် Coldplay၊ Mariah Carey နှင့် Pharrell Williams တို့၏ တေးအယ်လ်ဘမ်များလည်း ပါဝင်သည်။

၂၀၁၄ ခုနှစ်အတွင်း လက်ရှိအချိန်ထိ အကောင်းဆုံးအယ်လ်ဘမ် ၂၅ ခုစာရင်းတွင် နံပါတ် ၂၀ တွင် ရပ်တည်ခဲ့သည့် 2NE1 ၏ Crush အယ်လ်ဘမ်ကို တောင်ကိုရီးယားတွင် ဖေဖော်ဝါရီလက စတင်ဖြန့်ချိခဲ့ခြင်းဖြစ်ပြီး ယင်းအယ်လ်ဘမ်မှ Come Back Home သီချင်းသည် စတင်ထွက်ရှိစဉ်က အွန်လိုင်းပရိသတ်များ၏ အထူးအားပေးမှုရရှိခဲ့သည်။

2NE1 အဖွဲ့အနေဖြင့် လာမည့်ဇွန် ၂၈ ရက်တွင် All or Nothing အမည်ရှိဖျော်ဖြေပွဲကို စင်ကာပူနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းများ ကြိုပို့ရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	မော်တော်ယာဉ်အမျိုးအစား	စီးရေ
(၁)	လူစီး 45 Seators Aircon Express	၅စီး
(၂)	လူစီးယာဉ်ငယ် Saloon	၅စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာသည့်နေ့မှစ၍ ရုံးချိန်အတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ်(၁၂)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၄-၇-၂၀၁၄ ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ ပေးသွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၆၇-၄၀၇၃၂၃ နှင့် ၀၆၇-၄၀၇၃၂၇သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ဖခင်အမည်မှန်

အဖ ဦးကျော်ကျော်ဦး၏သား အထက(၂) ကမာရွတ် GRADE(11)မှ မောင်ထွန်းလင်းကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ဦးဖြစ်ပါကြောင်း။ **ဦးကျော်ကျော်ဦး [၁၂/ကမရ(နိုင်)၀၁၀၃၀၃]**



Satisfy

Beauty Spa (အမျိုးသမီးသီးသန့်)

မိုးရာသီအထူးဈေးနှုန်း

Body Spa ကြေးချွတ်+အသားဖြူသွင်း+တစ်ကိုယ်လုံးနှိပ်+ ချွေးထုတ်(၄)မျိုးပေါင်း

အမှတ်(၂၇)၊ မှန်ရဝေလမ်း၊ ရန်ကင်းစင်တာရှေ့ မင်းကြီးလမ်းမှဝင်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၂၂၆၀၄၁

မိဘအမည်မှန်

ဒဂုံမြို့သစ်(မြောက်ပိုင်း)အထက(၃)၊ Grade -7(C)မှ မသွယ်ဝင့်သူ၏ မိဘအမည်မှန်မှာ ဦးမျိုးသူ[၁၂/ရကန(နိုင်)၀၁၄၉၀၉]နှင့် ဒေါ်မာလာစိုးသွယ် [၁၂/တမန(နိုင်)၀၄၂၇၈၅]တို့ ဖြစ်ပါသည်။

သင့်သွေးဖြင့်
အသက်ကယ်ပါ

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Cold Fresh Business Group တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအားအလိုရှိသည်။

- Finance Manager ကျား/မ (၁)ဦး
- ထုတ်လုပ်ရေးဝန်ထမ်း ကျား (၁၀)ဦး

လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်နေ့မှ (၃)ရက်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

အမှတ်(၂၆)၊ ဥက္ကာလမ်း၊၂/(က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်

Ph:09-73120399, 09-73120369

Email:coldfreshtowel@gmail.com

၂၀၁၄ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များရလဒ်

[၂၀ - ၆- ၂၀၁၄]

အီတလီ	၀ - ၁	ကော်စတာရီကာ
		ရူအစ်ဇ် (၄၄ မိနစ်)

[၂၁ - ၆- ၂၀၁၄]

ဆွစ်ဇာလန်	၂ - ၅	ပြင်သစ်
ဒီဇာမ်မေလီ (၈၁ မိနစ်)		ဂီရောင် (၁၇ မိနစ်)၊
ဟာကာ (၈၇ မိနစ်)		မာတူဒီ (၁၈ မိနစ်)
		ဗယ်လာဘူနာ (၄၀ မိနစ်)
		ဘန်ဇီမာ (၆၇ မိနစ်)
		ဆစ်ဆိုကို (၇၃ မိနစ်)
ဟွန်ဒူးရပ်စ်	၁ - ၂	အီကွေဒေါ
ကော့စ်တီလီ (၃၁ မိနစ်)		အန်နာဗလင်စီယာ
		(၃၄၊ ၆၅ မိနစ်)

၂၀၁၄ ကမ္ဘာ့ဖလားဂိုးသွင်းထားသူများ

၁။	မူလာ	ဂျာမနီ	၃
၂။	ဗန်ပါစီ	ဟော်လန်	၃
၃။	ရော်ဘင်	ဟော်လန်	၃
၄။	ဘန်ဇီမာ	ပြင်သစ်	၃
၅။	အန်နာဗလင်စီယာ	အီကွေဒေါ	၃

အံ့အားသင့်ဖွယ် အနိုင်ရလဒ်နဲ့ နောက်တစ်ဆင့်ကို တက်ရောက်ခဲ့တဲ့ ကော်စတာရီကာ

အင်္ဂလန်၊ အီတလီ၊ ဥရုဂွေး တို့လို အသင်းကြီးတွေ ပါဝင်နေခဲ့တဲ့ မရဏအုပ်စုထဲမှာ အိမ်ဖြည့်အဖြစ်သာ သတ်မှတ်ထားခြင်းခံခဲ့ရတဲ့ ကော်စတာရီကာအသင်းကတော့ ဥရုဂွေး၊ အီတလီတို့လိုအသင်းကြီးတွေကို အံ့အားသင့်ဖွယ် အနိုင်ကစားပြီး နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့ပါပြီ။ အီတလီအသင်းဟာ ဒီနေ့ပွဲစဉ်ကိုအနိုင်ရရင် နောက်တစ်ဆင့်ကို တက်ရောက်နိုင်မှာဖြစ်တာကြောင့် အဓိက ကစားသမား အစုံအလင်နဲ့ပွဲထွက်လာခဲ့ပါတယ်။ ဒါပေမယ့် အင်္ဂလန်ကို အနိုင်ရရှိခဲ့တဲ့လူစာရင်းကို နည်းပြ ပရင်ဒယ်လီဟာ အနည်းငယ်အပြောင်းအလဲ ပြုလုပ်ခဲ့ပြီး ဒဏ်ရာပြဿနာကနေ ပြန်လည်သက်သာလာတဲ့ ဂိုးသမား ဘူဖွန်အပါအဝင် ကွင်းလယ်ပိုင်းမှာလည်း အဘာတီ၊ မော့တာ စတဲ့ကစားသမားတွေနဲ့အတူ ကော်စတာရီကာ အသင်းကို ရင်ဆိုင်ခဲ့ပါတယ်။ ကော်စတာရီကာ အသင်းကတော့ ဥရုဂွေးကို အနိုင်ရရှိခဲ့တဲ့ လူစာရင်းကို အပြောင်းအလဲမပြုလုပ်ဘဲ ဂျိုယယ် ကမ်းဘဲလ်ကို အထောင်ထားကာ ဘရိုင်ယန်ရုဇ်နဲ့ ဘိုလာရိုစ့်က နောက်ကနေ ရံကစားခဲ့ပါတယ်။ အီတလီအသင်းဟာ ပွဲအစအဆုံးဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကော်စတာရီကာ ဘက်ကိုထိုးဖောက်ပေမယ့် ဂိုးရရှိခဲ့ခြင်းမရှိသလိုဂိုးသမားနာဗက်ကန်သွင်းမှုအချို့ကို ကာကွယ်နိုင်ခဲ့တာကြောင့် အီတလီအသင်း ဦးဆောင်ဂိုးနဲ့ ဝေးကွာခဲ့ပါတယ်။ ကော်စတာရီကာ အသင်းကတော့ တန်ပြန်တိုက်စစ်တွေနဲ့ အီတလီဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ပွဲကစားချိန် ၄၄ မိနစ်မှာ ဘရိုင်ယန်ရုဇ်က အနီးကပ် ခေါင်းတိုက်ပြီး သွင်းယူခဲ့တာကြောင့် ကော်စတာရီကာ အသင်း ဦးဆောင်ဂိုးရရှိခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ အီတလီအသင်းက ပွဲကို စိုးမိုးသွားခဲ့ပြီး ဘာလော့တယ်လီ၊ ကန်ဒရီဗာတို့ အခွင့်အရေးတွေရရှိခဲ့ပေမယ့် ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပါဘူး။ အဲဒီနောက်မှာ ပရင်ဒယ်လီဟာ ကာဆာနို၊ အင်ဆစ်ဂ်နီ၊ ကာချီစတဲ့ တိုက်စစ်မှူး သုံးဦးကို တစ်ပြိုင်နက် ထည့်သွင်းပြီး တိုက်စစ်မြှင့်တင်ခဲ့ပါတယ်။ ဒါကြောင့် အီတလီအသင်း ကစားပုံ ပိုကောင်းလာခဲ့ပေမယ့် ကော်စတာရီကာ နောက်တန်းရဲ့ ကြံ့ကြံ့ခံဖျက်ထုတ်မှုတွေကို မကျော်ဖြတ်နိုင်ခဲ့ပါဘူး။ ဒါ့အပြင် ဂျိုယဲယ် ကင်းဘဲလ်ရဲ့ ကန်သွင်းချက်အချို့ကို ဘူဖွန် ခက်ခက်ခဲခဲကာကွယ်ခဲ့တာကြောင့် ပွဲအပြီးမှာတော့ အီတလီတို့ ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့ဘဲ ၁-၀ ရလဒ်နဲ့ရှုံးနိမ့်ခဲ့ကာ နောက်တစ်ဆင့် မျှော်လင့်ချက်အတွက် ဥရုဂွေးနဲ့ နောက်ဆုံးပွဲစဉ်ထိ ရှန်းကန်ရတော့မှာ ဖြစ်ပါတယ်။ **[ကိုရဲ]**

ကမ္ဘာ့ဖလားတွင် မိနစ်လေးထောင်ကျော် ဂိုးပေါက်ပျောက်ဆုံးခဲ့ရသည့် အိုလစ် ဂိုးပြန်ရ

ခရိုအေးရှားအသင်း၏ အဓိကတိုက်စစ်မှူး အိုင်ဗီကာအိုလစ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက်တွင် ၄၃၉၃ မိနစ်ကြာ ဂိုးပေါက်ပျောက်ခဲ့ရပြီးနောက် ကင်မရွန်းအသင်းအား ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အဖွင့်ဂိုးကို သွင်းယူကာ ယင်းမှတ်တမ်းဆိုးအား အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ အိုလစ်သည် ၎င်း၏ပထမဆုံး ကမ္ဘာ့ဖလားသွင်းဂိုးကို ၂၀၀၂ ခုနှစ်တွင် သွင်းယူခဲ့ပြီးနောက် ယခုကဲ့သို့ ၁၁ နှစ်ကြာမှ ကမ္ဘာ့ဖလားတွင် ဒုတိယမြောက်သွင်းဂိုးကို သွင်းယူနိုင်ခဲ့သည်။ ထို့ကြောင့် ၎င်း၏ ကမ္ဘာ့ဖလားကစားခဲ့သည့် ပွဲစဉ်များ၏ မိနစ်ကိုတွက်ချက်ပါက ၄၃၉၃မိနစ်ထိ ကြာမြင့်ခဲ့ပြီးမှ ယခုကဲ့သို့ ဂိုးပြန်လည်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ အိုလစ်က "ကျွန်တော်ဂိုးတွေ အများကြီး သွင်းခဲ့ဖူးပါတယ်၊ ဒါပေမယ့် နိုင်ငံအသင်းနဲ့ သွင်းယူနိုင်တဲ့ဂိုးတွေက ကျွန်တော့်အတွက် ရင်ခုန်စရာကောင်းသလို ပိုပြီးအားရကျေနပ်ရပါတယ်၊ အခုဆို ရင်တော့ ကမ္ဘာ့ဖလားမှာ ဂိုးပေါက်ပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီ၊ဂိုးသွင်းယူနိုင်ခဲ့တာ တကယ်ဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့သည်။

[စွမ်းထက်အောင်]



THE WORLD'S NUMBER ONE LUXURY CAR BRAND HAS ARRIVED.

The arrival of BMW in Myanmar marks a significant change in the way you experience luxury. As the world's number one luxury car brand, our commitment to the highest standards mean you no longer have to compromise, starting with the BMW 528i. Its BMW TwinPower Turbo engine offers a peak torque of 350Nm while the vehicle's 245hp accelerates from 0 to 100 km/h in 6.2 seconds.

(3 years Warranty, inclusive 3 years Maintenance Service and 1 year Comprehensive Motor Insurance)

The wait is now over. Contact : 09 8633 209 or email : [illegible] to experience Sheer Driving Pleasure.

PRESTIGE AUTOMOBILES.
MYANMAR'S EXCLUSIVE AUTHORISED BMW DEALER.

BMW EfficientDynamics
Less emissions. More driving pleasure.

ရေယာဉ်စီးခရီးသွားပြည်သူများ သက်ကယ်အကျီဝတ်ဆင်ရန်လိုအပ်

ရန်ကုန်၊ ဇွန် ၂၁

ရန်ကုန်မြို့မှ တစ်ဖက်ကမ်းရှိမြို့နယ်များသို့ နေ့စဉ်သွားလာလျက်ရှိသော ရေယာဉ်(သမ္ပန်) စီးခရီးသွားပြည်သူများအနေဖြင့် မိမိတို့၏ အသက်အန္တရာယ်လုံခြုံရေးအတွက် အသက်ကယ်အကျီဝတ်ဆင်၍ စီးနင်းကြရန်လိုအပ်ကြောင်း ဇွန် ၁၈ ရက် မထသ(ဗဟို)၌ ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲတွင် မထသ(ဗဟို) အတွင်းရေးမှူးက ပြောသည်။

“အဓိကကတော့ မိုးရာသီဖြစ်ပြီး လေထန်မှုတွေရှိလာတဲ့အခါကျတော့ ခရီးသွားသူတွေ အသက်ကယ်အကျီဝတ်ဖို့ ပြီးခဲ့တဲ့အပတ်ကသွားပြီး ဆွေးနွေးခဲ့တယ်။ အဲဒီမှာ သွားလာနေတဲ့သူတွေက အသက်ကယ်အကျီဝတ်ပြီး သွားတဲ့သူတစ်ယောက်မှမတွေ့ရဘူး။ ခရီးသွားသူတွေကလည်း အသက်ကယ်အကျီဝတ်လိုက်ရင် သူတို့အဝတ်အစားတွေပေကုန်မှာစိုးတာတို့ နေ့တိုင်းသွားလာနေသူတွေဆိုတော့ အတွေ့အကြုံရှိတယ်ဆိုပြီး အလေးမထားကြတော့ဘူး။ နောက်ဆုံးမဝတ်ချင်ရင်တောင် အရေးအကြောင်းဆို အသင့်ဖြစ်အောင် လက်ကကိုင်စီးဆိုတော့လည်း ဘယ်သူမှမကိုင်ကြဘူး။ အဲဒီအကျီတွေက လှေနံရံမှာဒီအတိုင်း ချိတ်နေရတယ်” ဟု ဝင်းကပြောသည်။

ယခုလို ဆောင်ရွက်ရခြင်းမှာ မတော်တဆမှု ဖြစ်ပေါ်လာပါက ခရီးသွားပြည်သူများ အသက်အန္တရာယ်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်ဖြစ်ပြီး အချို့ရေယာဉ်များရှိ အသက်ကယ်အကျီများမှာ ဝတ်ဆင်ရန်ရနိုင်သေးပြီး အချို့လိုင်စင်လဲထားသည့် ရေယာဉ်များတွင် အသက်ကယ်အကျီအသစ်များ တပ်ဆင်ထားရှိသည်။ ခရီးသည်တင်ပြေးဆွဲလျက်ရှိနေသည့် စက်ပြင်းအား ၂၀ အောက်ရေယာဉ်များမှာ ထွက်ခွာရာတွင် ရေလွတ်ရာမှစက်နှိုးရပြီး ရေအတတ်အကျရှိနေသည့်အခါတွင် စက်နှိုး၍မရပါက ရေစီးနှင့်မျောပါသွားပြီး ဆိုက်ကပ်ထားသည့် သင်္ဘောများထဲသို့ ဝင်ရောက်သွားနိုင်ကြောင်း ဝင်းကထပ်မံရှင်းပြသည်။

လက်ရှိအချိန်တွင် ဆိပ်ကမ်းများ၌ အသက်ကယ်အကျီဝတ်ဆင်၍ စီးနင်းကြရန် ဗီနိုင်းများဆိုင်းဘုတ်များဖြင့် သတိပေးရေးသားထားလျက်ရှိသည်။ ရန်ကုန်တစ်ဖက်ကမ်းတွင်ပြေးဆွဲလျက်ရှိသော စက်ပြင်းအား ၂၀ အောက်ရေယာဉ်များ အနေဖြင့် လူသေမှုဖြစ်ပွားသည့် တိမ်းမှောက်မှုများ ဖြစ်ပွားလာပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုင်းပိတ်သိမ်းသွားသည်အထိ အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မထသ(ဗဟို)မှ သိရသည်။

တင်မောင်ဦး

နယ်လှည့်စာကြည့်တိုက် (Mobile Library) မကွေးမြို့ ကန်ပြားကျေးရွာတွင် ဖွင့်လှစ်

မကွေး၊ ဇွန် ၂၁

ဇွန် ၁၈ ရက် မွန်းလွဲ ၂ နာရီက မကွေးမြို့ ကန်ပြားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက် (Mobile Library)ကို သွားရောက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကန်ပြားကျေးရွာ အထက်တန်းကျောင်းခွဲမှ ကျောင်းသူ၊ ကျောင်းသားများအတွက် စာအုပ်စာစောင် အုပ်ရေ ၁၀၀ ခန့် ငှားရမ်းဖတ်ရှုစေပြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ထုတ်ဝေသည့် ဖန်ခါးမြေ မူးယစ်လက်ကမ်းစာစောင်များအား ကျောင်းသား၊ ကျောင်းသူများ လမ်းမှားမလိုက်မိစေရန်နှင့် ဗဟုသုတများရရှိစေရန် ဝေငှပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွှန့်နိုင် လှူဒါန်းသည့် ကျောင်းသုံး ဘောပင်များကို ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတများ ပိုမိုများပြားလာစေရန်နှင့် ကလေးသူငယ်များ စာဖတ်သည့်အလေ့အကျင့်ကောင်းများ တိုးပွားလာစေရန်ရည်ရွယ်လျက် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လစဉ် နယ်လှည့်စာကြည့်တိုက် (Mobile Library)များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်မာလာ(မကွေး)

ငွေကျပ် ၆၃၈ သိန်းတန်ဖိုးရှိပညာ့မျက်မှန်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

လှိုင်းဘွဲ့၊ ဇွန် ၂၁

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကော့ပေါကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း၏ ပညာ့မျက်မှန်ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာန၊ ဖလုံစဝေါ်ပါတီနှင့် မိဘပြည်သူများထည့်ဝင်ငွေများဖြင့် စုစုပေါင်းငွေကျပ် ၆၃၈ သိန်းကုန်ကျခံ၍ ပေ (၉၀×၃၀) RC နှစ်ထပ် ခေတ်မီကျောင်းဆောင်သစ်ကြီးအား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၁၇ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ် ဆောက်လုပ်ရေးနှင့်ပတ်သက်သော စာရွက်စာတမ်းများ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပြီးနောက် အထိမ်းအမှတ်အလံများ ပေးအပ်ခဲ့ရာ ကျောင်းတာဝန်ခံ ဆရာမဒေါ်ဇာဇာထွေးက လက်ခံဆောင်ရွက်ခဲ့သည်။

ပညာ့မျက်မှန်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဇော်မင်း၊ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ ကရင်ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးတို့က တက်ရောက်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရေးစေတနာရှင် အလှူရှင်များ၊ ဖလုံစဝေါ်ပါတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျေးရွာသူကျေးရွာသားများ စုံလင်စွာတက်ရောက်ကြသည်။ အခမ်းအနားတွင် ကော့ပေါကျေးရွာဆရာတော် ဦးပဏ္ဍဝံသ ကိုယ်တိုင်ကြွရောက်၍ အဖွင့်ဩဝါဒကထာ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲကို ကရင်ရိုးရာ ဒုံးယိမ်းအကများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ကိုယ်တိုင် အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

မြဝတီ၊ ဇွန် ၂၁

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး အကြိုဟောပြောပွဲဒုတိယနေ့ကို ဇွန် ၁၈ ရက် မွန်းလွဲ ၂ နာရီက အ-ထ-က(၂) ခန်းမဆောင်၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှဌေးက ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်းကိုလည်းကောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး တပ်စုမှူးရုံးမှ တပ်စိပ်မှူး ဒုတိယရဲမှူး ကံဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အကြောင်းကိုလည်းကောင်း၊ အမှတ်(၃၂) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲမှူးအောင်စည်က မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးစောသိန်းဇေမြင့်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှုနှင့် ပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ငွေက မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း အသီးသီး အသိပညာပေးဟောပြောခဲ့သည်။

ဝေယံလင်း(ပြန်/ဆက်)

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

(a) Tender No.5,6,7 / HPGE/14-15 (Carbon Brush), (Pump) & (Compressor)
(b) Tender No.8,9,10 / HPGE/14-15 (Chiller), (Cooler for Air & Oil) & (Bearing)
(c) Tender No.11/HPGE/14-15 (Circuit Breaker for 11 kV)
(d) Tender No.12/HPGE/14-15 (Control & Other Electric Parts)
(e) Tender No.13/HPGE/14-15 (Spare Parts for Kabaung)
(f) Tender No.14/HPGE/14-15 (Spare Parts for Shwekyin)
(g) Tender No.15/HPGE/14-15 (Spare Parts for Tigyit)
(h) Tender No.16/HPGE/14-15 (Spare Parts for Yeywa)
(i) Tender No.17/HPGE/14-15 (Spare Parts for Kunchaung)
(j) Tender No.18/HPGE/14-15 (Spare Parts for Paung Laung)
(k) Tender No.19/HPGE/2014-2015- Single Core UG Cable (33 kV 400 mm, 150 mm & 11kV 70 mm)
(l) Tender No.20/HPGE/2014-2015- Diesel(HSD) 55,000 Gallon

၂။ Tender No-5 မှ 19 အထိ တင်ဒါပိတ်ရက်မှာ ၂၄-၇-၂၀၁၄ ရက် ဖြစ်ပါသည်။ Tender No-20 အတွက် တင်ဒါပိတ်ရက်သည် ၉-၇-၂၀၁၄ ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၂၉၆ နှင့် ၄၁၀၅၃၈

ဆောက်လုပ်ရေးဝန်ကြီးဌာန

ခန္တီးခရိုင်၊ နန်းယွန်းမြို့နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခန္တီးခရိုင်၊ နန်းယွန်းမြို့နယ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြစ်ကြီးနား-ပန်ဆောင်-လီဒိုလမ်း၊ (ရှင်ဗွေယန်-နန်းယွန်း) လမ်းတာချဲ့ခြင်းလုပ်ငန်းဆောင်ရွက် ရန်ရှိပါသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ် ပါသည်။

(က) တင်ဒါလျှောက်လွှာယူနိုင်သည့်နေ့ရက် - ၂၂-၆-၂၀၁၄ ရက်
(ခ) တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း နန်းယွန်းမြို့။
(ဂ) တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက် - ၁-၇-၂၀၁၄ ရက်
တင်ဒါဖွင့်မည့်ရက် - ၂-၇-၂၀၁၄ ရက်
တင်ဒါဖွင့်မည့်နေရာ - မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ခန္တီးခရိုင်၊ နန်းယွန်းမြို့။

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များအား စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၉-၄၂၉၂၁၅၇၄၉၊ ၀၉-၄၉၅၇၄၅၄၂

မန္တလေးတိုင်းဒေသကြီးအစိုးရ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးဌာနပိုင် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ မန္တလေး-မိုးကုတ်လမ်း၊ မြေကွက်အမှတ်(၁၅၂)ရှိ မြေ(၀. ၅၆)ဧကအား သယ်ယူပို့ဆောင်ရေးနှင့်ဆက်စပ်သော လုပ်ငန်းများ ဖက်စပ်ဆောင်ရွက်ရန် ပြည်တွင်းလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၂၁-၇-၂၀၁၄ ရက်(တနင်္လာနေ့) နံနက် ၉ နာရီမှ ၁၂ နာရီထိ
တင်ဒါစိစစ်မည့်နေရာ - ကုန်စည်ပို့ဆောင်ရေးဌာနခွဲ၊ မန္တလေး၊ တမ္ပဝတီရပ်၊ ချမ်းမြသာစည်မြို့နယ်
တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၂၁-၇-၂၀၁၄ ရက်(တနင်္လာနေ့)၊ ၁၂း၀၀နာရီ

၃။ လျှောက်လွှာနှင့်စည်းကမ်းချက်များကို (၁)စုံလျှင်-၁၀၀၀၀ိ/-ဖြင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ၊ မန္တလေးတွင် ၂၄-၆-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန-Web-Portal တွင်လည်း ကြည့်ရှုနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ဖုန်း-၀၂-၅၉၀၂၆/၂၇/၂၈
၀၂-၇၀၁၉၄၊ ၀၉-၆၅၂၀၉၅၅၊ ၀၉-၄၉၃၃၉၄၉၅

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/ ၇၁၉၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3A/9088 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအရ အစိုးရဌာနအသီးသီး၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ

တိုးတက်လာသောရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု အခြေအနေ

နိုင်ငံတော်အစိုးရသည် ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ရေးကို အားပေးဆောင်ရွက်လျက်ရှိရာ ပြည်တွင်းရှိ လုပ်ငန်းရှင်များနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများသည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့ပါသည်။ ဤသို့ တိုးတက်လာမှုနှင့်အတူ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လျက်ရှိပြီး ဆင်းရဲမှုလျှော့ချရေးနှင့် စားဝတ်နေရေးအဆင်ပြေစေရေးကို အထောက်အကူပြုပေးလျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ ထပ်မံဆက်သွယ်ညှိနှိုင်းဆောင်ရွက်နေသည့် အခြေအနေများအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ထပ်မံတိုးတက်လာမည့် အခြေအနေကောင်းများရှိနေသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ထပ်မံပေါ်ပေါက်လာမည် ဖြစ်ပါသည်-

မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (အရေအတွက်)



မြန်မာနိုင်ငံသား နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (လုပ်သားဦးရေ)



အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန / စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ (Delivery Unit)

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအရ အစိုးရဌာနအသီးသီး၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ

ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းမှ အထောက်အကူပေးနေ

နိုင်ငံတော်အစိုးရ၏ ဖြေလျှော့မှု ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ပေးခဲ့မှုများနှင့်အတူ ပြည်တွင်းအေးချမ်းသာယာမှုနှင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ ရေမြေတောတောင် သဘာဝများက ကမ္ဘာ့ခရီးသွားများကို ဆွဲဆောင်လျက်ရှိနေပါသည်။ ပြည်ပဧည့်သည်များ ဝင်ရောက်မှုများလာသည်နှင့်အတူ ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ ပို့ဆောင်ရေးလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များစသည်တို့ ပိုမိုတိုးပွားလျက်ရှိပြီး မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးလျက် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းကလည်း အထောက်အကူပြုပေးနေကြောင်း တင်ပြအပ်ပါသည်-







ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန / ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ (Delivery Unit)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) **Scale** — **3-Items**
- (1) Digital Scale(60kg/0.01kg),(36 viss) — 20-Nos
- (2) Letter Scale (2kg) — 200-Nos
- (3) Parcel Scale (30kg) — 200-Nos

(ခ) GbE IP မိုက္ကရိုဝေ့ဗ်နှင့် DWDM ဖိုင်ဘာဆက်ကြောင်းများ Interface ပြုလုပ်ရန် — **5-Items**
- (1) LC-LC Path Cord(30m) — 500-Nos
- (2) LC-LC Path Cord(20m) — 500-Nos
- (3) LC-LC Path Cord(10m) — 500-Nos
- (4) PCM Pair Cable(0.6mm,100Pair) — 3000-Meters
- (5) 100E1 Crone(3.6mm,100Pair) (With Crone Connector,Crone base) — 3000-Meters

(ဂ) Ceragon မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် — 3-Items
- (1) 8G,RFU-C ODU(Low/Hight) (With 1m Flexable Waveguide) — 20-Nos
- (2) 6G,RFU-C ODU(Low/Hight) (With 1m Flexable Waveguide) — 20-Nos
- (3) (16E1)Interface Unit(With E1 Cable) — 40-Nos

(ဃ) Avait Gbe IP မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် — **9-Items**
- (1) ODU U 6GHz(Low/Hight) (With 1m Flexable Waveguide) — 40-Nos
- (2) IDU(Standard INU)(With Power Cable, Lan Cable,1.2G Licean Card) — 40-Nos
- (3) IF Interface Card(RAC 6X) (With IF Cable,Lan Cable) — 40-Nos
- (4) GE Interface Card(DAC GE)(With Lan Cable) — 40-Nos
- (5) E1 Interface Card(DAC 16 x)(With E1 Cable) — 40-Nos
- (6) Node Control Card(NCC) — 20-Nos
- (7) Node Protection Card(NPC) — 20-Nos
- (8) IF Cable (RJ 8,300m) — 10-Drums
- (9) N Type Connector(RJ 8) — 100-Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၈-၇-၂၀၁၄ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့် အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည် မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန www.mict.gov.mm Website နှင့် အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၈၀၂၃၁/၀၁-၃၈၄၇၂၂

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအရ အစိုးရဌာနအသီးသီး၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ

လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရန် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု

ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်နေသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရန်အတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် လမ်းပန်းဆက်သွယ်မှုသည် အရေးကြီးပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီတို့မှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ကွင်းဆင်းလျက် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းခရီးသွားလာမှုနှင့် သယ်ယူပို့ဆောင်မှုလုပ်ငန်းများ တိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း တင်ပြအပ်ပါသည်-





ဆောက်လုပ်ရေးဝန်ကြီးဌာန/ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit)

တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၁

တန့်ဆည်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဦးဆောင်သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၃ ရက်တွင် ပေချောင်း-စည်သာ-ညောင်ကိုင်းရွာသွား ကားလမ်းဘေး၌ ယာဉ်မောင်း မျိုးဇော်ဟိန်း မောင်းနှင်လာသော ယာဉ်အမှတ် ၃က/---- COUNTER ခြောက်ဘီး အပြာရောင်ယာဉ်ပေါ်တွင် တရားမဝင် ပျဉ်းကတိုးခွဲသား ၃၁ ချောင်း (၃ ဒသမ ၁၃၇၈ တန်)အား လည်းကောင်း၊ ဦးအောင်ထွန်းသင်း မောင်းနှင်လာသော ယာဉ်အမှတ် ၈/---- GMC ခြောက်ဘီး အစိမ်းရောင်ယာဉ်ပေါ်တွင် တရားမဝင် အင်ခွဲသား ၂၄၀ ချောင်း (၃ ဒသမ ၆၉၁၄ တန်)အား လည်းကောင်း၊ ဦးသိန်းထိုက် မောင်းနှင်လာသော ယာဉ်အမှတ် ဆ/---- CHEVROLET ခြောက်ဘီး အစိမ်းရောင်ယာဉ်ပေါ်တွင် တရားမဝင် ပျဉ်းကတိုးခွဲသား ၃၇ ချောင်း (၃ ဒသမ ၂၆၃ တန်)အား လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး တရားခံများအား သစ်တောဥပဒေအရ တရားစွဲဆိုရန် စီစဉ်လျက်ရှိသည်။

အလားတူ ဇွန် ၅ ရက်တွင် မြိုင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများသည် သင်းမကျေးရွာအုပ်စု ရွာသစ်ကြီးကျေးရွာ တောင်ဘက်နေရာမှ တရားမဝင်နှောခွဲသား ၈၁ ချောင်း(၁ ဒသမ ၃၁၉၀ တန်)အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ဇလွန်၌ အရန်သားဖွားသင်တန်းဆင်းပွဲကျင်းပ

ဇလွန် ဇွန် ၂၁

ဇလွန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွားသင်တန်းဆင်းပွဲကို ဇွန် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဆန်းဝင်းက သင်ကြားပေးလိုက်သော ကျန်းမာရေးအတတ်ပညာများကို မိမိတို့ကျေးရွာတွင် အကျိုးရှိအောင် အသုံးချရန်နှင့် ကျေးရွာများတွင် ကျန်းမာရေးအသိပညာများဖြန့်ဝေပေးရန် မှာကြားသည်။ ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဆုများပေးအပ်ပြီး မြို့နယ်လက်ထောက် ဆရာဝန် ဒေါက်တာပြည့်ဖြိုးသူက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလိုက်နာစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ သင်တန်းသူ ၃၀ တက်ရောက်၍ သင်တန်းကာလမှာ စာတွေ့ လက်တွေ့ ခြောက်လသင်ကြားခဲ့သည်။ သင်တန်းလိုအပ်ချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အေးမြင့်သိန်း (ပြန်/ဆက်)

ဂိုဒေါင်ငှားရန်ရှိသည်

လှိုင်မြို့နယ်၊ ချောင်းဝမှတ်တိုင်နှင့် ရွာမကွေ့မှတ်တိုင်အကြား၊ ဘုရင့်နောင်လမ်းသွယ်၊ ပေ(၆၀×၆၀)ရေ၊ မီး၊ ဖုန်း၊ ရုံးခန်းအပါ၊ လမ်းမကြီးနှင့်ကပ်လျက် လမ်းကျယ်၊ ကားအဝင်အထွက်ကောင်း။

ဆက်သွယ်ရန် ဖုန်း-၀၁-၆၈၀၀၂၄၊ ၀၉-၅၀၁၆၆၁၀၊ ၀၉-၅၀၁၃၀၅၀

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆င/၈၆၆၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမြတ်ခိုင်[၁၂/မဘန(နိုင်)၀၁၀၉၁၃]၏နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဆရာဝန် မှတ်ပုံတင်စာအုပ်၊ ဘဏ်ငွေစုစာအုပ်နှင့် အခြားအရေးကြီး ကတ်ပြားများပါရှိသည့် ပိုက်ဆံအိတ်သည် ၁၃-၆-၂၀၁၄(သောကြာနေ့)ညနေပိုင်းတွင် မင်္ဂလာဒုံမြို့နယ်အတွင်း၌ ပျောက်ဆုံးခဲ့ပါသဖြင့် လက်ခံရရှိထားသူများ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၀၅၃၄၇၈၊ ၅၁၁၉၉၀၁၊ ၀၁-၆၈၄၁၁၂၊ ၀၁-၆၈၅၅၅၈

ပျောက်ဆုံးကြောင်း

ဦးတင်အုန်း[လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)ငြိမ်း၊ မြန်မာ့မီးရထား]၏မှတ်ပုံတင်၊ ဝန်ထမ်းကတ်နှင့် အရေးကြီးစာရွက်စာတမ်းများ ၁၁-၆-၂၀၁၄ရက် တွင် Taxi ပေါ်၌ ကျန်ခဲ့ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၈၆၈၀၂၇၉၊ ၀၉၅၀၉၈၁၄၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P(Hlaw Gar)(USD)/D.D.P(Paung Laung)(Kyat) ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
	Tender No.13/DHPI/Construction Power/2014-2015		
(က)	66KV ဓာတ်အားလိုင်း(၅. ၅)မိုင်နှင့်ဓာတ်အားခွဲရုံအတွက် လိုအပ်သောပစ္စည်းများ	1Lot	D.D.P(Hlaw Gar)(USD)
	Tender No. 14/DHPI/Construction Power/2014-2015		
(က)	11KV ဓာတ်အားလိုင်း(၄. ၁)မိုင်အတွက်ပစ္စည်းများ	1Lot	D.D.P(Paung Laung)(Kyat)
(ခ)	33KV ဓာတ်အားလိုင်း(၂)မိုင်အတွက်ပစ္စည်းများ	1Lot	D.D.P(Paung Laung)(Kyat)

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၆-၇-၂၀၁၄ ရက် ၁၂ း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ် (၆၀)ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန် ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ်(Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ အမှတ်(၁)ဓာတ်အားခွဲရုံဝင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်အမှတ်(၃)အနီး၊ နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၅၁၁၊ ၀၉-၂၅၀၃၄၅၁၃၄၉၊ ၀၉-၄၅၀၅၁၉၂၄၈၊ ၀၉-၄၂၀၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၁၁

"ပေကျယ်" တိုက်ခန်းရောင်းမည်
(ပွဲစားမလို)

စမ်းချောင်းမြို့နယ်၊ အဆင့်မြင့်ပြင်ဆင်ပြီး အသင့်နေတိုက်ခန်းကျယ်များ

၁။ ညောင်တုန်းလမ်း၊ ပေ(၂၅×၅၀)၊ 5.F၊ ကျွန်းပါကေး၊ ကြွေပြား၊ BR(2) သိန်း (၉၇၀)

၂။ သရက်တောလမ်း၊ ပေ(၂၅×၅၀)၊ 3.F၊ ကျွန်းလျှာထိုး၊ ကြွေပြား၊ BR(2)၊ သိန်း (၁၁၀၀)

၃။ ကျွန်းတောလမ်းမ၊ ပေ(၂၀×၅၅)၊ 3.F၊ ကျွန်းပါကေး ၊ကြွေပြား၊ BR(2)၊ သိန်း (၁၁၅၀) (ဝယ်သူသာဆက်သွယ်ရန်)

ဖုန်း-၀၉-၇၃၁၅၆၄၉၄၊ ၀၉-၄၄၉၀၀၂၈၆၅

ဆောင်းပါး

“အဖေ့စကား”

à wuúrtfs]0f

> အဲဒီတရားနှစ်ပါးထိန်းနိုင်ရင် (ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်နဲ့၊ နာစရာရှိရင် လွှမ်းစရာလေးနဲ့ဖြေ) လင်မယားရန်မဖြစ်ဘူး၊ အိမ်နီးချင်းတွေနဲ့လည်း . .

စာရေးသူသည် ၁၇-၆-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာကို နေ့လည် ၁၂ နာရီခန့်တွင် ဖတ်မိသည်။ အစွဲငြိဆုံးဆောင်းပါးတစ်ပုဒ်ကတော့ဖြင့် ဆရာအောင်ကျော်ညို(ဆင်ချဆိပ်)၏ “အဖေ”ဆောင်းပါးဖြစ်ပါသည်။

အမေ၏ အခန်းကဏ္ဍ အဖေ့ကျေးဇူးတို့ကို ရေးသားထားသည်။ အထူးသဖြင့် မိမိအဖေဖြစ်လာမှ အဖေ့ကျေးဇူးကို ပို၍ပို၍ နက်နက်ရှိုင်းရှိုင်းသိဖြစ်ရပုံများပါရှိ၏။ ၁၀ တန်းအောင်သဖြင့် သားကဖုန်းဆက်လိုက်ရာတွင် ခံစားရသောပီတိတို့ကို ပေါ်လွင်အောင် ရေးသားဖော်ပြထား၏။

ထို့ပြင် နောက်ကြောင်းပြန်အဖေ၊ အမေတို့ကို လွမ်းဆွတ်တသမှု၊ သူ ၁၀ တန်းအောင်စဉ်က အဖေမရှိတော့သဖြင့် အမေ၏ဝမ်းသာလွန်း၍ ကျရသောမျက်ရည်၊ သူ၏ဝမ်းသာလွန်း၍ ကျရသောမျက်ရည်တို့ကိုလည်း ကျေးဇူးကြီးမားပုံနှင့်အတူ ရေးသားဖော်ပြထားသည်တို့မှာ စာရေးသူ၏ ရင်ထဲအသည်းထဲသို့ပင် ထိထိခိုက်ခိုက်ကြီးခံစားလိုက်ရပါ၏။ ထို့ကြောင့်ပင် စာရေးသူ၏အဖေ့ကျေးဇူး၊ အဖေ့သွန်သင်မှုတို့ကို ပြန်လည်တင်ပြလိုလွန်းလှသဖြင့် ဤဆောင်းပါးတိုလေးကို ရေးဖြစ်ပါသည်။

စာရေးသူ၏ဖခင်က တောင်သူလယ်သမားကြီးပါ။ ဘုန်းကြီးကျောင်းထွက်ပါ။ သို့သော် သူ့ကြိုးစားမှုဖြင့် ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့တွင် ‘သမစိတ္တပွဲရုံ’ ထူထောင်ပြီး အောင်မြင်သောပွဲရုံတစ်ရုံအဖြစ် ၁၉၅၆/၆၂ လောက်အထိ လူသိများခဲ့၏။ အဖေက -

“ငါ့သားတွေငါ့လို မဆင်းရဲစေရဘူး။ ထွန်တုံးကထိပ်ဆုံးရောက်ရမယ်ကွ” အဖေ့၏ ကြိမ်းဝါးချက်ပါ၊ တကယ်လည်း အထူးကြိုးစားသဖြင့် သားသမီးတွေ ခေတ်ပညာတတ်တွေ ဖြစ်လာခဲ့သည်။ ရန်ကုန်သို့ရောက်အောင် တွန်းတင်ပို့ဆောင်နိုင်ခဲ့သည်။ စာရေးသူ၏ ညီအရင်းဆိုပါလျှင် ‘ဒဂုံတက္ကသိုလ်ပါမောက္ခ’ အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ မကျန်းမာ၍အသက် ၆၀ မပြည့်မီ ကွယ်လွန်သွားခဲ့သည်။

“ငါ့သားသမီးတွေ မလိမ်နဲ့မညာနဲ့၊ မကောက်နဲ့၊ မခိုးနဲ့ အိုကွာ လူ့ကျင့်ဝတ်ငါးပါးလုံအောင်ထိန်း ဒါသိပ်အရေးကြီးတယ်။ လူ့ကျင့်ဝတ်ငါးပါးက သိပ်အရေးကြီးတာ၊ ဒါလူတိုင်းအတွက် ခါးဝတ်ပုဆိုးလိုမြဲရမယ့်ကျင့်ဝတ်။ ဆရာတော်တွေလည်းဟောထားတာ ကျင့်ဝတ်ပျက်ရင် လူ့တန်ဖိုးမဲ့တော့တာပဲ၊ မြဲမှသာ လူ့တန်ဖိုးမြင့်တာ၊ ငါးပါးသီလ မင်းတို့သိပြီးသားပဲ တစ်ချက်ချင်း ငါမပြောတော့ဘူးကွာ”

အဖေက မာမာထန်ထန်ပြောလေ့မရှိ ချိုချိုသာသာဖြင့် နားဝင်အောင် သွန်သင်ဆုံးမပဲ့ပြင်တတ်၏။ ထို့ကြောင့် စာရေးသူတို့က အဖေ့ကို ‘ချစ်ကြောက်ရိုသေ’ ကြပါ၏။ မြေဝယ်မကျ နားထောင်ကြပါ၏။ အသက် ၈၈ နှစ်တွင် ကွယ်လွန်သွားခဲ့ရှာသော အဖေ့ကိုလွမ်းလိုက်ပါဘိတော့။ ကျေးဇူးတွေအနန္တမို့ ဆရာအောင်ကျော်ညိုဆောင်းပါး ဖတ်ပြီး စာရေးသူကိုပါ အဖေ့အလွမ်းဝေဒနာ ကူးလိုက်သောအခါ အသက် ၇၄ နှစ်ရှိပြီဖြစ်သည့် စာရေးသူတောင် မျက်ရည်ဝေ့မိပါ၏။ ဆရာအောင်ကျော်ညိုကတော့ အဖေ့ကျေးဇူးမဆပ်လိုက်ရ၊ စာရေးသူကတော့ ခြောက်နှစ်လုံးလုံး မိမိ၏လစာကို ပေးခဲ့၏။ လွန်ခဲ့သော ၁၀ နှစ် မကွယ်လွန်မီအထိ လစဉ်လတိုင်း မိဘကိုကန်တော့ခဲ့၏။

စာရေးသူ မိဘခြေဖမိုးနှင့် စာရေးသူနဖူးထိပြီး အထူးရှိသေလေးစားစွာ ဂါရဝ နိဝါတမင်္ဂလာအတိုင်း ကန်တော့၍ ကျေးဇူးဆပ်ခွင့်ရခဲ့ပါ၏။ ယင်းကိုပြန်တွေးလေလေကုသိုလ်တွေပွားလေလေပင် ဖြစ်ပါ၏။ အဖေ့ကိုကျေးဇူးပြန်ဆပ်ခွင့်မကြုံလိုက်ရလို့ ဆရာအောင်ကျော်ညို ဝမ်းနည်းမှုကိုလည်း စာနာမိပါသည်။ ကံတရား၏စီမံမှုအတိုင်း သွားလာလှုပ်ရှားနေကြရသည် မဟုတ်ပါလော။ တချို့ဆိုပါလျှင် လူမှန်းသိတဲ့အချိန်တွင် မိဘတွေမရှိတော့ပါ။ ထိုသူတို့နှင့်စာလျှင် တော်ပါသေး၏ဟု ဖြေရမည်သာဖြစ်ပါ၏။

အဖေ့သား အသည်းကြားမှာစွဲနေသည်က နှစ်ချက်ပါ။

“ငါ့သားသမီးတွေ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်နဲ့ကွ၊ နောက်တစ်ခုက နာစရာရှိရင် လွှမ်းစရာလေးနဲ့ဖြေ။ အဲဒါသိပ်အရေးကြီးတယ်”

သားသမီးများဖြစ်သည့် စာရေးသူတို့နားစိုက်ထောင်နေခဲ့ကြပါသည်။ နှစ်ချက်ထဲဆိုတော့လည်း မှတ်ရလွယ်ပါသည်။ အများကြီးဆိုပါက မေ့သွားနိုင်ပါသည်။ ဆက်ပြောပါ၏။

‘ဘယ်သူတရားပျက်ပျက်ကိုယ်မပျက်နဲ့’ ဆိုတာက သူက ကိုယ့်အပေါ် အပြစ်လုပ်လိုက်လို့ တရားပျက်လိုက်လို့ ပြန်ပြီးအတွန်းအလှန်လုပ်ရင် အကုသိုလ်ပဲကွ။ သူနိုင်တုန်း သူက ကိုယ့်ကိုဒုက္ခပေး၊ ကိုယ်နိုင်တော့ ကိုယ်က ပြန်ဒုက္ခပေးမယ်ဆိုရင် ဒီသံသရာမှာ ဘယ်တော့ဆုံးမလဲကွာ။ ဥပမာကွာ၊ ကိုယ်က သူ့သာရေး နာရေးကိုသွားတယ်၊ ကူတယ်။ တာဝန်ကျေတယ် ဆိုပါစို့။ ကိုယ့်သာရေး နာရေးကျတော့ သူမရောက်ဘူးဆိုပါစို့၊ တေးမှတ်မထားနဲ့။ ငါက ငါ့တာဝန်ကျေခဲ့ပြီ၊ သူမလာနိုင်တာက သူ့အကြောင်းတစ်ခုတော့ ရှိပါလိမ့်မယ်။ ဒီလိုလေးနားလည်သင့်တယ်။ နောက်ဆိုသူ့ကိစ္စဘာမှ မလုပ်ပေးတော့ဘူး။ ဒီလိုစိတ်မထားနဲ့”

အဖေက သာရေးနာရေး၊ လူမှုရေးတာဝန်ဝတ္တရားလေးတွေကအစ မှန်ကန်တဲ့သဘောတရားရှိဖို့ တရားမပျက်ဖို့သင်ပေးပါ၏။ ထို့ပြင်ဆက်သေး၏။

“သာရေးနာရေးကိစ္စ၊ သူ့မင်္ဂလာဆောင်သွားလက်ဖွဲ့တယ်၊ လောကီတာဝန်ကျေတယ်၊ ဒါကို အိမ်ထောင်ဦးမှာ တတ်နိုင်သမျှ ပေးလှူလိုက်တဲ့သဘောလို့ နှလုံးသွင်းမှတ်လိုက်တာနဲ့ လောကုတ္တရာကုသိုလ် ဒါနလေးပါ ဖြစ်မသွားဘူးလား”

အဖေ့စကား အဖေ့ဆုံးမမှုပါ၊ နာရေးကိစ္စလည်းပါ၏။ ဆက်၍ပြောသည်ကား -

“ကဲကွာ၊ နာရေးသွား၊ ငွေကူတယ်။ ဝတ္တရားကျေလို့ သဘောထားရင် ဝတ်ကျေတန်းကျေပဲပေ့ါ။ ဩော်-နာရေးဖြစ်တဲ့အချိန် လိုအပ်တဲ့အချိန် တတ်နိုင်သမျှကူလိုက်တာ။ ဒါလဲကုသိုလ်လေးတစ်မျိုးပဲလို့ နှလုံးသွင်း။ လောကဝတ်လည်းကျေတယ်၊ လောကုတ္တရာကုသိုလ်လဲရတယ်ကွ။ စိတ်ကအရေးအကြီးဆုံး၊ နှလုံးသွင်းမှန်ဖို့ပဲ။ နောက်ပြောအုံးမယ်။ နာစရာရှိရင် လွှမ်းစရာလေးနဲ့ဖြေတတ်ရတယ်။ ဒါလေးတော့ဖြင့် သူမကောင်းဘူး။ စိတ်ဆိုးစရာပဲ။ ဒါပေမယ့် ဟိုတုန်းက ငါ့အပေါ် ဘယ်လောက်ကောင်းခဲ့ကျေးဇူးပြုခဲ့တာပဲဆိုတဲ့ ကျေးဇူးကို ပြန်စဉ်းစားလိုက်ရင် လောဘ၊ ဒေါသ၊ မောဟတွေ မြွှေဟောက်ပါးပြင်းထောင်သလို မထောင်တော့ဘူးကွ။ ရင်ထဲအသည်းထဲမှာချမ်းမြေ့စေတယ်လေ။ နာစရာလေးနဲနဲတွေ့တာနဲ့ ပုံကြီးချဲ့ရင်တော့ နာစရာတွေ ဘယ်တော့မှမဆုံးတော့ဘူး။ ရန်ပွဲတွေ စစ်ပွဲတွေအထိ ရောက်ကုန်နိုင်တယ်။

“ဆက်ပြောအုံးမယ်။ အဲဒီတရားနှစ်ပါးထိန်းနိုင်ရင် (ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်နဲ့၊ နာစရာရှိ လွှမ်းစရာလေးနဲ့ဖြေ)၊ လင်မယားရန်မဖြစ်ဘူး၊ အိမ်နီးချင်းနဲ့လည်းသင့်မယ်၊ မိဘနဲ့သားသမီးလည်း အဆင်ပြေမယ်၊ ရပ်ရွာလူကြီးနဲ့ ရွာသားတွေအဆင်ပြေမယ်၊ မြို့ကိုအုပ်ချုပ်သူနဲ့ မြို့နယ်သားတွေ အဆင်ပြေမယ်။ အိုကွာ-ဒီတရားနှစ်ပါးကို တကယ်သိပြီး လူတိုင်းတကယ်ထိန်းရင် စစ်မဖြစ်နိုင်ဘူး။ ဟောဒီ ကမ္ဘာလောကကြီးတစ်ခုလုံး အေးချမ်းမယ်လို့ပဲပြောလိုက်ချင်တယ်ကွာ”

အဖေ့စကား၊ အဖေ့ဆုံးမသွန်သင်မှုများကို အနည်းငယ်တင်ပြလိုက်ရပါသည်။ အဖေ့ကျေးဇူး၊ အမေ့ကျေးဇူး ဆပ်နိုင်ကြပါစေလို့။

မူးယစ်ဆေးဝါးအလွဲသုံးမှုပပျောက်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ညောင်ဦး၊ ဇွန် ၂၁

ညောင်ဦးတွင် ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ကျင်းပသော မူးယစ်ဆေးဝါးအလွဲသုံးမှုပပျောက်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကိုဇွန် ၁၈ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်းပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်အေးနှင့် ဒုတိယမြို့နယ်တရားသူကြီး ဒေါ်သင်းသင်းဇော်တို့က မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ညောင်ဦးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်မျိုးမင်းမင်းက ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့်စပ်လျဉ်းပြီး လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောပြခဲ့သည်။ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က ညောင်ဦးအ-ထ-က ကျောင်းမှ အလယ်တန်း၊အထက်တန်း (အဆင့်) ကျောင်းသား၊ ကျောင်းသူများကို (power point) ဖြင့် လက်တွေ့သရုပ်ပြ၍ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ညောင်ဦး အ-ထ-က ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းဦးရေ ၄၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ရဲသူရအောင်**

စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၁၃/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ/မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-043(14-15)	1500 Series Well head Equipment & Accessories (5) Sets	US$
(၂)	IFB-044(14-15)	2900 Series Well head Equipment & Accessories (4) Sets	US$
(၃)	IFB-045(14-15)	900 Series Well head Equipment & Accessories (11) Sets	US$
(၄)	IFB-046(14-15)	55 Ton Hydraulic Crawler Crane (1) Unit	US$
(၅)	IFB-047(14-15)	Spare Parts for Mud Pump Engine Hydraulic Power Pack Ex HDD Rig (11)Items	US$
(၆)	IFB-048(14-15)	Spare Parts for Drilling Trailer Hydraulic System Ex HDD Rig (16)Items	US$
(၇)	IFB-049(14-15)	Spare Parts for Main Engine Hydraulic Power Pack Ex HDD Rig (7)Items	US$
(၈)	IFB-050(14-15)	Roller Chains for EMSCO Drilling Rig (4) Items	US$
(၉)	IFB-051(14-15)	Mast Raising Line for ZJ50D Sr.I Rig (2)Nos	US$
(၁၀)	IFB-052(14-15)	Oil & Gas Production Accessories (27)Items	US$
(၁၁)	IFB-053(14-15)	2 7/8" & 2 3/8" Tubing (2) Items	US$
(၁၂)	IFB-054(14-15)	Valves & Fitting (7) Items	US$
(၁၃)	DMP/L-009(14-15)	Telephone Cable (No.24 AWG 100 Pair, 50 Pair, 20 Pair & 10 Pair) (4) Items	KS
(၁၄)	DMP/L-010(14-15)	Dell Server & Accessories, Laser Jet Printer, Scanner, Fax Machine & Copier (1) Lot	KS
(၁၅)	DMP/L-011(14-15)	Motor for CNG Compressor (3) Items	KS

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၆-၇-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆



မြန်မာကျပ်ငွေဖြင့် မီးရထားစီးနင်းခကောက်ခံပြီးနောက် နိုင်ငံခြားသားများစီးနင်းမှုပိုမိုများလာ

ရန်ကုန်၊ ဇွန် ၂၁

၂၀၁၄ခုနှစ်၊ ဧပြီ ၁ ရက်မှစတင်၍ နိုင်ငံခြားသားခရီးသွားများ၏ မီးရထားလိုက်ပါစီးနင်းခအား နိုင်ငံသားများနည်းတူ မြန်မာကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံပြီးနောက် ပုဂံဒေသတွင် မီးရထားစီးနင်းသူ ပြည်ပခရီးသွားဧည့်သည်ဦးရေ ယခင်နှစ် ဧပြီလထက် ပိုမိုများပြားလာခဲ့ကြောင်း ပုဂံမီးရထားဘူတာရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဧပြီ ၁ ရက်နေ့ကစပြီး နိုင်ငံခြားသားတွေကို ဒေါ်လာနဲ့မရောင်းတော့ဘဲ မြန်မာနိုင်ငံသားတွေနည်းတူ လက်မှတ်ခနှုန်းပဲ ရောင်းချပေးပါတယ်။ ဒီလိုရောင်းချပေးတဲ့လကစပြီး နိုင်ငံခြားသားတွေ ပုဂံကနေ ရန်ကုန်၊ မန္တလေးသွားတဲ့ခရီးစဉ်တွေမှာ မီးရထားပိုစီးလာတာတွေ့ရပါတယ်။အရင်တုန်းကတော့ နိုင်ငံခြားသားတွေကို ရထားက လေအေးပေးစက် မပါရင် ဒေါ်လာ ၄၀ နဲ့ လေအေးပေးစက်ပါရင် ဒေါ်လာ ၅၀ နှုန်း ရောင်းချခဲ့ပါတယ်" ဟုပုဂံဘူတာ၏ ရုံပိုင်ကြီးဦးညဏ်တင့်က ပြောသည်။

လက်ရှိတွင် ပုဂံဘူတာမှနေ့စဉ် မန္တလေးမြို့သို့ နံနက် ၄ နာရီတွင် အမှတ် ၁၁၇ အဆန် လူစီးကုန်တင်ရထားတစ်စီး၊ နံနက် ၇ နာရီတွင် အမှတ် ၁၁၉ အဆန် လူစီးအမြန်ရထားနှင့် ညနေ ၅ နာရီတွင် အမှတ် ၆၂ အစုန် ပုဂံ-ရန်ကုန် အထူးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိပြီး ပြည်ပနိုင်ငံခြားသား ခရီးသွားဧည့်သည်များအနေဖြင့် အမှတ် ၁၁၉ အဆန် ပုဂံ-မန္တလေး လူစီးအမြန်ရထားနှင့် အမှတ် ၆၂ အစုန် ပုဂံ-ရန်ကုန် အထူးအမြန်ရထားများကိုသာ အများဆုံးလိုက်ပါစီးနင်းကြကြောင်း သိရသည်။

၂၀၁၃ခုနှစ်၊ ဧပြီလကုန်တွင် ပုဂံ-မန္တလေး လူစီးအမြန်ရထားစီးနင်းသူ ပြည်ပဧည့်သည် ၄၀ ဦး၊ ပုဂံ-ရန်ကုန် အထူးအမြန်ရထားစီးနင်းသူ ၅၅ ဦးနှင့် မေလကုန်တွင် ပုဂံ-မန္တလေး ၂၉ ဦး၊ ပုဂံ-ရန်ကုန် တွင် ၁၆ ဦးတို့သာရှိခဲ့သော်လည်း ယခုနှစ်ဧပြီလကုန်တွင် ပုဂံ-မန္တလေး ၁၀၁ ဦး၊ ပုဂံ-ရန်ကုန် ၁၃၀ ဦးနှင့် မေလကုန်တွင် ပုဂံ-မန္တလေး ၆၄ ဦး၊ ပုဂံ-ရန်ကုန် ၄၃ ဦးအထိ တိုးတက်များပြားလာသကဲ့သို့ လက်ရှိဇွန်လအတွင်းတွင်လည်း နေ့စဉ်ပြည်ပခရီးသည် ပျမ်းမျှ ၁၀ ဦးဝန်းကျင်ခန့် လိုက်ပါစီးနင်းလျက်ရှိသည်။

ပုဂံဘူတာမှ နေ့စဉ် မန္တလေးဘူတာကြီးနှင့် ရန်ကုန်ဘူတာကြီးသို့ လိုက်ပါစီးနင်းနေသော ပြည်ပခရီးသွားဧည့်သည်များအား ရထားပေါ်တွင် သန့်ရှင်းသပ်ရပ်မှုရှိစေရန် စီစဉ်ပေးထားခြင်း၊ ခရီးစဉ်အတွင်း မျက်နှာသုတ်ပဝါနှင့် ဆပ်ပြာများ ဝေငှပေးနေသကဲ့သို့ ပုဂံဘူတာရုံတွင်လည်း ပြည်ပနိုင်ငံခြားသား ခရီးသွားများ အေးချမ်းစွာအနားယူနိုင်ရန်အတွက် ရေ၊ လျှပ်စစ်မီး၊ လေအေးပေးစက်နှင့် ပန်ကာများပါရှိသော သီးသန့်နားနေဆောင်ကို ပြင်ဆင်ပေးထားခြင်းနှင့် အရေးပေါ်လိုအပ်ပါက အသင့်ကူညီနိုင်ရန် မီးရထားရဲများထားရှိထားကြောင်းလည်း သိရသည်။

"မကြာမီဆောင်ရွက်ဖို့စီစဉ်နေတဲ့ ကမ္ဘာလှည့်ခရီးသည်တွေအတွက် ပုဂံ-ကျောက်ပန်းတောင်းလမ်းပိုင်းမှာ ရေနွေးငွေ့စက်ခေါင်းနဲ့ အထူးရထားပြေးဆွဲလာခဲ့မယ်ဆိုရင် နိုင်ငံခြားသားတွေ စိတ်ဝင်စားမှာပါ။ သူတို့တွေက ပုဂံနဲ့ကျောက်ပန်းတောင်းကြားမှာရှိနေတဲ့ သဘာဝရှုခင်းတွေ အရမ်းကြည့်ချင်ကြပါတယ်" ဟု ပုဂံမီးရထားဘူတာမှ ရုံပိုင်ကြီးဦးညဏ်တင့်က ထပ်မံပြောကြားခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားများ၏ အထူးစိတ်ဝင်စားစရာဖြစ်သော ပုဂံရှေးဟောင်းနယ်မြေသို့ ၂၀၁၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုဦးရေမှာ ၁၉၆၃၆၉ ဦးရှိခဲ့ပြီး ပုဂံမြို့မှ မန္တလေးမြို့နှင့် ရန်ကုန်မြို့များသို့ ပြည်ပခရီးသွားဧည့်သည်များ၏ တစ်နှစ်ပတ်လုံး မီးရထားဖြင့် လိုက်ပါစီးနင်းသူဦးရေမှာ ၁၀၈၄ ဦး ရှိခဲ့ကြောင်း သိရသည်။

စိုးအောင်ဖေ

မူလတန်းကျောင်းများတွင် နွားနို့တိုက်ကျွေး

ဖျာပုံ၊ ဇွန် ၂၁

အနာဂတ်ကလေးငယ်များ ကျန်းမာကြံ့ခိုင်ရေးနှင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေမည့် အလေ့အကျင့်ကောင်း ရရှိလာစေရန်ရည်ရွယ်ကာ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများ၌ နွားနို့များ တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

ဖျာပုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများ၌ နွားနို့တိုက်ကျွေးရေးအစီအစဉ်ကို ဇွန် ၁၈ ရက်က အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းတွင် စတင်တိုက်ကျွေးခဲ့ပြီး၊ ဖျာပုံမြို့နယ်တွင် နို့တိုက်ကျွေးရေး အစီအစဉ်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကာ အလှူရှင်များ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ဆက်လက်တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလို အခြေခံပညာမူလတန်းကျောင်းတွေမှာ နို့တိုက်ကျွေးရေး အစီအစဉ်တွေကြောင့် ကလေးငယ်များမှာ ငယ်စဉ်ကစပြီး နွားနို့သောက်သုံးတဲ့ အလေ့အကျင့်တွေ ရရှိမှာဖြစ်ပါတယ်။ နို့တိုက်ကျွေးရေး အစီအစဉ်များကို ဆောင်ရွက်ရာမှာလည်း ဆင်းရဲနွမ်းပါးတဲ့ကျောင်းတွေကို ဦးစားပေးရွေးချယ်ပြီး အလှူရှင်တွေနဲ့ ချိတ်ဆက်အကူအညီရယူပြီး စီမံကိန်းအောင်မြင်အောင် အစွမ်းကုန်ဆောင်ရွက်သွားပါမယ်" ဟု ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ကြည်ကြည်သိန်းက ပြောကြားသည်။

ကလေးငယ်များ အရည်အချင်းပြည့်ဝပြီး ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သည့် အနာဂတ်ခေါင်းဆောင်များ ပေါ်ထွန်းလာစေရေးနှင့် တစ်ဖက်တွင်လည်း ဒေသတွင်း နို့စားနွားမွေးမြူရေးလုပ်ငန်းတွင်ကျယ်လာစေရန် ရည်ရွယ်ပါကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

သီပေါနှင့်လားရှိုးဒေသရှိ နောင်ကွဲကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများညှိနှိုင်းဆွေးနွေး

သီပေါ၊ ဇွန် ၂၁

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးထွန်းရင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါနှင့်လားရှိုးမြို့နယ်ကြားရှိ နောင်မွန်ကျေးရွာအုပ်စု နောင်ကွဲကျေးရွာ ရွာဦးကျောင်း ကောင်ခမ်းဘုန်းတော်ကြီးကျောင်း၌ ဒေသခံကျေးရွာပြည်သူ ၁၀၀ ကျော်နှင့်တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

နောင်ကွဲကျေးရွာ ရပ်မိရပ်ဖ ဦးတင်ထွန်း(အောင်ဆွေမိုး) က ၎င်းတို့ကျေးရွာသည် ပြည်ထောင်စုလမ်းမကြီးပေါ်တည်ရှိ၍ လူဦးရေမှာလည်း တစ်နေ့တခြားတိုးတက်များပြားလာကာ ပညာရေး၊ စီးပွားရေး၊ လူမှုရေးမှအစ ခေတ်နှင့်အညီ တစ်ပြေးညီဖြစ်ရေးလျှပ်စစ်မီးလင်းရေးကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မီးလင်းရေးကော်မတီကို ဖွဲ့စည်းပြီး ကနဦးရန်ပုံငွေကျပ်သိန်း ၅၀ ကို သက်ဆိုင်ရာသို့ ပေးသွင်းထားပြီးဖြစ်ပါကြောင်း တင်ပြသည်။

ဆက်လက်၍ ကျေးရွာမီးလင်းရေးကော်မတီ အတွင်းရေးမှူးဦးစိုင်းနောင့်နှင့် အဖွဲ့ဝင်ဦးနောင်နောင်၊ ဦးအောင်မျိုးလှိုင်တို့ကလည်း ၎င်းကျေးရွာအနေဖြင့် အိမ်ခြေ ၈၉ အိမ်၊ မီတာ ၉၅ လုံးအတွက်တစ်အိမ်မီတာတစ်လုံး ငွေကျပ်ခြောက်သိန်းနှုန်းဖြင့် လည်းကောင်း၊ ထို့ပြင်နောင်လမ်းနှင့်ကောင်းဟုန်းကျေးရွာ ပြည်သူများလည်း မီးလင်းရေးအတွက် လိုလားလျက်ရှိပါကြောင်း၊ ထို့ကြောင့်ပြည်နယ်လျှပ်စစ်ဝန်ကြီးအနေဖြင့် မန္တလေး၊ လားရှိုးပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အထက်တင်ပြပါကျေးရွာများအတွက် မီးလင်းရေးကို ကူညီဆောင်ရွက်ပေးပါရန် ဒေသခံပြည်သူများကိုယ်စားတင်ပြအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ကျေးရွာမီးလင်းရေးကော်မတီအနေဖြင့် ရုံးလုပ်ငန်းလုပ်ထုံးလုပ်နည်းများအတိုင်း ကျေးရွာဒေသ လျှပ်စစ်မီးလင်းရေးကို ကူညီသွားမည်ဖြစ်ကြောင်း ဦးစိုင်းထွန်းရင်က ပြောကြားသည်။ **စိုင်း(သီပေါ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ အိမ်ရာနှင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က)	ကျေးလက်ကွန်ကရစ်လမ်း	၂၇/၇. ၂၉ မိုင်
(ခ)	(၃')အကျယ် ကွန်ကရစ်ဘီးလမ်း	၂၆/၁. ၂၉ မိုင်
(ဂ)	ကွန်ကရစ်ဆိုင်ကယ်လမ်း	၁/၂. ၂ မိုင်
(ဃ)	ကျေးလက်ဂဝံလမ်း	၂/၆. ၅ မိုင်
(င)	ကျေးလက်မြေနီလမ်း	၁၆/၅. ၃ မိုင်
(စ)	ကျေးလက်မြေသားလမ်း	၅၉/၄ မိုင်
(ဆ)	ကျေးလက်ကွန်ကရစ်တံတား(ဘိုးပိုင်)	၁၀၉၅ ပေ
(ဇ)	ကျေးလက်အုတ်ခုံခံ သစ်သားတံတား	၅၆၀ ပေ
(ဈ)	ကျေးလက်ရေပြွန်	၅၀၀ ပေ
(ည)	ကျေးလက်တွင်းနက်	၃၅ တွင်း
(ဋ)	ကျေးလက်တွင်းတိမ်	၁၅ တွင်း
(ဌ)	ကျေးလက်လက်တူးတွင်း	၁၅ တွင်း
(ဍ)	ကျေးလက်မြေသားရေကန်	၅၂ ကန်
(ဎ)	အခြား (ရေကန်ခြံစည်းရိုး)	၃ခု
(ဏ)	လျှပ်စစ်ဓာတ်အား	၃ ခု
(တ)	ကျေးလက်နေရောင်ခြည်စွမ်းအင်	၇၅၂၀ ခု
(ထ)	ကျေးလက်အိမ်ရာ	၂၉ လုံး
(ဒ)	ကျေးလက်အိမ်သာ	၁၁ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၇-၆-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်းလမ်း၊ အမှတ်(၂၄၅)၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၁၇-၇-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံး ထား၍ တင်ဒါများတင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဦးစီးဌာန ဖုန်းနံပါတ်-၀၁- ၉၀၁၀၄၃၇၊ ၀၁-၂၀၁၃၉၄ များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ



သစ် ပင် စိုက် ပါ ဒို့ ကမ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

ခြံမြေအမြန်ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ လှည်းကူးတာဆုံအနီး၊ လှည်းကူး-ဖောင်ကြီးလမ်းမဘေး၊ (၁. ၀၉) ဧကကျယ်ဝန်းသော ခြံမြေအား ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်။

ဆက်သွယ်ရန်
ဖုန်း-၀၉-၉၄၃၁၈၁၂၉
(ညှိနှိုင်းဈေးနှုန်းဖြင့်)

တိုက်ခန်းကျယ်ရောင်းမည်

သံသုမာလမ်းမကြီးပေါ်၊ (သုဝဏ္ဏ)၊ နေရာအလွန်ကောင်း၊ မျက်နှာစာနှစ်ဖက်၊ ပတ်ဝန်းကျင်သန့်၊ မှတ်တိုင်၊ ရုံး၊ ကျောင်း၊ အားလုံးနှင့်နီး၊ အဆင့်မြင့် ပြည့်စုံစွာပြင်ပြီး တိုက်သစ်၊ အခန်းသစ်၊ ပေ(၁၈×၅၅)၊ ဒု-ထပ်၊ အသင့်နေနိုင်၊ သိန်း(၈၁၀)၊ ပွဲစားလုံးဝမအပ်ပါ။

ဖုန်း-၀၉-၂၅၀၆၇၇၉၆၇

F.M.I အိမ်ရာဝင်း
လုံးချင်းရောင်းမည်

C-Block၊ အရှေ့လှည့်
ထောင့်ကွက်၊ ရှယ်ပြင်ဆင်ပြီး။
ဖုန်း-၆၈၂၄၄၅၊
Ext:1438, 243326

အိမ်စီးကားသန့်သန့်ရောင်းမည်

ID-----2500 CC
Grande Mark II, Model-2000
Color-Pearl Gold
၁၃၄သိန်း
Condition အလွန်ကောင်း
ပွဲစားမလို
ဖုန်း-၀၉-၅၁၁၇၇၆၇၊
၀၉-၂၅၀၆၄၇၅၁၁

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိုဘိုင်းတယ်လီဖုန်းများအား
၂၀၁၄ ခုနှစ် ဇွန်လတွင် ဆက်လက်ဖြန့်ဖြူးရောင်းချပေးမည့်အစီအစဉ်

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းတယ်လီဖုန်းများကို ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်စေရန်နှင့် အဆင်ပြေချောမွေ့စွာ ဆက်သွယ်ဆောင်ရွက်နိုင်စေရန်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလမှစတင်၍ တန်ဖိုးနည်းမိုဘိုင်းတယ်လီဖုန်း SIM Card များအား တစ်ကတ်လျှင် (၁၅၀၀/-)ကျပ်နှုန်းဖြင့် တစ်လလျှင် ဖုန်းအလုံးရေ (၃၅၀၀၀၀)ကို ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ လစဉ်ခွဲဝေဖြန့်ဖြူးပေးခဲ့ပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရောင်းချပေးလျက်ရှိပါသည်။

၂။ ယင်းသို့ရောင်းချပေးခဲ့ရာတွင် ၂၀၁၃ခုနှစ်၊ ဧပြီလမှ ၂၀၁၄ ခုနှစ် မေလအထိ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးသို့ တန်ဖိုးနည်း CDMA 800 MHzတယ်လီဖုန်း (၂၇၄၀၀၀၀)လုံး၊ GSM တယ်လီဖုန်း(၁၆၄၉၇၀၀)လုံးနှင့် WCDMA တယ်လီဖုန်း(၆၆၀၃၀၀) လုံး၊စုစုပေါင်းတန်ဖိုးနည်း မိုဘိုင်းတယ်လီဖုန်း(၅. ၀၅)သန်း ရောင်းချပေးခဲ့ပါသည်။ အဆိုပါတန်ဖိုးနည်းမိုဘိုင်းတယ်လီဖုန်းများအပါအဝင် တစ်နိုင်ငံလုံးတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းတယ်လီဖုန်းပေါင်း(၈. ၈၅)သန်းကျော် ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုအခါတွင် တယ်လီဖုန်းခေါ်ဆိုခ(၁၀၀)ကျပ် ကြိုတင်ပေးသွင်းထားသော CDMA 800MHz/GSM/WCDMA တန်ဖိုးနည်း မိုဘိုင်းဖုန်း SIM Card များကို တစ်ကတ်လျှင်(၁၅၀၀/-)ကျပ်နှုန်းဖြင့် ၂၀၁၄ ခုနှစ်၊ ဧပြီလမှ စတင်၍တစ်လလျှင် (၄၀၀၀၀၀)သို့ တိုးမြှင့်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ အဆိုပါပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ပြည်သူများအတွက် ပုံမှန်ရောင်းချပေးနေသည့် အစီအစဉ်တွင် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ခံစားနေသည့် အငြိမ်းစားဝန်ထမ်းများအတွက်လည်း ဆက်လက်ထည့်သွင်း ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပါသည်။

၄။ ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် တန်ဖိုးနည်းမိုဘိုင်းတယ်လီဖုန်းများကို ဆက်လက်ဖြန့်ဖြူးရောင်းချရာ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်ရှိတပ်ဆင်ပေးထားသော ရေဒီယိုစခန်းများ၏ လိုင်းအင်အားနှင့် အမှန်တကယ်သုံးစွဲနေသော အခြေအနေများအပေါ် မူတည်၍ပြည်သူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ အောက်ပါအတိုင်း အချိုးကျခွဲဝေပေးရန် လျာထားတွက်ချက်ထားရှိပါသည်။

၂၀၁၄ ခုနှစ်၊ ဇွန်လတွင် တန်ဖိုးနည်းမိုဘိုင်းတယ်လီဖုန်းများ ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် ပြည်နယ်/တိုင်းဒေသကြီး အလိုက်ခွဲဝေပေးရန် လျာထားမှုအခြေအနေ

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	အများပြည်သူ		ပင်စင်စား	စုစုပေါင်း
		CDMA 800	GSM	WCDMA	
၁။	နေပြည်တော်ကောင်စီနယ်မြေ		၁၈၀၀၀	၂၂၀၀	၂၀၂၀၀
၂။	ကချင်ပြည်နယ်			၁၃၀၀	၁၃၀၀
၃။	ကယားပြည်နယ်			၄၀၀	၄၀၀
၄။	ကရင်ပြည်နယ်		၂၀၀၀	၉၀၀	၂၉၀၀
၅။	ချင်းပြည်နယ်			၇၀၀	၇၀၀
၆။	စစ်ကိုင်းတိုင်းဒေသကြီး		၄၀၀၀	၃၆၀၀	၇၆၀၀
၇။	တနင်္သာရီတိုင်းဒေသကြီး		၃၀၀၀	၇၀၀	၃၇၀၀
၈။	ပဲခူးတိုင်းဒေသကြီး(အရှေ့)		၅၀၀၀	၃၆၀၀	၈၆၀၀
၉။	ပဲခူးတိုင်းဒေသကြီး(အနောက်)		၇၀၀၀	၁၆၀၀	၈၆၀၀
၁၀။	မကွေးတိုင်းဒေသကြီး		၁၁၀၀၀	၃၃၀၀	၁၄၃၀၀
၁၁။	မန္တလေးတိုင်းဒေသကြီး		၂၀၀၀၀	၅၃၀၀	၂၅၃၀၀
၁၂။	မွန်ပြည်နယ်		၉၀၀၀	၂၀၀၀	၁၁၀၀၀
၁၃။	ရခိုင်ပြည်နယ်		၄၅၀၀	၁၇၀၀	၆၂၀၀
၁၄။	ရန်ကုန်တိုင်းဒေသကြီး	၂၅၀၀၀၀		၁၅၀၀၀	၂၆၅၀၀၀
၁၅။	ရှမ်းပြည်နယ်(မြောက်ပိုင်း)		၂၀၀၀	၁၀၀၀	၃၀၀၀
၁၆။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)		၁၅၀၀	၅၀၀	၂၀၀၀
၁၇။	ရှမ်းပြည်နယ်(တောင်ပိုင်း)		၃၀၀၀	၁၆၀၀	၄၆၀၀
၁၈။	ဧရာဝတီတိုင်းဒေသကြီး		၁၀၀၀၀	၄၆၀၀	၁၄၆၀၀
		၂၅၀၀၀၀	၁၀၀၀၀၀	၅၀၀၀၀	၄၀၀၀၀၀

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မိုးရာသီအထူးအစီအစဉ်
ဗုဒ္ဓဟူးနေ့တိုင်း
EVERY WEDNESDAY
50% DISCOUNT (Food Only)

ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ဆိုခြင်း

ဦးညဏ်လင်း+ဒေါ်မြင့်မြင့်

မိသားစုတစ်စုကောင်းမှု

ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ဆိုခြင်း

နှစ်ဖက်သောမိဘများအားရည်စူး၍

ဦးကိုကိုလေး+ဒေါက်တာဒေါ်အေးအေးမွှယ်

မိသားစုကောင်းမှု

ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ဆိုခြင်း

သား၊သမီးများဖြစ်ကြသော–ဒေါ်ကြည်မြင့်၊မောင်မြင့်နိုး

မလှမြင့်၊မောင်ထွန်းအေး–မောင်နှမတစ်စုကောင်းမှု

ကျေးဇူးဆပ်ပါမည်
ကျွန်မ မနီနီခင် နိုင်ငံကူးလက်မှတ် M -712613 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph:09-2540784611

သွေးသည်အသက်

NIKKO
BEAUTY & SKIN CARE CENTRE
" မိုးရာသီ Special Discount "
Grace Skin Care ... Skin Change ... Grace Skin Care Products ... Facial Treatment ကို Gold Mask, Green Mask, Collagen Mask များဖြင့် ...
Ph : 01-655055, 09-421744293

ကြော်ငြာ

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့

အခြေခံပညာကျောင်းအသီးသီးမှ စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့်ဒသမတန်းအောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်လက် မတက်ရောက်နိုင်သော ကလေးများနှင့် လူငယ်များ၊ မြန်မာစာရေးတတ်၊ ဖတ်တတ် အဆင့်ရှိ ကလေးများနှင့် လူငယ်များအနေဖြင့် အစိုးရဝန်ကြီးဌာန အသီးသီးမှ ဖွင့်လှစ်သော နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးပညာသင်တန်းများကို တက်ရောက်သင်ယူနိုင်သည့် အခွင့်အလမ်းများရှိပါသည်။ အချို့သောဝန်ကြီးဌာနများတွင် Mobile Vocational Training Unit များလည်း ဖွဲ့စည်းထားရှိပါသည်။

Mobile Vocational Training Unit များသည် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်အညီ သင်ကြားပေးစေလိုသည့် ဘာသာရပ်၊ သင်တန်းအမျိုးအစားဖြင့် သက်ဆိုင်ရာမြို့နယ်မှ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် တောင်းဆိုပါက အနည်း ဆုံးသင်ယူလိုသူ ၃၀ဦးထက်မနည်း စုစည်းပေးနိုင်မည်ဆိုလျှင်သက်ဆိုင်ရာဌာနမှ ယင်း Mobile Vocational Training Unitအဖွဲ့များစေလွှတ်၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အစိုးရဝန်ကြီးဌာန အသီးသီးအနက်မှ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ယှဉ်တွဲပါဇယားအရ အမည်ဖော်ပြထားသော သင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ တက်ရောက်သင်ကြားလိုသူများအနေဖြင့် သက်ဆိုင်ရာသင်တန်းကျောင်း (သို့မဟုတ်)အောက်ဖော်ပြပါ ဝန်ကြီးဌာန ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

အထူးလုပ်ငန်းအဖွဲ့-၀၁-၅၅၅၈၂၄၊ ၀၁-၅၄၂၈၇၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန-၀၆၇-၄၀၄၅၀၅၊ ၀၆၇-၄၀၄၅၀၆(နေပြည်တော်)

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ၀၁-၅၆၄၇၇၃

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ပို့ချလျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများ

စဉ်	ဝန်ကြီးဌာန	သင်တန်းကျောင်းအမည်/လိပ်စာ	ဖွင့်လှစ်နေသောသင်တန်းများ	သင်တန်းသားအရည်အချင်း	သင်တန်းကာလ	သင်တန်းကြေး သင်တန်းအစအဆုံး	စားစရိတ်	အဆောင်	သင်တန်းဆင်းလက်မှတ်အဆင့်	မှတ်ချက်
၁။	အလုပ်သမား အလုပ်အကိုင် နှင့်လူမှုဖူလုံရေး ဝန်ကြီးဌာန	ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်း ကျောင်း (ရန်ကင်း၊ မန္တလေး၊ ပုသိမ်)	၁။ အခြေခံဂဟေ ဆက်အတတ်ပညာသင်တန်း	အခြေခံ ပညာအလယ်တန်း အဆင့်	၆ပတ်	၃၈၀၀၀ကျပ်	မိမိ အစီအစဉ်	မိမိ အစီအစဉ်	Certificate	
			၂။ အခြေခံလျှပ်စစ် အတတ်ပညာသင် တန်း		၆ပတ်	၂၄၀၀၀ကျပ်				
			၃။ အခြေခံတွင်ခုံ/ ဖောက်ခုံသင်တန်း		၆ပတ်	၂၈၀၀၀ကျပ်				
			၄။ ပိုက်ဆက် သင်တန်း		၆ပတ်	၆၀၀၀၀ကျပ်				
			၅။ ကြီးကြပ်ရေးမှူး သင်တန်း	ဘွဲ့ရ	၂ပတ်	အခမဲ့				
			၆။ ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ရေးသင်တန်း	ဘွဲ့ရ	၂ပတ်					
			၇။ ညွှန်ကြားပြသမှု နည်းပညာသင်တန်း	ဘွဲ့ရ	၂ပတ်					

တိုက်ခန်း(အငှား)

၃လွှာ-(အလုံမြို့နယ်)

Ph: 09-32186506



ဝယ်လိုသည်

ကားအပ်ပြီးစလစ်

စ၊ ဆ၊ မ ၁က၊ ၂ကအထိ

အပ်ကား

Ph: 09448007377

ခင်နဒီ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း အကောင်းဆုံးဝန်ဆောင်မှုများကို ခံစားရင်း ခင်နဒီနှင့် ခရီးသွားကြပါစို့

ပြည်၊ ရွှေတောင်၊ အကောက်တောင်(ဘုရားပွဲတော်) ဘုရားဖူးခရီးစဉ်

July 10-11(၁ညအိပ်-၂ရက်ခရီး)

(ဝါဆိုလပြည့်နေ့ အထူးခရီးစဉ်) **ဖုန်း ၀၉-၅၁၄၇၇၇၁၊ ၀၉၃၃၅၄၅၉၀၉**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၉

ဦးအောင်သိန်း နှင့် ဦးဘအောင်

(တရားလို) **(တရားပြိုင်)**

ဦးဘအောင် အမှတ်(၉၆၆)၊ ဦးဘချိုလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ ဇွန်လ ၂၇ရက်(၁၃၇၆ခုနှစ်၊ ဝါဆိုလဆန်း ၁ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေ ရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေ တင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဇွန်လ ၁၆ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်သန်းဝင်း)

မြို့နယ်တရားသူကြီး

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၅

ဒေါ်စန္ဒာဝင်း နှင့် ဦးရွှေထွန်း

(တရားလို) **(တရားပြိုင်)**

ဦးရွှေထွန်း မ-၄၄၈၊ ဇီဝကလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ ဇွန်လ ၂၇ရက်(၁၃၇၆ခုနှစ်၊ ဝါဆိုလဆန်း ၁ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဇွန်လ ၁၆ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်သန်းဝင်း)

မြို့နယ်တရားသူကြီး

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၂

ဦးစိုးမြင့်(ခ)ဦးဟုတ်စိန် နှင့် ဦးခင်မောင်လေး

(တရားလို) **(တရားပြိုင်)**

ဦးခင်မောင်လေး မ-၅၀၈၊ ဘုရင့်နောင်လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ ဇွန်လ ၂၇ရက် (၁၃၇၆ခုနှစ်၊ ဝါဆိုလဆန်း ၁ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက် ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဇွန်လ ၁၆ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်သန်းဝင်း)

မြို့နယ်တရားသူကြီး

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း
သဲအင်းယောဂီ (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး)
ဒေါ်အုန်းလှ
အသက် (၈၆)နှစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့၏ ချစ်လှစွာသောမိခင် ဒေါ်အုန်းလှ (သဲအင်းယောဂီ) အသက် (၈၆)နှစ်သည် ၁၇-၆-၂၀၁၄ (အင်္ဂါနေ့) ည ၈နာရီ ၅၅မိနစ်တွင် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

- ဦးစိုးလှိုင်
- ဒေါက်တာငွေစန်း-ဒေါ်ရီရီလှိုင်
- ဦးထွန်းအောင်လှိုင်-ဒေါ်အေးအေး
- ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း)-ဒေါ်ဇင်ဇင်လှိုင်

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း)
အသက်(၉၀)
ဂျပန်ခေတ်ဗိုလ်သင်တန်းကျောင်း(ဒုတိယပတ်)
လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယအဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်)
B.C-6234 ဗိုလ်သင်တန်းအမှတ်စဉ်(၇)

ဦးသန့်စိုး-ဒေါ်သီတာ (Rainbow Groups of Companies)တို့၏ ချစ်လှစွာသောဖခင် ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း) အသက်(၉၀)သည် ၁၆-၆-၂၀၁၄ (တနင်္လာနေ့) နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်အေး-ဒေါက်တာအေးအေးမြင့်
ကျော်သာဆောက်လုပ်ရေးအဖွဲ့ကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အုန်းလှ
အသက်(၈၆)နှစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့၏ မိခင် ဒေါ်အုန်းလှ အသက်(၈၆)နှစ်သည် ၁၇-၆-၂၀၁၄ (အင်္ဂါနေ့) ည ၈နာရီ ၅၅မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း

ဝမ်းနည်းကြေကွဲခြင်း
သဲအင်းယောဂီ (ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး)
ဒေါ်အုန်းလှ
အသက်(၈၆)နှစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့၏ ချစ်လှစွာသောမိခင် ဒေါ်အုန်းလှ (သဲအင်းယောဂီ) အသက်(၈၆)နှစ် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီးသည် ၁၇-၆-၂၀၁၄(အင်္ဂါနေ့) ည ၈နာရီ ၅၅မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးကြီးမြင့်အောင်သန်း-ဒေါ်မြတ်မြတ်မိုး မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်
အသက်(၉၁)နှစ်

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ ဂုဏ်ထူးဆောင် ဆေးသုတေသနပညာရှင် (Emeritus Medical Researcher)တစ်ဦးဖြစ်သူ ဆရာမကြီး ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်သည် ၁၉-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရတနာသိုက်စာပေတိုက်
ဇီဝကမဂ္ဂဇင်း

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါ်မြင့်မြင့်ခင်(မာမီ)
အသက်(၉၁)နှစ်

တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေး၊ ဆေးပညာအဆင့်အတန်းမြင့်မားရေး၊ ဆရာဝန်များအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် စွမ်းစွမ်းတမံ ကိုယ်ကျိုးစွန့်ပြီး ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ လုပ်သင့်တာတွေကို အမြဲလုပ်ဆောင်သွားတဲ့ မိခင်တမျှ ချစ်လှစွာသော မာမီ ကွယ်လွန်သွားသည့်အတွက် အထူးဝမ်းနည်း ကြေကွဲခြင်းဖြစ်ရပါသည်။

ပါမောက္ခ ဦးခင်မောင်ဝင်း(အသည်းအထူးကုဆရာဝန်ကြီး)-
ဒေါက်တာဒေါ်ခင်လေးရီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်-၉၁၄/က၊ မြေကွက်တည်နေရာ(၉၁၄/က)၊ (၁၉)လမ်း၊ (၇)ရပ်ကွက်၊ ဒေါ်အုန်းရှင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်အုန်းရှင် ကွယ်လွန်သဖြင့် ဦးတင်သန်း[၁၂/ဥကတ(နိုင်)၀၈၉၀၆၀]က တစ်ဦးတည်းသောခင်ပွန်း တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေ ပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်အမာ(ပျဉ်းမနား)
အသက်(၉၂)နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာသာဂေါင်ရပ်၊ဗိုလ်မင်းခေါင်လမ်း၊အမှတ်(၁၁/၆၃)နေ (ဦးဘိုးထုပ်-ဒေါ်ဒွေးညို)တို့၏သမီး၊ ဦးထွန်းတင်(ငွေလရောင်ပွဲရုံ)၏ဇနီး၊ (ဦးသန့်ဆွေ)-ဒေါ်နွဲ့နွဲ့ဆွေတို့၏မိခင်၊ ကိုမင်းဦး (Thetress တေးဂီတ အဖွဲ့)၊ ကိုမင်းအေး-မသန္တာ၊ ကိုကျော်သိန်း-မချောယဉ်စု၊ ကိုသန့်စင်-မစံပယ်၊ ကိုဖိုးလ (Thetress တေးဂီတ အဖွဲ့)-မနန်းပုံတို့၏အဘွားသည် ၁၉-၆-၂၀၁၄ရက် နံနက် ၉း၃၀ နာရီတွင် ၎င်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀-၆-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော် ကွင်းကြီးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်စောညွန့်(သံတွဲ) (၈၆)နှစ်

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ မဟာဗန္ဓုလလမ်းနေ (ဦးဖဲ-ဒေါ်စိန်ခင်)တို့၏ သမီးကြီး၊ (ဦးစောလှ)-ဒေါ်မေရီပေါ၊ (ဦးစောပု)-ဒေါ်မယ်သိန်းတို့၏ညီမ၊ ဦးခင်မောင်-(ဒေါ်စောတင်)၊ (ဦးဝင်းရှိန်)-ဒေါ်သောင်းညွန့်၊ ဒေါ်သန်းညွန့်တို့၏အစ်မကြီး၊ ဒေါက်တာသိန်းငွေး (ခေတ္တ-UK)၊ ဦးကျော်ကျော်သိန်း-ဒေါ်စန်းစန်းယဉ်၊ ဦးသန်းထိုက်-ဒေါ်စန်းစန်းဝင်းတို့၏ကြီးတော်၊ မြေးငါးယောက်တို့၏ဘွားဘွားကြီး ဒေါ်စောညွန့်သည် ၁၈-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၄(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ်(၅၉)၊ ပထမထပ်၊ညောင်တုန်းလမ်း၊စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်ရှင်(ချောက်)
အသက်(၈၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ ထီးတန်းအိမ်ရာ၊ တိုက်အမှတ်(၇၄/၈၂)၊ အခန်း(လေးလွှာ)နေ (ဦးလှရွှေ)၏ ဇနီး၊ ဦးဇင်း ဥူးမေ့၊ ဦးခင်မောင်စိုးတင့်-ဒေါ်ခင်ပြုံးဇင်၊ ဦးမြင့်သန်းရွှေ-ဒေါ်သဲစုလှိုင်၊ ဦးကိုကိုနိုင်-ဒေါ်စိုးစိုး၊ ဒေါ်မိုးမိုး၊ ဦးမိုးကျော်ရွှေ-ဒေါ်ဝင်းဝင်းမော်၊ ဦးသောင်းထိုက်-ဒေါ်အိအိချောတို့၏မွေးသမိခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၅-၆-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း
ဒေါ်ချိုချိုသိန်း (၇၃)နှစ်
ကန်တော့ခံဆရာမကြီး

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တော်ရပ်ကွက်၊ ပိန္နဲကုန်းလမ်း၊ အမှတ်(၁၄)နေ ဦးတင်မောင်ဦး၏ ဇနီးသည် ၁၈-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၄(သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြား သိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခဒေါက်တာဒေါ်မြင့်မြင့်ခင်
ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ဆေးပညာဌာန(ဆေးတက္ကသိုလ်၊မန္တလေး)
B.A, M.B.,B.S, FRCP(Edin)
ဥက္ကဋ္ဌ၊ မြင့်မြင့်ခင်ဖောင်ဒေးရှင်း
ဥက္ကဋ္ဌ၊ သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့
အဖွဲ့ဝင်၊ ဒေါက်တာဦးစံဘော်သုတေသနဆုရွေးချယ်ချီးမြှင့်ရေးအဖွဲ့
အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊
ဂုဏ်ထူးဆောင်သုတေသနပညာရှင်
ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)
အသက်(၉၁)နှစ်

ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး၊ ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး(ငြိမ်း)ပါမောက္ခဒေါက်တာမြင့်မြင့်ခင်၊ B.A, M.B.,B.S, FRCP(Edin) အသက်(၉၁)နှစ်သည် ၁၉-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများမိသားစု
ဆေးသိပ္ပံပညာဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခဒေါက်တာဒေါ်မြင့်မြင့်ခင်
အသက်(၉၁)နှစ်
B.A(English), M.B.,B.S(Ygn), MRCP(Edin),FRCP(Edin)
ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(မန္တလေး)
အလုပ်အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့

ပါမောက္ခဒေါက်တာဒေါ်မြင့်မြင့်ခင် အသက်(၉၁)နှစ်သည် ၁၉-၆-၂၀၁၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မြန်မာ့ဆေးလောကအတွက် ကြီးမားသော ဆုံးရှုံးမှုအဖြစ် အထူးဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခဒေါက်တာမောင်မောင်ဝင့်နှင့်မိသားစု
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဗဟန်းမြို့နယ်

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုးမောင် (ဥက္ကဋ္ဌ၊ ဆန်းစပါးကုန်စည်ဒိုင်၊ဝါးတန်း)-ဒေါ်ခင်သန်းဝင်း (အောင်စိုးပိုင်ဆန်ပွဲရုံ)တို့၏မိခင် ဒေါ်တင်ကြည် (၈၅)နှစ်သည် ၂၀-၆-၂၀၁၄ရက် နံနက် ၇း၁၀နာရီတွင် ကွယ်လွန် ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

ကော်မတီဝင်များနှင့်အသင်းသူ၊ အသင်းသားများ၊
ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)
မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုးမောင် (ဥက္ကဋ္ဌ၊ ဆန်းစပါးကုန်စည်ဒိုင်၊ ဝါးတန်း)-ဒေါ်ခင်သန်းဝင်း (အောင်စိုးပိုင် ဆန်ပွဲရုံ)တို့၏မိခင် ဒေါ်တင်ကြည် (၈၅)နှစ်သည် ၂၀-၆-၂၀၁၄ရက် နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်း ကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊
ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်)
မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း

အတိုင်းမသိ ဝမ်းနည်းကြေကွဲခြင်း

ကျေးဇူးရှင် သနန္တန ဓမ္မပါလက အဖွဲ့ချုပ်နာယကကြီးနှင့် ဗုဒ္ဓဝင်ပြပွဲ နာယကကြီး ရှုရီရမ်းပရာကပ်စ်မီးရ်(ခ)ဆရာကြီး ဦးစိန်တင်သည် ၂၀-၆-၂၀၁၄ ရက် နံနက် ၂း၂၀ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် အစားထိုးမရသော ဆုံးရှုံးမှုကြီးဖြစ်ပါသောကြောင့် အတိုင်းမသိ ဝမ်းနည်းကြေကွဲမိပါသည်။

ဒေါက်တာဦးသန်းထွန်း(ရွှေဘို)နှင့်
တိုင်းရင်းသားကလေးသူငယ်များ၊
လူငယ်ဖွံ့ဖြိုးရေးစခန်း(ရွှေဘို) ရွှေဘိုမြို့

ဝမ်းနည်းကြေကွဲခြင်း

သနန္တန ဓမ္မပါလက အဖွဲ့ချုပ် နာယကကြီးနှင့် ဗုဒ္ဓဝင်ပြပွဲ နာယကကြီး ရှုရီရမ်းပရာကပ်စ်မီးရ်(ခ)ဆရာကြီး ဦးစိန်တင်သည် ၂၀-၆-၂၀၁၄ ရက် နံနက် ၂း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် အထူးနှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဟိန္ဒူဘာသာဝင်များနှင့်
ဆစ်(ခ်)ဘာသာဝင်များ
ရွှေဘိုမြို့

ဝမ်းနည်းကြေကွဲခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်ထွန်း၏ဖခင်ကြီး ဦးသိမ်းထွန်း အသက်(၈၃)နှစ်[ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆည်မြောင်းဦးစီး ဌာန]သည် ၁၅-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Myanmar Integrated Water Resources Management (IWRM)Strategic Study Team

---

ရဟန်းမယ်တော်ကြီး
ဒေါ်သုန္ဒရီ (၉၆)နှစ်
(မိုးညှင်းဝိပဿနာတိုက်သစ်ယောဂီ)

သထုံမြို့၊ နန်းခဲရပ်နေ (ဦးဘိုးဖြူ-ဒေါ်နန်းစား)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်း၊ (ကံလင်းခတ်ပုံတိုက်)နေ (ဦးကံကြီး)-ဒေါ်ရွှေကြည်တို့၏အစ်မ၊ ဦးမင်းဆွေ-ဒေါ်ခင်လှမြင့်တို့၏ကြီးတော်၊ မြေးလေးယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁၉-၆-၂၀၁၄(ကြာသပတေးနေ့) ညနေ ၅း၂၀ နာရီတွင် မဟာဗန္ဓုလလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၄ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ အမှတ်(၄၇၄/၄၇၆)(ပ)ထပ်၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ကံလင်းခတ်ပုံတိုက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်တင်ထွေး (၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ် ရွှေဂုံတိုင်ရပ်ကွက်၊ အေးချမ်းသာယာလမ်း၊ အမှတ်(၇၄/၁)နေ (ဦးကျော်ဇံ)၏ ဇနီး၊ ဦးဝင်းထိန်-ဒေါ်အေးရီ၊ ဦးတင်မြင့်-ဒေါ်တင်ရီ၊ ဦးသောင်းညွန့်-ဒေါ် စန်းစန်း၊ ဒေါ်နုနုသိမ်း၊ ဦးထွန်းလှိုင်-ဒေါ်သောင်းသောင်း၊ ဦးသန်းဇော်-ဒေါ် မာလာနွယ်၊ ဦးလှဟန်၊ ဒေါ်ချိုချိုလွင်၊ ဦးဘုန်းမြင့်-ဒေါ်ဝင်းချိုစန်းတို့၏ မွေးသ မိခင်ကျေးဇူးရှင်၊ မြေး ၁၈ယောက်၊ မြစ် ၁၁ယောက်တို့၏ ဘွားဘွားကြီးသည် ၁၉-၆-၂၀၁၄(ကြာသပတေးနေ့) နံနက် ဝ၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်ကြည်(ဇာသပြင်) (၈၅)နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမန(၂)လမ်း၊ အမှတ်(၁၀၈၇)နေ ဦးဘကြိုင်၏ဇနီး၊ ဦးခင်လှ-ဒေါ်အေးအေးရီ၊ ဦးစန်းမြ-ဒေါ်စန်းစန်းချစ်၊ ဦးသန်းလွင်(အောင်ဆုမွန်)-ဒေါ်စန်းစန်းနု၊ ဦးစိုးမောင်(ဥက္ကဋ္ဌ၊ ဆန်စပါးကုန်စည်ဒိုင်၊ ဝါးတန်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း)-ဒေါ်ခင်သန်းဝင်း(အောင်စိုးပိုင်ဆန်ပွဲရုံ)၊ ဦးကိုလေး(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ချိုချိုဝင်း၊ ဦးဝါယမ(ကျုံစိန်တောရကျောင်းဆရာတော်)၊ ဦးချစ်ထွန်း-ဒေါ်ညိုညိုဝင်း(အောင်ရတနာထွန်းဆန်ပွဲရုံ)၊ ဦးမောင်နိုင်-ဒေါ်ကြည်ကြည်ခိုင်(အောင်မြတ်ကျော်ဆန်ပွဲရုံ)၊ တပ်ကြပ်ကြီးဟန်ထွန်းနိုင်(ဗဟိုတပ်ထိန်းတပ်)-ဒေါ်စန်းစန်းသွယ်၊ ဦးကျော်ကျော်နိုင်-ဒေါ်သန်းသန်းအေး(အလကကျောင်းအုပ်၊ ဇာသပြင်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၈ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂၀-၆-၂၀၁၄(သောကြာနေ့) နံနက် ၇း၁၀ နာရီတွင် အောင်ရတနာ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြမေ(ခ)Nelie Kyaw(စစ်တွေ)
အသက်(၉၆)နှစ်
ရခိုင်အမျိုးသမီးနာယကကြီး

သူငယ်ချင်း မိုးနှင်းဖြူ(လယ်ပြ) (PGDMA, B.Ed)၏ ချစ်လှစွာသော အဘွား (အဘောင်ရှုန်) ဒေါ်မြမေ(ခ)Nelie Kyaw(စစ်တွေ) အသက်(၉၆)နှစ်သည် ၁၇-၆-၂၀၁၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်း မိုးနှင်းဖြူနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

Teacher Aye
သီရိစံ-မူလတန်းကြိုကျောင်း(စမ်းချောင်း)
Teacher Htay
အမက(၃၃)မြောက်ဥက္ကလာ

ဝမ်းနည်းကြေကွဲခြင်း

မမဆွေဆွေလှ၊ မမကြူကြူလှတို့၏မိခင် ဒေါ်အုန်းလှ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

ဥမ္မာထွန်းရွှေ၊ လှလှမြင့်၊ တင်မာငြိမ်း၊ ဥမ္မာငြိမ်း၊ Sandra၊ နီနီ၊ မွှေးမွှေး၊ Anita, Dolly, June, မွန်မွန်၊ မာလာ၊ မြတ်သီ၊ ခင်မာလာထွန်း၊ တင်မမ၊ မြတ်ဝတ်ရည်၊ ဝင်နီတာ၊ Stella ၊ ဖြူမာ

ဦးခင်မောင်(ဦးကြည်ညို)
အသက်(၇၉)နှစ်
ကဗျာဆရာ

ရန်ကုန်မြို့၊ အမှတ်(၁၅၆)၊ (၄၆)လမ်း၊ ငါးလွှာ(ဝဲ)နေ ဒေါ်နှင်းရှိန်၏ ခင်ပွန်း၊ ကိုမောင်မောင်အောင်-မမော်မော်အုံး၊ ကိုသက်ထွန်း၊ ကိုအောင်လွင်ငြိမ်း-မမြင့်ငွေးတို့၏ဖခင်၊ မောင်ဇွဲဟိန်းအောင်၏အဘိုး ဦးခင်မောင်သည် ၂၀-၆-၂၀၁၄ရက် နံနက် ၂နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ဂျပန်ဆေးရုံ)၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၄ရက် ညနေ ၃နာရီတွင် ယင်းဆေးရုံမှ ရေဝေးသုသာသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါက်တာဒေါ်ခင်မာပြုံး
အသက်(၇၆)နှစ်
(အုတ်ဖို)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၅)လမ်း၊ အမှတ်(၁၅၇)၊ ပထမထပ်နေ (ဦးဘ-ဒေါ်သိန်းတင်)တို့၏သမီး၊ ဒေါက်တာဦးအောင်ကြံ၏ဇနီး၊ (ဦးတင်ဦး-ဒေါ်သန်းကြင်)၊ ဒေါက်တာဒေါ်သန်းနွဲ့၊ (ဦးအေးမောင်ကြည်-ဒေါ်ညွန့်ညွန့်)၊ ဦးဆွန်းရွှေ-ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်တင်တင်ထားတို့၏ ညီမ၊ (ဦးညီညီလတ်)-ဒေါ်နီနီစိန်တို့၏ အစ်မ၊ တူ/တူမ ၁၉ယောက်တို့၏ အဒေါ်သည် ၂၀-၆-၂၀၁၄(သောကြာနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမောင်နှမများ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ်(၄၆/က)၊ မြေကွက်တည် နေရာအမှတ်(၄၆/က)၊ သီဂီ(၁)လမ်း၊ (၅/မြောက်) ရပ်ကွက်၊ သာကေတမြို့နယ်။ ၁။ ဦးမြင့်သိန်း၊ ၂။ ဒေါ်ခင်ထွေးရီအမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်ထွေးရီ (ဇနီး) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ခင်ပွန်း ဦးမြင့်သိန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲ စာအမှတ်(၅၄၄၆/၂၀၁၄)ရရှိသူ ဒေါ်ခင်သန်း ဝေ[၁၁/မတန(နိုင်)၀၁၂၀၉၇]မှ သေစာရင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထား ခြင်းနှင့် ဤဌာန၏ မြို့မြေစာရင်းတွင် ဒေါ်ခင်ထွေးရီနှင့် ဦးမြင့်သိန်းတို့က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး ပျောက်ဆုံး ကြောင်း ကျမ်းကျိန်လွှာတင်ပြ ထားခြင်းတို့အား ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆက်သွယ်မှုအသံတစ်မျိုးတည်းသာသုံးစွဲရာမှ အချက်အလက်များပါသုံးစွဲနိုင်ရန် အော်ရီဒူးနှင့် ဆမ်ဆောင်းတို့ ပူးပေါင်းဆောင်ရွက်မည်

နေပြည်တော် ဇွန် ၂၁

ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်သွားလာရေး အစရှိသည့် ကဏ္ဍများစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် အန္တိမရည်မှန်းချက်ထား လုပ်ဆောင်လျက်ရှိရာတွင် ဆက်သွယ်ရေးကဏ္ဍသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ယခင်ကာလများက မိုဘိုင်းဖုန်းဟူသည်မှာ ကျေးလက်နေလူထုအတွက် အလှမ်းကွာဝေးသော အရာတစ်ခုအဖြစ် တည်ရှိခဲ့ရသည်။ သို့သော် လက်ရှိကာလတွင် နိုင်ငံတော်မှ တန်ဖိုးနည်းမိုဘိုင်းဖုန်းများကို ကျေးလက်တောရွာများအထိ ခွဲတမ်းစနစ်ဖြင့် ရောင်းချပေးခဲ့သဖြင့် ကျေးလက်လူထုအတွင်းတွင်လည်း မိုဘိုင်းဖုန်းများ ကိုင်နိုင်လာသည်ကို မြင်တွေ့နေရပြီဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ မိုဘိုင်းဖုန်းသုံးစွဲသူများအကြားတွင် အင်တာနက်သုံးစွဲမှု အလေ့အထလည်း တစ်စတစ်စ တိုးတက်မြင့်မားလာလျက်ရှိသည်။ ထိုအခြေအနေကြောင့် လက်ရှိအသုံးပြုနိုင်သည့် အင်တာနက်အသုံးပြုနိုင်မှုနှုန်းထက် ပိုမိုတိုးတက်အသုံးပြုနိုင်ရန် ရည်သန်လျက် ယခုနှစ် ဖေဖော်ဝါရီ ၅ ရက်က တယ်လီကွန်လိုင်စင်ရရှိခဲ့သော Ooredoo မြန်မာသည် တယ်လီကွန်အခြေခံအဆောက်အအုံများ တည်ဆောက်ရန်အတွက် အားသွန်ခွန်စိုက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

Ooredooမြန်မာ၏ မိုဘိုင်းဖုန်းဆင်းကတ်များ စတင်အသုံးပြုနိုင်သည့် အချိန်မှစ၍ မြန်ဆန်သွက်လက်ပြီး ကုန်ကျစရိတ်သက်သာသော မိုဘိုင်းအင်တာနက် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Samsung နှင့် Ooredoo မြန်မာကုမ္ပဏီတို့ နားလည်မှုသဘောတူစာချွန်လွှာတစ်ခုကို ဇွန် ၂၀ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အင်တာနက် Data Switch အသုံးပြုနိုင်သည့် Samsung မိုဘိုင်းကိရိယာများတွင် 3G ကွန်ရက်စနစ်ကို အကောင်းမွန်ဆုံးအသုံးပြုနိုင်ရန်အတွက် နိုင်ငံတကာမိုဘိုင်းဆက်သွယ်ရေးကုမ္ပဏီ Ooredoo က အထူးစီမံထားသော သုံးစွဲနည်းများကို မြန်မာနိုင်ငံအတွင်းရှိ မိုဘိုင်းဖုန်းသုံးစွဲသူပြည်သူများထံသို့ ဖြန့်ဝေပေးသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ယနေ့ မာတိကာ

ကမ္ဘာ့တစ်ဝန်း
စစ်ပြေးဒုက္ခသည်ဦးရေ
ဒုတိယကမ္ဘာစစ်နောက်ပိုင်း
စံချိန်တင်မြင့်တက်

စာမျက်နှာ - ၄

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထူးထုတ်ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထူးထုတ်လေးမျက်နှာ ပါရှိပါသည်။

မိတ္ထီလာမြို့နယ် အလည်ရွာ သောက်သုံးရေကန်ကြီး ပြန်လည်တူးဖော်

မိတ္ထီလာ ဇွန် ၂၁

မိတ္ထီလာမြို့နယ် အလည်ရွာအုပ်စု အလည်ရွာကျေးရွာတွင် ဒေသခံများသောက်သုံးရေကို ရာသီမရွေးအသုံးပြုနိုင်ရန်အတွက် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ၇ ဒသမ ၂ ဧကအကျယ်ရှိ သောက်သုံးရေကန်ကြီးအား ပြန်လည်တူးဖော်ဆောင်ရွက်လျက်ရှိသည်။

အလည်ရွာကျေးရွာမှ သောက်သုံးရေကန်ကြီးမှာ နှစ်ကာလကြာမြင့်၍ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ကမ္ဘောဇအသင်း၏ နိုင်ပွဲဆက်မှုရပ်တန့်

သတင်းနှင့်ဓာတ်ပုံ ›› ရှိုင်းထက်ဇော်

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၃) ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ နေပြည်တော်၊ ရန်ကုန်နှင့် ဇွဲကပင်တို့ နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

(ပေါင်းလောင်းကွင်း)

နေပြည်တော် - နှစ်ဂိုး (အောင်ကျော်နိုင်နှင့် ဒီပီဒီ)
ကမ္ဘောဇ - တစ်ဂိုး (ကျော်ဇေယျာဝင်း)

နည်းပြသစ်ဦးစိုးမြတ်မင်း လက်ထက်တွင် နိုင်ပွဲဆက်နေသည့် ကမ္ဘောဇအသင်းမှာ ယခုပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့ရပြီး ဦးစိုးမြတ်မင်းလက်ထက်တွင် ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ နေပြည်တော်အသင်းမှာလည်း ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ရန်အတွက် အိမ်ကွင်းတွင် အားထည့်ကစားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းနေမှုကြောင့် နှစ်သင်းစလုံး ခက်ခက်ခဲခဲကစားခဲ့ရပြီး ပွဲအစတွင် နေပြည်တော်အသင်းရော ကမ္ဘောဇအသင်းပါ ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း တိုင်ထိ၊ ဘားထိဖြစ်ခဲ့သည်။ ၄၁ မိနစ်တွင် နေပြည်တော်အသင်း ဂိုးစရခဲ့ပြီး **စာမျက်နှာ ၈ ကော်လံ ၆ သို့**

နေပြည်တော်အသင်းမှ ဒီပီဒီ၏ ထိုးဖောက်မှုကို ကမ္ဘောဇနောက်ခံလူ ဟန်ဆန် ဖျက်ထုတ်နေစဉ်။

မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာဖြစ်သော ရန်ကုန်မြို့တွင် မြန်မာ့ကုန်သွယ်မှုဗဟိုဌာန ပထမဆုံးဖွင့်လှစ်

ရန်ကုန် ဇွန် ၂၁

စီးပွားရေးနှင့်ကုန်သွယ်မှု သတင်းအချက်အလက်များ ဖြန့်ဝေပေးရန်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးဝန်ဆောင်မှုပေးရန်အတွက် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်မှုဗဟိုဌာနအဖြစ် ပထမဆုံး မြန်မာ့ကုန်သွယ်မှုဗဟိုဌာနကို ရန်ကုန်မြို့ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဒုတိယထပ်၌ ဇွန် ၂၀ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ကြေးမုံ Mirror
တနင်္ဂနွေအထူးထုတ်
SUNDAY SPECIAL
2014 JUNE 22 . SUNDAY

ALL TIME COFFEE
3 in 1 Instant Coffeemix

ဖွံ့ဖြိုးရေး

မယူမြစ်ကို ဆန်၍

မြင့်စိုး(နတလ)

ကစ္ဆပနဒီလို့ခေါ်တဲ့ ကုလားတန်မြစ်၊ အဥ္စနနဒီလို့ခေါ်တဲ့ လေးမြို့မြစ်၊ မလ္လာယူနဒီ လို့ခေါ်တဲ့ မယူမြစ်၊ ရန္တနဒီလို့ခေါ်တဲ့ ရန်းချောင်း၊ သီရိမာနဒီလို့ခေါ်တဲ့ သရေချောင်းတို့ဟာ ရခိုင်ဒေသရဲ့ အသက်သွေးကြောတွေဖြစ်ကြသလို သမိုင်းစဉ်တစ်လျှောက် ဆန်ရေစပါး ပေါကြွယ်ဝရာမြေဖြစ်တဲ့အတွက် ဓညဝတီရခိုင်ပြည်ရယ်လို့ အမည်တွင်ခဲ့ကြောင်း သုတေသီတို့ရဲ့ မှတ်တမ်းများအရ သိရှိရပါတယ်။ ဒါ့အပြင် ပေ၊ ပုရပိုဒ်၊ ကျောက်စာများမှာ ပါရှိတဲ့ သေလာဂီရိ၊ မောရပဗ္ဗတ၊ သီရိဂုတ္တ၊ နီလာပဗ္ဗတစတဲ့ တောတောင်အမည်နာမများဟာ ထေရဝါဒ ဗုဒ္ဓသာသနာယဉ်ကျေးမှု အရိပ်အငွေ့များ လွှမ်းခြုံယှက်သန်းနေသလို သာသနာရောင်ဝါ ထွန်းလင်းတောက်ပခဲ့ရာအရပ်မို့ ဓညဝတီကို ရွှေပြည်ငွေပြည်လို့ တင်စားခေါ်ဝေါ်ခဲ့ကြကြောင်း ရတနာရွှေမြေရယ်လို့လည်း သမုတ်ခဲ့ကြကြောင်း သိရပါတယ်။

ဒါကြောင့် ရှေးဟောင်းဘုရားပုထိုးစေတီများ တည်ရှိရာ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားရာ မြောက်ဦးဒေသကနေ ဆက်လက်ထွက်ခွာလာတဲ့ ကျွန်တော့်အဖွဲ့ မေယု (မယူမြစ်)မြစ်ကမ်းတစ်ဖက်တစ်ချက်မှာ တွေ့ရတဲ့ မြင်ကွင်းတွေကလည်း လေ့လာမှတ်သားစရာချည်းပါပဲ။ ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(စစ်တွေ)က ဒုတိယညွှန်ကြားရေးမှူး ကိုဦးစောဝင်းညွှန်ပြပေးလို့ ကျောက်ဆစ်ပန်းတမော့လက်ရာတွေရှိနေတဲ့ ဂူတောင်၊ ရသေ့တောင်မြို့အထက်နားဆီက ရသေ့ကြီးသီတင်းသုံးရာ ရသေ့တောင်ဘုရားစတာတွေကို ဖူးမြော်တွေ့မြင်ခဲ့ပါတယ်။

ကျွန်တော်တို့စီးလာသော စပိဒ်ဘုတ်လေးက ဂူတောင်ချောင်းဝကိုထွက်ပြီး မေယုမြစ်ထဲ ရောက်တယ်ဆိုရင်ပဲ မေယုတောင်တန်းကြီးကို တောင်၊ မြောက်သွယ်တန်းနေတဲ့ အနေအထားနဲ့ လှမ်းပြီးတွေ့မြင်နေရပါပြီ။ မေယုမြစ်ကမ်းတစ်လျှောက်မှာ ပေါက်ရောက်နေတဲ့ ဒီရေတောများကိုလည်း စိမ်းစိမ်းစိုစိုတွေ့မြင်ခဲ့ရပါသည်။ ဇွန် ၄ ရက် မွန်းလွဲပိုင်းမှာ ဘူးသီးတောင်မြို့ကို ရောက်ရှိပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးထွေးလှက သပြေကုန်းအမက မူလတန်းလွန်ကျောင်းအတွက် အင်ဒိုနီးရှားနိုင်ငံ လှူဒါန်းငွေနဲ့ RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ဟာ ဘူးသီးတောင်မြို့ကနေ မောင်တောမြို့ကို ဆက်လက်ထွက်ခွာပြီး ဝေသာလီ-ဥဒေါင်းလမ်း (၁၃)မိုင် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနဲ့ အဲဒီလမ်းပေါ်က ဘေလီတံတား ငါးစင်း တည်ဆောက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ နိုင်ငံတော်အစိုးရဟာ ၁၉၉၉ခုနှစ်မှစပြီး ဘူးသီးတောင်၊ မောင်တောရသေ့တောင် မြို့နယ်များမှာ နတလစံပြကျေးရွာ ၃၈ ရွာကို ထူထောင်ပေးခဲ့ပါတယ်။ အဲ့ဒီရွာတွေမှာ နေရာချထားပေးတဲ့ မိသားစုဝင်တွေကို ဆန်၊ ဆီ၊ ဆား၊ ပဲရိက္ခာ လေးမယ်နှင့် ရိက္ခာစိုင်ငွေ တစ်နှစ်စာ ထောက်ပံ့ပေးခဲ့ပြီး မိသားစုတစ်စုလျှင် ဆိုက်ကားတစ်စီး၊ အပ်ချုပ်စက်တစ်လုံး ဝယ်ယူထောက်ပံ့ပေးပါတယ်။ စိုက်ပျိုးမြေများဖော်ထုတ်ပေးပြီး ထွန်ယက်ဖို့အတွက် ရှေးဦးကာလတွေမှာ ကျွဲ၊ နွားများ ဝယ်ယူပေးခဲ့ပေမယ့် နောင်နှစ်များမှာတော့ လေးအိမ်ထောင်လျှင် လက်တွန်းထွန်စက်တစ်စီးနှုန်း ထောက်ပံ့ပေးခဲ့ပါတယ်။

> **ကစ္ဆပနဒီလို့ခေါ်တဲ့ ကုလားတန်မြစ်၊ အဥ္စနနဒီလို့ခေါ်တဲ့ လေးမြို့မြစ်၊ မလ္လာယူနဒီလို့ခေါ်တဲ့ မယူမြစ်၊ ရန္တနဒီလို့ခေါ်တဲ့ ရန်းချောင်း၊ သီရိမာနဒီလို့ခေါ်တဲ့ သရေချောင်းတို့ဟာ ရခိုင်ဒေသရဲ့ အသက်သွေးကြောတွေဖြစ်**

စံပြကျေးရွာ ၃၈ ရွာအနက် ၃၂ ရွာမှာ စာသင်ကျောင်းများ ဖွင့်လှစ်ပေးပြီး တိုက်နယ်ဆေးရုံ တစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဆေးပေးခန်း ၂၀၊ ဘုန်းတော်ကြီးကျောင်း ၃၇ ကျောင်းနှင့် စေတီလေးဆူ တည်ထားဆောက်လုပ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ဝေသာလီ-ဥဒေါင်းလမ်းဟာ မောင်တောမြို့နယ်အတွင်းက စံပြကျေးရွာများဖြစ်တဲ့ ဝေသာလီ၊ ကံပြင်သာစည်၊ ရွှေရင်အေး၊ ကန်သာယာ၊ ဗောဓိကုန်း၊ ခရေမြိုင်၊ ကင်းချောင်း၊ သရေကုန်းဘောင်၊ ကိုင်းကြီး၊ မောရဝတီ၊ ဥဒေါင်းကျေးရွာတွေကို ဖြတ်သန်းသွားပြီး ကျေးရွာနေ ဒေသခံတိုင်းရင်းသားများရဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုကို ပေးစွမ်းနိုင်တဲ့အပြင် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ရေးအတွက်လည်း အထောက်အကူဖြစ်စေခဲ့ပါတယ်။ သက်ဆိုင်ရာကျေးရွာအလိုက် ရွာထဲအထိ ကွန်ကရစ်လမ်းသွယ်များ ဆက်သွယ် ဖောက်လုပ်ပေးထားခြင်း ဖြစ်ပါတယ်။ စံပြကျေးရွာတွေထဲမှာ အပါအဝင်ဖြစ်တဲ့ မောရဝတီကျေးရွာမှာလည်း အင်ဒိုနီးရှားနိုင်ငံက လှူဒါန်းငွေနဲ့ RC နှစ်ထပ် စာသင်ကျောင်းတစ်ကျောင်း ဆောက်လုပ်ပေးခဲ့ပါတယ်။ ဒါ့အပြင် ပညာရေးဝန်ထမ်းများ အဆင်ပြေစွာနေထိုင်နိုင်စေဖို့ နယ်စပ်ရေးရာဝန်ကြီးဌာနက နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာနှစ်လုံးကို တည်ဆောက်ပေးထားပြီးဖြစ်ပါတယ်။ ညွှန်ကြားရေးမှူးချုပ်ဟာ ဇွန် ၅ ရက်မှာတော့ ဘူးသီးတောင်-တောင်ဘဇာလမ်း ၁၄ မိုင် ဖောက်လုပ်ခြင်းနဲ့ တံတားတည်ဆောက်ရေးလုပ်ငန်းများ၊ တောင်ဘဇာ-ဗန္ဓုလလမ်း ၄၅ မိုင် ဖောက်လုပ်နေမှု အခြေအနေများကိုပါ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါတယ်။

ရခိုင်ပြည်နယ်ကို ခေတ္တခဏရောက်ရှိခဲ့တဲ့ ခရီးတိုကာလတိုလေးအတွင်းမှာ ဖြစ်ပေါ်ခံစားမိတဲ့ အတွေးအမြင်တွေကတော့ တစ်နေရာနဲ့တစ်နေရာ ကွဲပြားခြားနားသွားခဲ့ပါတယ်။ မြောက်ဦးဒေသက ဘုရားပုထိုးတွေကို ဖူးမြော်ရတဲ့အခါ၊ ဓညဝတီမြို့ဟောင်းကို တွေ့မြင်လိုက်ရတဲ့အခါ ရခိုင်တိုင်းရင်းသားတွေရဲ့ ဇာတိသွေးဇာတိမာန်တွေကို တရှိန်ညီးညီး ထွင်းဖောက်တွေ့မြင်လိုက်ရပါတယ်။ ဘူးသီးတောင်-မောင်တောဒေသများကို ရောက်ရှိချိန်မှာတော့ မိမိတို့ရခိုင်တိုင်းရင်းသားသွေးချင်းများရဲ့ လူမှုစီးပွားဘဝတွေကို မြင့်သည်ထက်မြင့်အောင် မြှင့်တင်ပေးဖို့၊ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်းနဲ့ ဒါဟာလည်း မလွဲမသွေထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်နေတယ်ဆိုတာပါပဲ။ ။

မွေးရာပါဂလူးကို့စ်(စစ်) ဖော့စဖိတ်ဒီဟိုက်ဒရိုဂျင်နေ့စ် အင်ဇိုင်းချို့တဲ့မှုရောဂါအကြောင်း သိကောင်းစရာ

ဒေါက်တာနွယ်နွယ်ဦး
ဆေးသုတေသနဦးစီးဌာန
(အောက်မြန်မာပြည်)

အင်ဇိုင်းဆိုသည်မှာ ပရိုတင်းဓာတ်တစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်အတွင်းရှိ ဇီဝဖြစ်စဉ်များကို ကူညီပေးနေသော ဓာတ်ကူပစ္စည်းဖြစ်ပါသည်။ အင်ဇိုင်းများကြောင့် ခန္ဓာကိုယ်တွင်းရှိ ဇီဝဓာတုနှင့် ဇီဝကမ္မဖြစ်စဉ်များဖြစ်ပေါ်ကာ သက်ရှိသတ္တဝါများ သက်ရှင်လှုပ်ရှားသွားလာနေနိုင်ကြပြီး ရောဂါဘယကင်းစွာနေထိုင်နိုင်ကြခြင်းဖြစ်ပါသည်။ ထိုအင်ဇိုင်းများအနက်မှ လူ့ခန္ဓာကိုယ်အတွက် အရေးပါသော ဂလူးကို့စ်(စစ်)ဖော့စဖိတ်ဒီဟိုက်ဒရိုဂျင်နေ့စ် (ဂျီစစ်ပီဒီ) (Glucose 6 phosphate dehydrogenase) (G6PD) အင်ဇိုင်းအကြောင်းကို ပြည်သူအများသိရှိနိုင်ပါရန် တင်ပြလိုပါသည်။

ဂျီစစ်ပီဒီအင်ဇိုင်းသည် လူတို့၏ခန္ဓာကိုယ်အတွင်းရှိ အင်ဇိုင်းတစ်မျိုးဖြစ်ပါသည်။ ထိုအင်ဇိုင်းသည် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်တိုးပစ္စည်းများကို ဓာတ်လျှော့စေနိုင်သော သတ္တိရှိပါသည်။ ထိုအင်ဇိုင်းချို့တဲ့ပါက ဓာတ်တိုးစေသော အစားအစာများကို စားမိသည့်အချိန်တွင်ဖြစ်စေ၊ ဓာတ်တိုးစေသော ဆေးဝါးများကို သုံးစွဲမိသည့်အချိန်တွင်ဖြစ်စေ၊ ကူးစက်တတ်သောရောဂါဝေဒနာများကို ခံစားရသည့်အချိန်တွင်ဖြစ်စေ သွေးနီဥပြိုကွဲခြင်းများဖြစ်ရပါသည်။ ဂျီစစ်ပီဒီအင်ဇိုင်းချို့တဲ့မှုသည် မျိုးရိုးဗီဇမှတစ်ဆင့်ဖြစ်ပွားသော မွေးရာပါအခြေအနေဖြစ်ပါသည်။ လူသားများတွင်ဖြစ်လေ့ရှိသော ခန္ဓာကိုယ်တွင်း အင်ဇိုင်းချို့တဲ့မှုများအနက် အများဆုံးတွေ့ရသော အင်ဇိုင်းချို့တဲ့မှုဖြစ်ပါသည်။ အစားအစာများအနေဖြင့် ပဲလက်မခေါ် ဗိုလ်စားပဲ၊ တောင်ကြီးပဲကြော်တို့ကို အများအပြားစားမိသည့်အခါတွင် သွေးနီဥပြိုကွဲတတ်ပါသည်။ ဆေးဝါးများအနေဖြင့် ငှက်ဖျားပျောက်ဆေးများဖြစ်ကြသော ပရိုင်မာကွင်း၊ ပါမာကွင်း၊ ကလိုရိုကွင်းတို့သည် ဂျီစစ်ပီဒီအင်ဇိုင်းချို့တဲ့မှုရှိသောသူများတွင် သွေးနီဥပြိုကွဲစေပါသည်။ ဆာလ်ဖာပါဝင်သောဆေးများဖြစ်သည့် ဆာလ်ဖာနီလမိုက်၊ ဆာလ်ဖာမီသိုဇာဇိုး၊ မာဖန်နိုက်နှင့် သိုင်ရာဇိုဆာလ်ဖုန်း၊ မက်သလင်းဘလူးနှင့် ပရုတ်လုံးတို့ကိုလည်း ရှောင်ကြဉ်သင့်ပါသည်။ အကိုက်အခဲပျောက်ဆေးများဖြစ်ကြသော အက်စပရင်၊ ဖီနဇိုပိုင်ရီဒင်းနှင့် အက်စီတာ နီလိုက်ဆေးများနှင့် ပဋိဇီဝဆေးများဖြစ်ကြသည့် နလီဒစ်ဆစ်အက်စစ်၊ နိုက်ထရိုဖြူရန်တွိုင်း၊ အိုင်ဆိုနိုက်ရာဇစ်၊ ဒက်ပ်ဆုံးနှင့် ဖြူရာဇိုလီဒုံးဆေးများကိုလည်း ကျန်းမာရေးဝန်ထမ်းများနှင့် တိုင်ပင်ပြီးမှသာ သုံးစွဲသင့်ပါသည်။ ငယ်ရွယ်သောကလေးများတွင်မူ လက်သည်းဆိုးသော ဒန်းသည်ပင် အန္တရာယ်ဖြစ်စေပါသည်။ ကူးစက်ရောဂါများကြောင့် သွေးနီဥပြိုကွဲခြင်းကို ငှက်ဖျားဝေဒနာရှင်များတွင် အများဆုံးတွေ့ရှိရပါသည်။

ဂျီစစ်ပီဒီအင်ဇိုင်းချို့တဲ့မှုသည် မျိုးရိုးဗီဇကြောင့်ဖြစ်ရခြင်းဖြစ်ပါသည်။ ဤအင်ဇိုင်းကိုဖြစ်စေသော ဗီဇ (gene)သည် အိပ်စ်(x)ခရိုမိုဇုန်းတွင်ရှိပါသည်။ အမျိုးသမီးများတွင် အိပ်စ်(x)ခရိုမိုဇုန်းနှစ်ခုပါဝင်ပြီး အမျိုးသားများတွင် အိပ်စ်(x)ခရိုမိုဇုန်းတစ်ခု၊ ဝိုင်(y)ခရိုမိုဇုန်းတစ်ခုတို့ပါဝင်ပါသည်။ သမီးမိန်းကလေးသည် မိခင်ထံမှ အိပ်စ်(x)ခရိုမိုဇုန်းတစ်ခုနှင့် ဖခင်ထံမှ အိပ်စ်(x)ခရိုမိုဇုန်းတစ်ခုတို့ကို ရရှိပါသည်။ သားယောကျ်ားများတွင် မိခင်ထံမှ အိပ်စ်(x)ခရိုမိုဇုန်းတစ်ခုနှင့် ဖခင်ထံမှ ဝိုင် (y)ခရိုမိုဇုန်းတစ်ခုတို့ ရရှိကြပါသည်။ သို့ဖြစ်ပါ၍ အိပ်စ်ခရိုမိုဇုန်းတွင် ထူးခြားမှုရှိပါက အိပ်စ်ခရိုမိုဇုန်းတစ်ခုသာပါဝင်သော သားယောကျ်ားလေးများတွင် ထင်ရှားလေ့ရှိပါသည်။ သမီးများတွင်မူ အိပ်စ်ခရိုမိုဇုန်းနှစ်ခုပါဝင်သဖြင့် တစ်ခုတွင်ထူးခြားမှုပါရှိပြီး အခြားတစ်ခုသည် ပုံမှန်ဖြစ်နေသဖြင့် သိသာထင်ရှားမှုမရှိပါ။ အိပ်စ်(x) ခရိုမိုဇုန်းနှစ်ခုလုံးတွင် ထူးခြားမှုရှိမှသာလျှင် သိသာထင်ရှားနိုင်ပါသည်။ ဂလူးကို့စ်(စစ်)ဖော့စဖိတ်ဒီဟိုက်ဒရိုဂျင်နေ့စ်အင်ဇိုင်းချို့တဲ့မှုသည် အိပ်စ်(x)ခရိုမိုဇုန်းမှတစ်ဆင့် မျိုးရိုးလိုက်သည့်ရောဂါ

> ဂလူးကို့စ်(စစ်)ဖော့စဖိတ်ဒီဟိုက်ဒရိုဂျင်နေ့စ်အင်ဇိုင်းသည် သွေးနီဥ၏ သက်တမ်းရင့်လာသည်နှင့်အမျှ လျော့နည်းလာလေ့ရှိပါသည်။ သို့ဖြစ်၍ ဓာတ်တိုးပစ္စည်းများကို တစ်ကြိမ်တစ်ခါမျှ စားသုံးခြင်းသည် သက်တမ်းရင့်နေသော သွေးနီဥများကိုသာ ပြိုကွဲစေသဖြင့် ပြင်းထန်ခြင်းမရှိနိုင်သော်လည်း နေ့စဉ်ဆက်တိုက် စားသုံးရသောဆေးဝါးများကို သောက်သုံးသူများတွင်မူ သတိပြုရန်လိုအပ်။

ဖြစ်သဖြင့် ထိုအင်ဇိုင်းချို့တဲ့မှုကို အမျိုးသားများတွင် ပိုမိုတွေ့ရှိရခြင်းဖြစ်ပါသည်။ မွေးကင်းစကလေးငယ် ၁၀၀ တွင် ငါးဦးမှ ရှစ်ဦးအထိ အထက်ပါအင်ဇိုင်းချို့တဲ့တတ်ပါသည်။

ဤအင်ဇိုင်းချို့တဲ့မှုကို စတင်သတိထားမိပုံမှာ ငှက်ဖျားပျောက်ဆေး ပရိုင်မာကွင်း (ပလာစမိုကွင်း၊ ပလာစမိုချင်းဟုလည်းခေါ်သည်) ဆေးကိုသောက်ပြီးနောက် သွေးနီဥပြိုကွဲခြင်းကြောင့် သွေးအားနည်းခြင်းကို ၁၉၂၆ ခုနှစ်ကပင် စတင်၍ သိရှိလာခဲ့ကြသည်။ သို့သော် မည်သည့်အကြောင်းကြောင့် သွေးနီဥပြိုကွဲရသည်ကို မသိရှိခဲ့ကြဘဲ ၁၉၅၀ ခုနှစ်တွင်မှသာ အမေရိကန်နိုင်ငံမှ သုတေသီများ၏ကြိုးပမ်းမှုဖြင့် ဂလူးကို့စ်(စစ်)ဖော့စဖိတ်ဒီဟိုက်ဒရိုဂျင်နေ့စ် အင်ဇိုင်းချို့တဲ့မှုကြောင့်ဖြစ်ရသည်ကို သိရှိခဲ့ရပါသည်။

ဂျီစစ်ပီဒီအင်ဇိုင်းချို့တဲ့မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ အဆင့်ငါးဆင့် ခွဲခြားသတ်မှတ်ထားရှိပါသည်။ ၎င်းတို့မှာ (၁) အင်ဇိုင်းဂုဏ်သတ္တိသည် ၁၀ ရာခိုင်နှုန်းထက်နည်းပြီး သွေးနီဥပြိုကွဲခြင်းကြောင့် နာတာရှည်သွေးအားနည်းရောဂါခံစားနေရသူ၊ (၂) အင်ဇိုင်းဂုဏ်သတ္တိ ၁၀ ရာခိုင်နှုန်းထက်နည်းပြီး သွေးနီဥပြိုကွဲခြင်းမကြာခဏဖြစ်တတ်သောသူ၊ (၃) အင်ဇိုင်းဂုဏ်သတ္တိ ၁၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိရှိ ပြီး ဓာတ်တိုးစေတတ်သော အစားအစာ၊ ဆေးဝါးတို့ကို စားသုံးမိမှသာ သွေးနီဥပြိုကွဲတတ်သူ၊ (၄) အင်ဇိုင်းဂုဏ်သတ္တိပုံမှန်ရှိသူ၊ ဓာတ်တိုးစေသော ဆေးဝါးအစားအစာတို့ကို ခံနိုင်ရည်ရှိသူနှင့် (၅) အင်ဇိုင်းဂုဏ်သတ္တိ ပုံမှန်ထက်ပိုရှိသူ ဟူ၍ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အများစုမှာ ပုံမှန်အင်ဇိုင်းဂုဏ်သတ္တိရှိကြသူများဖြစ်ပါသည်။ ချို့တဲ့သူများအတွင်းတွင်လည်း အဆင့်(၃) အမျိုးအစားထိသာ တွေ့ရလေ့ရှိပါသည်။ အလွန်ချို့တဲ့သူများကို တွေ့ရလေ့မရှိပါ။ အလွန်ချို့တဲ့သူသည် လူအားလုံး၏ တစ်ရာခိုင်နှုန်းထက်နည်းပါးကြောင်း သုတေသနရလဒ်များအရ သိရှိရပါသည်။

ဂလူးကို့စ်(စစ်)ဖော့စဖိတ်ဒီဟိုက်ဒရိုဂျင်နေ့စ် အင်ဇိုင်းချို့တဲ့မှုကို ကမ္ဘာ့နေရာအတော်များများတွင် တွေ့ရှိရပါသည်။ အထူးသဖြင့် ငှက်ဖျားရောဂါဖြစ်လေ့ရှိသောဒေသများတွင် တွေ့ရလေ့ရှိပါသည်။ ဤအင်ဇိုင်းချို့တဲ့မှုရှိသူများသည် သာမန်လူများထက် ငှက်ဖျားရောဂါကို အတန်အသင့်ပိုမိုကာကွယ်နိုင်ကြောင်းကိုလည်း တွေ့ရှိရပါသည်။ အရှေ့တောင်အာရှဒေသတွင် ဂလူးကို့စ်(စစ်)ဖော့စဖိတ်ဒီဟိုက်ဒရိုဂျင်နေ့စ် အင်ဇိုင်းချို့တဲ့မှုနှုန်းသည် နေရာဒေသနှင့်လူမျိုးစုအလိုက် ကွဲပြားခြားနားပါသည်။ မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် သုတေသီများက ဂလူးကို့စ်(စစ်)ဖော့စဖိတ်ဒီဟိုက်ဒရိုဂျင်နေ့စ် အင်ဇိုင်းချို့တဲ့မှုကို လေ့လာသုတေသနပြုခဲ့ကြပါသည်။ ၁၉၆၉ ခုနှစ်တွင် အမျိုးသားများ၌ ပြုလုပ်ခဲ့သော သုတေသနစီမံချက်တွင် ဗမာအမျိုးသားများတွင် ကိုးရာခိုင်နှုန်း၊ မွန်အမျိုးသားများတွင် လေးရာခိုင်နှုန်း၊ ကရင်အမျိုးသားများတွင် ၁၄ ရာခိုင်နှုန်း၊ ကချင်အမျိုးသားများတွင် ရှစ်ရာခိုင်နှုန်းတို့ အသီးသီးဖြစ်ကြပါသည်။ ၂၀၀၆ ခုနှစ်တွင် ပြုလုပ်ခဲ့သော အခြားသုတေသနတစ်ခုတွင် ဗမာလူမျိုးများတွင် ၅ ဒသမ ၅ ရာခိုင်နှုန်း၊ မွန်လူမျိုးများတွင် ၃ ဒသမ ၃ ရာခိုင်နှုန်း၊ ရှမ်းလူမျိုးများတွင် ၅ ဒသမ ၁ ရာခိုင်နှုန်း၊ ကရင်လူမျိုးများတွင် ၆ ဒသမ ၇ ရာခိုင်နှုန်းတို့ အသီးသီးဖြစ်ကြသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် တိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုးအနက် ကျန်ရှိနေသော လူမျိုးသုံးမျိုးဖြစ်သည့် ချင်း၊ ကယားနှင့် ရခိုင်လူမျိုးများတွင် သုတေသနပြုလုပ်ခဲ့ပါသည်။ ချင်းအမျိုးသားများတွင် ငါးရာခိုင်နှုန်း၊ ချင်းအမျိုးသမီးများတွင် သုံးရာခိုင်နှုန်း၊ ကယားအမျိုးသားများတွင် တစ်ရာခိုင်နှုန်းနှင့် ကယားအမျိုးသမီးများတွင် နှစ်ရာခိုင်နှုန်းရှိကြပြီး ရခိုင်အမျိုးသားများတွင် လေးရာခိုင်နှုန်းနှင့် အမျိုးသမီးများတွင် တစ်ရာခိုင်နှုန်းတို့ အသီးသီးတွေ့ရှိခဲ့ပါသည်။

လူတို့၏ ခန္ဓာကိုယ်သွေးအတွင်းရှိ သွေးနီဥများ၏သက်တမ်းသည် ပျမ်းမျှအားဖြင့် ရက်ပေါင်း ၁၂၀ ရှိပါသည်။ ဂလူးကို့စ်(စစ်)ဖော့စဖိတ်ဒီဟိုက်ဒရိုဂျင်နေ့စ် အင်ဇိုင်းသည် သွေးနီဥ၏ သက်တမ်းရင့်လာသည်နှင့်အမျှ လျော့နည်းလာလေ့ရှိပါသည်။ သို့ဖြစ်၍ ဓာတ်တိုးပစ္စည်းများကို တစ်ကြိမ်တစ်ခါမျှ စားသုံးခြင်းသည် သက်တမ်းရင့်နေသော သွေးနီဥများကိုသာ ပြိုကွဲစေသဖြင့် ပြင်းထန်ခြင်းမရှိနိုင်သော်လည်း နေ့စဉ်ဆက်တိုက် စားသုံးရသောဆေးဝါးများကို သောက်သုံးသူများတွင်မူ သတိပြုရန်လိုအပ်ပါသည်။

ဤအင်ဇိုင်းချို့တဲ့သော မွေးကင်းစကလေးငယ်များတွင် အသားဝါဖြစ်ပါက အခြားကလေးများထက် ပြင်းထန်တတ်သဖြင့် ကြိုတင်သိရှိနိုင်ရန် ကိုယ်ဝန်ဆောင်မိခင်လောင်းရော ခင်ပွန်းသည်ပါ သွေးစစ်ဆေးရန် လိုအပ်ပါသည်။ ထို့အပြင် လိုအပ်ပါက မွေးကင်းစကလေးငယ်ကိုလည်း သွေးစစ်ဆေးပေးသင့်ပါသည်။ ဤအင်ဇိုင်းချို့တဲ့မှုသည် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ယောကျ်ားလေးများတွင် ပိုမိုထင်ရှားတတ်သဖြင့် မွေးကင်းစယောကျ်ားလေးများတွင် တွေ့ရှိရလေ့ရှိပါသည်။ ထိုကလေးများတွင် အသားဝါနှုန်းမြန်တတ်သဖြင့် ဆောလျင်စွာနှင့် ထိရောက်စွာမကုသနိုင်လျှင် ဦးနှောက်အတွင်းသို့ အဝါဓာတ်များ ရောက်ရှိပြီး ကျပ်မပြည့်၊ မစွမ်းမသန်သော ကလေးများဖြစ်လာနိုင်ပါသည်။ တွေ့ရလေ့ရှိသည့် ပြဿနာတစ်ခုမှာ မိခင်ရောဖခင်ပါ ဂလူးကို့စ်(စစ်) ဖော့စဖိတ်ဒီဟိုဒရိုဂျင်နေ့စ် အင်ဇိုင်းပုံမှန်ရှိသော်လည်း ကလေးတွင်ချို့တဲ့နေခြင်းပင်ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မိခင်၏အိပ်စ်ခရိုမိုဇုန်းနှစ်ခုတွင် တစ်ခုချို့တဲ့ပါက မိခင်တွင် ရောဂါလက္ခဏာမပြပါ။ သားယောကျ်ားလေးသည် မိခင်ထံမှ အင်ဇိုင်းချို့တဲ့သော အိပ်စ်ခရိုမိုဇုန်းရရှိပါက အင်ဇိုင်းချို့တဲ့မှု လက္ခဏာပြသနေမည်ဖြစ်ပါသည်။ အခြားသတိပြုရန်အချက်မှာ ငှက်ဖျားရောဂါဝေဒနာရှင်များ အထူးသဖြင့် ပလတ်စမိုဒီယမ်ဗိုင်းဗက်ဝေဒနာရှင်များတွင် ပရိုင်မာကွင်းဆေးသောက်သုံးရာတွင် ဂျီစစ်ပီဒီအင်ဇိုင်း ချို့တဲ့ပါက သွေးနီဥပြိုကွဲခြင်းဖြစ်တတ်ပါသည်။

ဤအင်ဇိုင်းချို့တဲ့မှုကို ရှာဖွေစစ်ဆေးသော စမ်းသပ်ချက်အတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းအမျိုးမျိုး၊ အချိန်ကာလနှင့် ကျွမ်းကျင်ပညာရှင်များလိုအပ်ပါသည်။ ယခုအခါတွင် ဂလူးကို့စ်(စစ်) ဖော့စဖိတ်ဒီဟိုဒရိုဂျင်နေ့စ် အင်ဇိုင်းချို့တဲ့မှုကို လွယ်ကူလျင်မြန်စွာ စမ်းသပ်နိုင်သော ပစ္စည်းများကို စတင်စမ်းသပ် ထုတ်လုပ်နေပြီဖြစ်ပါသဖြင့် မကြာမီနှစ်များတွင် စတင်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုသော် ဤအင်ဇိုင်းချို့တဲ့မှုသည် မြန်မာနိုင်ငံတွင် ရာခိုင်နှုန်းအားဖြင့်မများပါ။ ဤအင်ဇိုင်းချို့တဲ့သော ကလေးငယ်များသည် ပုံမှန်အတိုင်းကြီးထွားသန်စွမ်းပြီး သက်တမ်းစေ့နေထိုင်သွားနိုင်ပါသည်။ ဓာတ်တိုးစေသော ဆေးဝါး၊ အစားအသောက်များ စားသုံးမိသည့်အခါတွင်သာ ရောဂါဝေဒနာများခံစားရတတ်ပါသည်။ ရက်ရှည်ကြာစွာ စားသုံးရသော ငှက်ဖျားပျောက်ဆေးများကို စားသုံးရသူများနှင့် မွေးကင်းစအသားဝါသောအချိန်များတွင်သာ အထူးဂရုပြုရန်လိုအပ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

စိမ်းပြာရေညှိအထွက်နှုန်းလျော့ကျမှုအပေါ် မြန်မာနှင့်တရုတ်သိပ္ပံပညာရှင် (ဘူမိဗေဒ)အဖွဲ့ သုတေသနပြုတွေ့ရှိချက်နှင့် သုံးသပ်တင်ပြချက်

» » ကျောဖုံးမှ

၁ (က)။ ဆားငန်နှုန်း ၅(ppt) ရှိသော တွင်းတောင်အင်းရေ ၁၀၀ လီတာနှင့် ရေချို(0 ppt) ၁၀၀ လီတာကို ရောနှောလျှင် ဆားငန်နှုန်း ထက်ဝက် (၂ ဒသမ ၅ ppt) ကျဆင်းသွားပါသည်။ တွင်းတောင်အင်းတွင် ၂၀၀၅ မှ ၂၀၁၃ ကာလအတွင်း ၅ မှ ၃(ppt)သို့ ကျဆင်းသွားရာ အချိုးကျ တွက်ချက်မှုအရ (၂၀၀×၂ ဒသမ ၅/၃=၁၆၆ ဒသမ ၆ လီတာ)အင်းရေ ၁၀၀ လီတာလျှင် ရေချို ၆၆ ဒသမ ၆ လီတာ သို့မဟုတ် ၆၆ ဒသမ ၆ ရာခိုင်နှုန်း ရောဝင်သွားသည်ဟု သိရှိနိုင်ပါသည်။ အခြားတစ်နည်းအားဖြင့် တွက်ချက်လျှင်လည်း တွင်းတောင်အင်းရေ၏ ဆားငန်နှုန်း ၅ မှ ၃ (ppt)သို့ ကျဆင်းရန် (၁၀၀×၅/၃=၁၆၆ ဒသမ ၆ ရာခိုင်နှုန်း)အင်းရေနှင့် ရေချို စုစုပေါင်း ၁၆၆ ရာခိုင်နှုန်း သို့မဟုတ် ရေချို ၆၆ ရာခိုင်နှုန်း ရောဝင်သွားသည်ဟု သိရှိနိုင်ပါသည်။ ဆားငန်နှုန်းသည် အင်းရေတွင် ပါဝင်သည့် ကယ်လိုရိုက်ဆားပါဝင်နှုန်း ဖြစ်ပါသည်။

၂ (က)။ အယ်လ်ကာလီနီတီ(Total Alkalinity) သည်လည်း ၅၁၀၀ (ppm) မှ ၃၀၂၈ (ppm) သို့ ကျဆင်းသွားရာ အထက်ပါတွက်ချက်နည်းအတိုင်းပင် ရေချို ၆၆ ဒသမ ၆ ရာခိုင်နှုန်း ရောဝင်သွားမှုနှင့် ကိုက်ညီပါသည်။ အယ်လ်ကာလီနီတီ(Total Alkalinity)ဆိုသည်မှာ အင်းရေတွင်ပါဝင်သည့် ကာဗွန်နိတ်နှင့် ဗိုင်ကာဗွန်နိတ် စုစုပေါင်းပါဝင်မှုဖြစ်ပါသည်။

၃ (က)။ ပီအိပ်ချ်(pH) တန်ဖိုး ၁၀ ဒသမ ၅ မှ ၉ ဒသမ ၃ သို့ ကျဆင်းသွားခြင်းသည် ရေချိုရောဝင်မှုအပြင် စိမ်းပြာရေညှိများ ပျောက်ကွယ်ခြင်းကြောင့်လည်း ဖြစ်ပါသည်။ Photosynthesis မရှိတော့၍လည်း ပီအိပ်(ချ်) (PH)ကျဆင်းခြင်းဖြစ်ပါသည်။

တွင်းတောင်အင်း၏ ရေအောက်ကွန်တိုမျဉ်းများကို အခြေခံ၍ တွက်ချက်ရာတွင် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ၌ ရေအမှတ် ၆၂ ဒသမ ၄ ရှိစဉ် အင်းရေပမာဏစုစုပေါင်း ဂါလန် ၃၀၅၁ သန်း(၃၀၅၁၆၈၃၇၇၈ ဂါလန်)ရှိပါသည်။ ၂၀၀၅ မှ ၂၀၁၃ ခုနှစ် ခုနစ်နှစ်တာကာလအတွင်း ဆားငန်နှုန်းနှင့် ၁(က) အယ်လ်ကာနီတီ ၂(က) ကျဆင်းမှုများအရ ရေချို ၆၆ ဒသမ ၆ ရာခိုင်နှုန်း သို့မဟုတ် ဂါလန် ၂၀၃၂ သန်း ရောဝင်ခဲ့ပါသည်။ တစ်နည်းဆိုရသော် တစ်နှစ်လျှင် ဂါလန် သန်း ၂၉၀၊ တစ်ရက်လျှင် ဂါလန် သုည ဒသမ ၇၉ သန်းနှုန်းဖြင့် ရောဝင်ခဲ့ပါသည်။ မြစ်ရေတင်စီမံကိန်း၏ ရေတင်ပမာဏမှာ တစ်ရက်လျှင် ဂါလန် သန်း ၃၀ ရှိ၍ တွင်းတောင်အင်းအတွင်းသို့ နေ့စဉ် သုည ဒသမ ၇၉ သန်း စိမ့်ဝင်ခြင်းမှာ ရေတင်ပမာဏ၏ ၂ ဒသမ ၆ ရာခိုင်နှုန်းမျှသာရှိ၍ ရေစိမ့်အားကောင်းသော တွင်းတောင် (Pyroclastic) မြေအမျိုးအစားမှ စိမ့်ဝင်ကြောင်း ရှင်းလင်းစွာသိရှိနိုင်သည်။

တွင်းတောင်အင်း၏ ဘေးပတ်လည် ငါးမိုင်ခန့်အတွင်း ရေစိမ့်လွယ်သော မီးတောင်မြေများရှိနေကြောင်း မှတ်တမ်းများအရ သိရှိရသည်။ (တွင်းတောင်များစာ ၄၆၊ မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခဌာနမှူးနှင့် ပါမောက္ခဒေါက်တာ တင်မောင်ထွေး။)

ပါမောက္ခ ဒေါက်တာဂေါကျင်ချူး၏ အထက်ပါသုံးသပ်ချက်အရလည်း တွင်းတောင်အင်းပတ်ဝန်းကျင်ဒေသတွင် ရေစိမ့်အားကောင်းသော မီးတောင်ချော်ရည်ပြာမှုန့်များ (Pyroclastic Deposit)ဖြင့် ပြီးသည့် မြေအမျိုးအစားရှိသောကြောင့် တင်သွင်းသောရေအများအပြားမှာ မြေအောက်သို့ စိမ့်ဝင်သွားနိုင်ပြီး အင်း၏ဓာတုဗေဒ လက္ခဏာများ(pH တန်ဖိုးနှင့် ဆားငန်နှုန်းလျော့ကျခြင်း) ပြောင်းလဲခြင်းကြောင့် သဘာဝစပီရူလိုင်းနားလည်း မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း သိရှိနိုင်ပါသည်။

ပီရူးနိုင်ငံတွင် ရေချိုရောဝင်မှုကြောင့် ပျက်စီးပျောက်ကွယ်သွားသော စပီရူလိုင်းနားအင်းများရှိခဲ့ကြောင်း R D Fox(1996)၏မှတ်တမ်းအရ အောက်ပါအတိုင်းသိရှိရပါသည်။

(က) ပီရူးနိုင်ငံ လီမာမြို့အနီး(Ventanilla) အင်းအနီးအနားတွင် ရေချိုလှောင်ကန် (Water Reservoir) ရှိနေခြင်းကြောင့် စပီရူလိုင်းနားများပျောက်ကွယ်သွားပါသည်။

(ခ) ပီရူးနိုင်ငံ အီကာဒေသရှိ(Huacachina) အင်းတွင် လှေအပျော်စီးနိုင်ရန် ရေချိုများထည့်သွင်းပြီးနောက် ရေခါးဓာတ်ပျောက်၍ စပီရူလိုင်းနားလည်းပျောက်သွားပါသည်။

(ဂ) ပီရူးနိုင်ငံ အီကာဒေသရှိ (Orovilca) အင်းတွင် ငှက်ပျောစိုက်ရန် ရေချိုတူး၍စုပ်ယူမှုကြောင့် ရေခါးအင်းခန်းခြောက်ပြီး စပီရူလိုင်းနားလည်ပျောက်သွားပါသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် ကျင်းပသော ညှိနှိုင်းအစည်းအဝေး

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်သော ၂၀၁၄ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် နေပြည်တော် စက်မှုဝန်ကြီးဌာန၌ တွင်းတောင်သဘာဝရေညှိအင်းရေအခြေအနေပြောင်းလဲလာခြင်းနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာန သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ အငြိမ်းစား ပါမောက္ခများ၊ ဆည်မြောင်းဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စစ်ကိုင်းဇွန် ဆေးဝါးနှင့် စားသောက်ကုန်ထုတ်လုပ်ရေးလီမိတက်နှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ စုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် တွင်းတောင်သဘာဝအင်းရေ အခြေအနေနှင့် စပီရူလိုင်းနားစိမ်းပြာရေညှိတို့ကို ပြုပြင်ထိန်းသိမ်းရန် လိုအပ်ခြင်း၊ တီလားပီးယားငါးများကို ရှင်းလင်းဖယ်ရှားရန် လိုအပ်ခြင်း၊ ရေချိုဝင်ရောက်မှုကိုဖြစ်နိုင်သည့်နည်းလမ်းဖြင့် ဟန့်တားရန်လိုအပ်ခြင်း စသည့်အချက်များကို အများသဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။ ရေချိုဝင်ရောက်မှုကို တွင်းတောင်ပတ်ဝန်းကျင်၌ရှိသော မြစ်ရေတင်စီမံကိန်းမှ အများဆုံးစိမ့်ဝင်နိုင်ကြောင်းကို အထက်ဖော်ပြပါအချက်အလက်များအတိုင်း ဒေါက်တာမင်းသိမ်းက ဆွေးနွေးတင်ပြခဲ့ပါသည်။ တက်ရောက်သူပညာရှင်အများစုကလည်း သဘောတူလက်ခံခဲ့ကြပါသည်။

သုံးသပ်ချက်

တွင်းတောင်အင်းသည် ပထဝီဝင်အနေအထားအရ ပူပြင်းခြောက်သွေ့၍ မိုးရေချိန်နည်းသောဒေသတွင်တည်ရှိသည်။ ထိုဒေသတွင် စိုက်ပျိုးရေးအတွက် ရေအမြောက်အမြား တင်သွင်းအသုံးပြုခြင်းသည် တွင်းတောင်အင်း၏ pH မြင့်သော ဆိုဒါ(ကာဗွန်နိတ်) အင်းရေကို ပြင်းအားလျော့ကျစေခြင်းကြောင့်စပီရူလိုင်းနားများ ထာဝရပျောက်ကွယ်သွားနိုင်ပါသည်။ pH မြင့်သော ရေရရှိရန်လိုအပ်သည့် တွင်းတောင် စပီရူလိုင်းနားအင်းအနီးတွင် pH ကို လျော့ကျစေသည့်စိုက်ပျိုးရေးသုံး ရေအချိုအများအပြားဖန်တီးသုံးစွဲနေခြင်းတို့မှာ ဆန့်ကျင်ဘက် အကျိုးစီးပွားများဖြစ်ပါသည်။ ထို့အပြင် စိုက်ပျိုးရေးသုံးပိုးသတ်ဆေးနှင့် ဓာတုဆေးဝါးများလည်း ရောနှောစိမ့်ဝင်နိုင်သည့်အတွက် အကျိုးဆက်အားဖြင့် ရေရှည်တွင် လူစားသုံးရန်မသင့်သော စိမ်းပြာရေညှိများ ပွားများလာနိုင်ပါသည်။ တစ်ခုကိုထိန်းသိမ်းလျှင်သော်လည်းကောင်း၊ တိုးချဲ့လျှင်သော်လည်းကောင်း၊ အခြားတစ်ခုသည်ပျက်စီးခြင်း(သို့မဟုတ်) လျော့နည်းရပ်ဆိုင်းခြင်းကို ရေရှည်ကာလတွင် မလွဲမသွေရင်ဆိုင်ရမည်ဖြစ်ပါသည်။

ရေချိုဝင်၍ pH တည်ငြိမ်မှု မရှိခြင်းသည် စပီရူလိုင်းနား ပျောက်ကွယ်သည့် အဓိကအကြောင်းရင်းဖြစ်သည်။ ကမ္ဘာ့ပတ်ဝန်းကျင်ပြောင်းလဲစေမှုအကြောင်းတရားများတွင် ဖန်လုံအိမ်ဓာတ်ငွေ့များပြားလာခြင်းနှင့် ရာသီဥတုပူပြင်းခြောက်သွေ့လာခြင်းတို့မှာ ထင်ရှားသိသာသော အကြောင်းများဖြစ်ပါသည်။ ရေညှိများသည် အထွက်နှုန်းမြင့်မားပြီး CO_2 ကို အများအပြားထုတ်ယူသုံးစွဲနိုင်ခြင်းကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးတွင် အဓိက စွမ်းဆောင်နိုင်သော သက်ရှိများဖြစ်ပါသည်။ အပူချိန်မြင့်တက်မှုကိုလည်း ရေတွင်ပေါက်သော ရေညှိများက ကုန်းမြေတွင်ပေါက်သော ရေညှိများထက်ပို၍ ခံနိုင်ရည်ရှိပါသည်။ စပီရူလိုင်းနားသည် ရေအပူချိန် ၃၈°C အထိ ခံနိုင်၍ လေအပူချိန် ၅၀°C ကျော်အထိ ရေထဲတွင်ရှင်သန်နိုင်ပါသည်။ ထို့ကြောင့် ရေညှိများကို အနာဂတ်၏ စားနပ်ရိက္ခာအဖြစ် အသိအမှတ်ပြုကြပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဒေါ်လာကို ဘီလီယံနှင့်ချီ၍သုံးစွဲကာ သုတေသနပြုလျက်ရှိကြသည်။ ငလျင်များမကြာခဏလှုပ်၍ မြေအောက်အနေအထား ပြောင်းလဲခြင်းဆိုသည်မှာလည်း တွင်းတောင်တွင် နှစ်စဉ်နှစ်တိုင်း မကြာခဏလျင်ငယ်များ လှုပ်ပါသည်။ ယခုအချိန်အထိ တောင်ပြိုခြင်း၊ ရေအောက်နံရံများပြို၍ နုန်းမြေများဖြင့် ရေနောက်ကျိလာခြင်းမျိုး အနှစ်(၃၀)အတွင်း တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ပါ။ အခြားသော အကြောင်းတရားမျိုးစုံတို့သည်လည်း အဓိကမကျဘဲ ရေချိုဝင်မှု၏ အကျိုးဆက်များသာ ဖြစ်ပါသည်။

ထို့ကြောင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ချမှတ်ရာတွင် စပီရူလိုင်းနားအင်းအပေါ် ပတ်ဝန်းကျင်အကျိုးသက်ရောက်မှု(EIA)နှင့် မြစ်ရေတင်သုံးစိုက်ပျိုးရေးလုပ်ငန်း၏ ငွေလုံးငွေရင်းကုန်ကျစရိတ်၊ လျှပ်စစ်သုံးစွဲမှုနှုန်းနှင့် စီးပွားရေးအရတွက်ခြေကိုက်မှုရှိ၊ မရှိတို့ကို နှိုင်းယှဉ်သုံးသပ်ရန်လိုအပ်ပါသည်။ ပါမောက္ခဒေါက်တာ ဂေါကျင်ချူး(CAS) ၏ အဆိုအရမူ မည်သည့်နိုင်ငံဒေသတွင်မဆို မြစ်ရေတင်စိုက်ပျိုးခြင်းသည် လျှပ်စစ်ဓာတ်အားသုံးစွဲရမှုများလွန်းပြီး စီးပွားရေးအရ တွက်ခြေကိုက်ခြင်းမရှိပါ။ မြစ်ရေတင်၍ ဆည်မြောင်းများဖြင့် ရေဖြန့်ဖြူးခြင်းမှာလည်း အလေအလွင့်များသောစနစ်ဖြစ်ပါသည်။ ရေပိုက်များ အသုံးပြုခြင်းနှင့် ခေတ်မီရေအစက်ချစိုက်ပျိုးခြင်းစနစ်သည်သာ ရေရှည်တွင် အကျိုးရှိနိုင်သည်။ စိုက်ပျိုးရေဖြန့်ဖြူးရာတွင်လည်း စနစ်ကျသော စီမံခန့်ခွဲမှုမျိုးထားရှိသင့်ပါသည်။ စိုက်ပျိုးသူများက အဆိုပြုသည့်အတိုင်း ဖြန့်ဝေသောစနစ်သည် အမှန်တကယ်လိုအပ်သည့် ပမာဏထက် ပိုနိုင်သောကြောင့် မြေဆီလွှာပျက်စီးခြင်းနှင့် မြေအောက်ရေ ညစ်ညမ်းခြင်းတို့ ဖြစ်နိုင်ပါသည်။

တွင်းတောင်ဒေသတွင် စီမံကိန်းသီးနှံများမဟုတ်သော ဖရဲ၊ သခွားမျိုးစုံကို နိုင်ငံခြားသားများနှင့် ပူးပေါင်း၍ ကိုယ်ကျိုးစီးပွားရှာနေမှုများမှာ မြန်မာနိုင်ငံ၏ အဖိုးတန်သက်ရှိသယံဇာတရှိသော သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနှင့် နှိုင်းဆလျှင် ဆုံးရှုံးမှုပမာဏ များလွန်းလှပါသည်။ သမိုင်းတစ်ခေတ်တွင်လည်း ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အလွန်ရှားပါးနေပြီဖြစ်သော သဘာဝသက်ရှိ သယံဇာတတစ်မျိုးဖြစ်သည့် စပီရူလိုင်းနား စိမ်းပြာရေညှိပေါက်ပွားသည့် တွင်းတောင်အင်းကို အနာဂတ်မျိုးဆက်သစ်များ ဆက်လက်သုံးစွဲနိုင်ရန်အတွက် ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်မှာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် ဒေသခံပြည်သူများ၏ လက်ရှိဖြစ်ရပ်များအပေါ် နားလည် သဘောပေါက် ဖြေရှင်းနိုင်မှုများအပေါ်တွင် များစွာမူတည်လျက်ရှိပါသည်။

တွင်းတောင်အင်းရှိ စပီရူလိုင်းနားစိမ်းပြာရေညှိသယံဇာတကို သဘာဝအတိုင်း ပြန်လည်ရှင်သန်ပွားများစေရန် မြစ်ရေတင်မှ ရေချိုစိမ့်ဝင်မှုကို ရပ်တန့်စေခြင်း၊ ငါးများကို ရှင်းလင်းခြင်းနှင့် စိမ်းပြာရေညှိကို ဆပွားကန်များမှ အဆင့်ဆင့်ပွားများ၍ အင်းအတွင်း မျိုးပြန်လည်ထည့်သွင်းခြင်းများကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့်သာ မြန်မာနှင့်ကမ္ဘာ့ရှားပါးသယံဇာတဖြစ်သော စိမ်းပြာရေညှိ၊ တွင်းပိုးနှင့် အင်း၏ ဂေဟစနစ်(Alkaline Lake Ecosystem) တို့ ပျောက်ကွယ်ခြင်းကို တားဆီးထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

IAPFA COMFEED MYANMAR PTE LTD

Job Opportunity (For Local Service only)

Japfa Comfeed Myanmar Pte Ltd, is one leading company in the Livestock Industry in Myanmar and now looking for the qualified candidates for the following positions:-

1) **Accounting Manager (Male/Female) (1) Post**
- B.Com, CPA, knowledge of tax & regulations in at least 5 years professional working experience and able to lead the team

2) **Accountant (3) Post**
- B.Com (or) LCCI (Level-3), at least 3 years experience in Account field

3) **Accounting Staff (Male/Female) (2) Post**
- B.Com (or) LCCI (Level-3), at least 2 Years experience in Accounting field

4) **HR Officer/Supervisor (1) Post**
- Any University Graduate
- Minimum 5 years experience in Human Resource Management

5) **Production Supervisor – (10) Post**
- Fresh graduate in Bachelor of Veterinary Science

6) **Personnel & General Affairs Officer (Male) - (5) Post**
- Any University Graduate with minimum 5 years experience in Administration
- Able to stay at the Production/Farm area

7) **Electrical Engineer (Male) - (3) Post**
- B.E (or) AGTI, at least 2 years experience in related field

8) **Lawyer (Male/Female) - (1) Post**
- between 40-50 Years
- Must be fluent in English and can communicate with lawyer from overseas

9) **Administration Staff (2) Post**
- Any graduate with 2 years working experience in related field

10) **Driver (6) Post**
- Age between 25-40 Years
- Able to drive outside Yangon area

All positions require a good command of both spoken & written English and Computer literate as compulsory. Please send your CV to [illegible]

(or) No.37, Kabaaye Pagoda Road, Inya Lake Hotel Compound, Yangon

ရှမ်းပြည်နယ်

အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်

နောင်ချို ဇွန် ၂၁

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာအုပ်စု ဆမ္မဆယ်ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းအဆင့် တိုးမြှင့်ခြင်း အခမ်းအနားကို အဆိုပါကျောင်း၌ ဇွန်လ ၁၇ ရက်က ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ၊ မြို့နယ်ပညာရေးမှူး ဒေါ်ထင်(မ်)ပွေး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသာဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ပညာရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျောင်းအဆင့်တိုးမြှင့်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ပညာရေးမှူးတို့က ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာမကြီးနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က မိမိတို့ကျေးရွာအတွက် ဝမ်းသာဂုဏ်ယူပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများသည် ဆီဆုံကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ခြင်း၊ ကြိမ်ဂနိုင်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ခြင်းအခမ်းအနားများတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ [မြို့နယ် ပြန်/ဆက်]

စိမ်းပြာရေညှိအထွက်နှုန်းလျော့ကျမှုအပေါ် မြန်မာနှင့် တရုတ်သိပ္ပံပညာရှင် (ဘူမိဗေဒ)အဖွဲ့ သုတေသနပြုတွေ့ရှိချက်နှင့်သုံးသပ်တင်ပြချက်

ဒေါက်တာမင်းသိမ်း
မြန်မာ့ရေညှိပညာရှင်

တရုတ်သိပ္ပံပညာရှင်(ဘူမိဗေဒ) အဖွဲ့ သုတေသနပြု တွေ့ရှိချက်

တွင်းတောင်အင်းတွင် စိမ်းပြာရေညှိထုတ်လုပ်မှုသည် ၂၀၀၉-၂၀၁၀ မှစတင်ပြီး အထွက်နှုန်းများ စတင်လျော့ကျလာပါသည်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့စွဲဖြင့် 7 Day News Journal (Vol.12, No23)တွင် စိမ်းပြာရေညှိ စပီရူလိုင်းနား အထွက်နှုန်းလျော့ကျမှုနှင့် ပတ်သက်ပြီး China Academy of Science(CAS) အဖွဲ့မှ သိပ္ပံပညာရှင်များက သုတေသနပြုလုပ်နေကြောင်းနှင့်ရလဒ်အဖြေကို ခြောက်လအတွင်း သိရှိရမည်ဖြစ်ကြောင်းယင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဒုတိယဥက္ကဋ္ဌ ဦးကြိုင်စိန်က ပြောကြားသည်ဟု သတင်းဖော်ပြခဲ့ပါသည်။

တရုတ်ပညာရှင် အဖွဲ့ခေါင်းဆောင် ပါမောက္ခဒေါက်တာဂေါ်ကျင်ချူး (Prof. Dr. Guoqiang Chu, Institute of Geology and Geophysics Chinese Academy of Sciences Beijing 100029, China)က ၂၀၁၄ မေ ၇ ရက်နေ့စွဲဖြင့် ၎င်း၏ တွေ့ရှိသုံးသပ်ချက်ကို အောက်ဖော်ပြပါအတိုင်း ထုတ်ပြန်ခဲ့သည်။

"တွင်းတောင်မားအင်း (Maar Lake) ပတ်ဝန်းကျင်ဒေသတွင် မီးတောင်ချော်ရည်ပြာမှုန့်များ ပို့ချမှု (Pyroclastic Deposit) နှင့် မီးတောင်ချော်ကျောက် (Basaltic Rocks) များမှ နေရာဒေသ တော်တော်များများကို ဖုံးလွှမ်းထားသည်။ ပိုင်ရိုကလပ်စတစ်နုန်းပို့ချမှုရှိသောမြေတွင် လေဟာပေါက်များ ၅၀ ရာခိုင်နှုန်းထက်ပို၍ ပါရှိသည်။ ထို့အတွက်ကြောင့် လေဟာပေါက်များတွင် ရေစိမ့်ဝင်အားကောင်းစွာဖြစ်စေပါသည်။ အခြားတစ်ဖက်တွင်မူ မီးတောင်ချော်ရည်ပြာမှုန့်များပို့ချမှု (Pyroclastic Deposit) နှင့် မီးတောင်ချော်ကျောက် (Basaltic Rocks) များကြောင့် မီးတောင်ဟောင်းဝန်းကျင်တွင် မြေအောက်ရေ (Aquifer) ထိန်းနိုင်စွမ်းအား အလွန်ကောင်းပါသည်။

၎င်းဒေသတွင် စိုက်ပျိုးရေးအတွက် ရေအမြောက်အမြား တင်သွင်းခြင်းမှာ ကောင်းသောစိတ်ကူးမျိုးမဟုတ်ပါ။ မီးတောင်ချော်ရည် ပြာမှုန့်ဖြင့် ပြီးသော မြေအမျိုးအစား (Pyroclastic Deposit) ကြောင့် တွင်းတောင်အင်းရေ၏ ဓာတုဗေဒလက္ခဏာများ ပြောင်းလဲသွားစေနိုင်သောကြောင့် ဖြစ်ပါသည်။ ဒုတိယအချက်မှာ စိုက်ပျိုးရေးအတွက်၊ စီးပွားရေးအတွက် တွက်ခြေမကိုက်နိုင်ခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပိုင်ရိုကလပ်စတစ်ပို့ချမှုကြောင့် ဖြစ်သော မြေသည် ရေထိန်းနိုင်အားအလွန်နည်းသောကြောင့် (ရေစိမ့်အားမြင့်မားသောကြောင့်) တင်သွင်းသောရေအများအပြားမှာ မြေအောက်သို့ စိမ့်ဝင်ဆုံးရှုံးသွားနိုင်၍ ဖြစ်ပါသည်။

တွင်းတောင်မားအင်း (Twin Taung Maar Lake) သည် ကမ္ဘာတွင် သဘာဝစပီရူလိုင်းနားဖြစ်ထွန်းရာ (Spirulina bloom) အံ့ဖွယ်နေရာဖြစ်ပါသည်။ မားအင်းများကို လေ့လာနေသည့် သိပ္ပံပညာရှင်တစ်ဦးအနေဖြင့် လူသားတို့၏ ဖန်တီးဆောင်ရွက်ချက်ကြောင့် မားအင်းတစ်အင်း၏ ဓာတုဗေဒလက္ခဏာများ ပြောင်းလဲသွားခြင်းမျိုးမဖြစ်စေရန် မျှော်လင့်မိပါသည်။

ဦးကြိုင်စိန်နှင့် ဒေါက်တာချူးတို့တွဲဖက်၍ (PowerPoint Presentation) တစ်ခုဖြင့်လည်း ရှင်းလင်းဖော်ပြထားပါသည်။ တွင်းတောင်မီးတောင်ဟောင်းပေါက်ကွဲမှုတွင် ချော်ရည်နှင့် ရေထိတွေ့ဖြစ်လာသော ပူပြင်းသည့် ရေငွေ့အားဖြင့် ပေါက်ကွဲခဲ့ပြီး မီးတောင်ချော်ရည်ပြာမှုန့်များ (Pyroclastic Deposit) ပျံ့လွင့်ခဲ့ပါသည်။

မီးတောင် ပေါက်ကွဲချိန်တွင် အငယ်စားပေါက်ကွဲမှု အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မြေမှုန်အရွယ်အစားကွာခြားသော မြေလွှာများကို တွင်းတောင်၌ ထင်ရှားစွာတွေ့ရှိရပါသည်။

တွင်းတောင်ဝန်းကျင်၌ ပျံ့နှံ့နေသော (Pyroclastic Deposit) မြေအမျိုးအစားတွင် လေဟာပေါက် ၅၀ ရာခိုင်နှုန်းထက်ပို၍ရှိပြီး ရေစိမ့်အားအလွန်ကောင်းပါသည်။ အခြားတစ်ဖက်တွင်လည်း မြေအောက်ရေထိန်းထားနိုင်စွမ်း အလွန်ကောင်းပါသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် အောက်ခံကျောက်လွှာများ ကြေမွပျက်စီးပြီး အရွယ်အစားမညီသော ကျောက်မှုန်ကျောက်ခဲများ လွင့်စဉ်လာပြီး သိပ်သည်းမှုနည်း၍ ရေစိမ့်အားကောင်းသော (Pyroclastic Deposit) အလွှာဖြစ်လာပါသည်။ ထိုအလွှာကြောင့် တွင်းတောင်ဝန်းကျင်ရှိ မြေအောက်ရေသည် တွင်းတောင် အင်းရေနှင့် ရေဝင်ရေထွက်အား ကောင်းပြီး မျှခြေ (Balance) ဖြစ်နေပါသည်။

တွင်းတောင်အင်းအတွင်းသို့ ရေချိုရောဝင်မှုပမာဏ တွက်ချက်သုံးသပ်ခြင်း

တွင်းတောင် ပတ်ဝန်းကျင်ရှိရေဘုတလင်မြစ်ရေတင် စီမံကိန်းသည် တွင်းတောင်၏ အပြင်ဘက်မြောက်ဘက်စောင်းတွင်တည်ရှိ၍ ပင်လယ်ရေပြင်အထက် ၄၄၄ ပေ အမြင့်အထိ ရေတင်ပါသည်။

၂၀၀၆ ခုနှစ် မြစ်ရေတင်စီမံကိန်း စတင်သည်မှစ၍ ရေတင်ပမာဏမှာ တစ်ရက်လျှင် ရေဂါလန် သန်း ၃၀ မှ သန်း ၄၀ အထိ ရှိပါသည်။ ရေတင်ပမာဏများသောကြောင့် တွင်းတောင် ပတ်ဝန်းကျင်တွင် မြေအောက်ရေထိပ်မြင့်တက်လာပြီး မြေနိမ့်ပိုင်းတွင်ရှိသော ရှင်မချောက်ကဲ့သို့ ရှေးယခင်က ခန်းခြောက်နေသော ရေအိုင်ခြောက်များတွင်ပင် ရေများပြည့်လျှံလာပါသည်။ ရေတိမ်သော ပိုက်ရေတွင်းများလည်း အသစ်တူးနိုင်ခဲ့ကြပါသည်။ တွင်းတောင်အင်းသည် ရေတင်စခန်းနှင့် တစ်မိုင်ခွဲခန့်သာဝေးပြီး ပေ ၁၉၀ ခန့် နိမ့်ပါသည်။ ရေသည် မြင့်ရာမှ နိမ့်ရာသို့ စိမ့်ဝင်စီးဆင်းသောကြောင့် တွင်းတောင်ဝန်းကျင်ရှိ မြေအောက်ရေသည် အခြားရေတွင်းရေအိုင်များကဲ့သို့ တွင်းတောင်အင်းအတွင်း စိမ့်ဝင်သည်မှာ ထင်ရှားသိသာပါသည်။

တွင်းတောင်အင်းအတွင်းသို့ ရေချိုစိမ့်ဝင်သည့် ပမာဏကို သိရှိနိုင်ရန် အင်းရေ၏ ဆားငန်နှုန်း (Salinity)၊ အယ်လ်ကာလီနီတီ (Alkalinity) နှင့် pH မှတ်တမ်းများကို အသုံးပြုတွက်ချက်နိုင်ပါသည်။

တွင်းတောင်အင်းရေညှိစခန်း မှတ်တမ်းများ		၂၀၀၅ ခုနှစ်	၂၀၁၃ ခုနှစ်
၁။ ဆားငန်နှုန်း (Salinity)	=ပီပီတီ(စစအ)	= ၅ (ppt)၊	၃(ppt)၊
၂။ အယ်လ်ကာလီ နီတီ (Total Alkalinity)	= ပီပီအမ်(စစာ)	=၅၁၀၀(ppm)၊	၃၀၂၈ (ppm)
၃။ ပီအိပ်(ချ်) (pH)		၁၀. ၅	၉. ၃

စာမျက်နှာ ၃ သို့ »»

ကျေးလက်ဒေသဖွံ့ဖြိုးရေး စည်ပင်-ဂျောင်းတာမြေသားလမ်းဖောက်

ညောင်လေးပင် ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စည်ပင်ကျေးရွာနှင့် ဂျောင်းတာကျေးရွာများလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်၍ ဒေသကုန်စည်စီးဆင်းမှု ချောမွေ့စေရန်အတွက် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကျပ် ၂၁၅၅၀၀၀၀ ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မတ်လ၌ စတင်ဖောက်လုပ်ခဲ့သည်။ အဆိုပါလမ်းအား ငွေစင်ဆန်းသစ်ကုမ္ပဏီမှ တာဝန်ယူဖောက်လုပ်လျက်ရှိပြီး အရှည်နှစ်မိုင်ခန့် ပြီးစီးလျက်ရှိကာ မြေသားလမ်းအား မြေသားဖို့ခြင်း၊ ဖို့ပြီးသောလမ်းအား မြေညှိစက်ဖြင့် ညှိပေးခြင်းများ ဆောင်ရွက်နေပြီဖြစ်သဖြင့် အဆိုပါ လမ်းကြံ့ခိုင်ကောင်းမွန်မှုရှိစေရန်နှင့် ဒေသခံများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသန်းလွင်၊ မြေစာရင်းမှ ဦးစိုးတင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇွန်လအတွင်း ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ အဆိုပါ စည်ပင်-ဂျောင်းတာမြေသားလမ်းခိုင်မာသွားပြီး ဂဝံလမ်းခင်းနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စည်ပင်-ဂျောင်းတာလမ်းမကြီး ပြီးစီးသွားပါက ထင်းကုန်း၊ အလုပ်စု၊ ဆာဆေး၊ ကျောင်းရွာ၊ ငါးတံစု၊ ဆင်ရွာ၊ ချောင်းသစ်နေ ရွာသူရွာသားများ မိမိတို့သွားလိုရာခရီးကို ရာသီမရွေးကောင်းမွန်စွာသွားလာနိုင်ပြီဖြစ်၍ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့ကာ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သဖြင့် ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိနေကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

STI MYANMAR UNIVERSITY
MBA | BBA | MED | BE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

ပေါ်တူဂီအား အခက်တွေ့စေမည့် အမေရိကန်

ပေါ်တူဂီ။ သူတို့၏လားရာကို တွက်ဆရလျှင် နည်းနည်းမက အလုပ်ဆန်သည်။ သူတို့အုပ်စုကိုကျော်ဖြတ်နိုင်မည်လော။ သို့တည်းမဟုတ် သူတို့အုပ်စုမှထွက်ခွာရမည်လော။ ဝိရောဓိ ဖြစ်စရာကောင်းသည်။ တွေးစရာကောင်းသည်။ အထူးသဖြင့် သူတို့သည် အဖွင့်ပွဲ၌ ရှုံးပွဲကြုံခဲ့သည်။ ထိုအရှုံးသည် ထိုပွဲတစ်ပွဲတည်းသာ ရှုံးသည့်အရှုံးဟု ယူဆ၍မရ။ အုပ်စုမှ တက်ခွင့်အပါအဝင် သူတို့၏အနာဂတ်တစ်ခုလုံးကို စေစားနိုင်သောအရှုံးဟု ဆိုနိုင်သည်။

အထူးသဖြင့် သူတို့သည် အဆိုပါ အဖွင့်ပွဲ၌ ဂိုးပြတ်အရေးနိမ့်ခဲ့ရမှုကြောင့် ယခုတစ်ပွဲစီကစားပြီးသည့်အချိန်၌ပင် သူတို့သည် အုပ်စုအောက်ဆုံးသို့ ရောက်လျက်ရှိသည်။ ဆိုချင်သည်မှာ ပေးဂိုတစ်ဂိုး၏ စေစားနိုင်မှုဖြစ်သည်။ သူတို့နည်းတူ ဂါနာသည်လည်း အဖွင့်ပွဲ၌ အမေရိကန်အား ရှုံးခဲ့သည်။ အရှုံးချင်းတူသော်လည်း အမေရိကန်အား နှစ်ဂိုး-တစ်ဂိုးဖြင့်သာ ရှုံးသော ဂါနာသည် သူတို့အထက်၌ ရှိနေသည်။ ဆိုချင်သည်မှာ သူတို့၏နောက်တစ်ဆင့်တက်ရန် ရုန်းရမည့်ပမာဏဖြစ်သည်။ အရှင်းဆိုရလျှင် သူတို့အနေဖြင့် အုပ်စုဒုတိယပွဲတွင် အမေရိကန်နှင့်ဆုံရမည် ဖြစ်သည်။ ထိုပွဲ၌ သူတို့အနေဖြင့် သရေသာကစားနိုင်သည်ဆိုပါစို့။ မည်သို့ဖြစ်လာမည်နည်း။ အထူးသဖြင့် သူတို့၏ နောက်တစ်ဆင့်တက်ရေးအတွက် စိုက်ထုတ်ရမည့်အားနှင့် အဆိုပါစိုက်ထုတ်ရနိုင်သောအားနှင့် လိုက်လျောညီထွေသော အခြေအနေတစ်ရပ် သူတို့တွင် ရှိ၊ မရှိသိလိုလျှင် ထိုမှစ၍တွက်ရမည်။

ထို့ကြောင့် ပြောခဲ့ပြီးသကဲ့သို့ သူတို့သည် အမေရိကန်ကို သရေသာကစားနိုင်ခဲ့သည်ဟုတွက်ပါက အဆိုပါပွဲအပြီးတွင် အမေရိကန်က လေးမှတ်ရမည်။ သူတို့က တစ်မှတ်ရမည်။ ထိုအခြေအနေတွင် နောက်ဆုံးပွဲစဉ်၌ သူတို့က ဂါနာဖြင့် ကစားရမည်ဖြစ်ပြီး အမေရိကန်က ဂျာမနီနှင့် ကစားရမည်ဖြစ်ရာ အမှတ်တူရန် အခွင့်အရေးတော့ ရှိနိုင်သည်။ အထူးသဖြင့် ဂါနာအား သူတို့အနိုင်ရနိုင်သကဲ့သို့ အနိုင်ရပါက လေးမှတ်ရရန်ရှိသည်။ ထိုအခြေအနေတွင် ဂျာမနီနှင့် ရင်ဆိုင်ရမည့် အမေရိကန်အား အနိမ့်ဆုံးအဖြစ် အရှုံးဟုတွက်လျှင်ပင် လေးမှတ်ရနေမည်ဖြစ်ရာ အမှတ်တူသာရှိဦးမည်။ သို့ဆိုလျှင် လက်ရှိအချိန်၌ အမေရိကန်နှင့် ပေါ်တူဂီတို့ကြား ကွာခြားနေသော ငါးဂိုးဆိုသည့် အရေအတွက်မှာ စကားပြောလာပေလိမ့်မည်။ အကယ်၍ ပေါ်တူဂီသာ အမေရိကန်နှင့်သရေကျခဲ့ပါက နောက်ဆုံးပွဲတွင် ဂါနာအား အနိုင်ရရုံနှင့်မပြီးဘဲ ဂိုးများများသွင်းရန်လိုမည်။ သို့မဟုတ်လျှင် အမေရိကန်အနေဖြင့် ဂျာမနီအား ဂိုးပြတ်ရှုံးရန်လိုသည်။

သို့သော် ထိုသို့ဖြစ်ရန်မှာ မည်သို့မျှမသေချာ။ ပေါ်တူဂီအနေဖြင့် မာကျောသော ဂါနာကို ဂိုးပြတ်သွင်းရန်ခက်သကဲ့သို့ အကယ်၍ ပေါ်တူဂီနှင့်ပွဲ၌ သရေကျခဲ့ပါက တစ်မှတ်ရရုံဖြင့် လွတ်လွတ်ကျွတ်ကျွတ် ရှုံး/ထွက်တက်မည့် အခြေအနေအရ ဂျာမနီကို ခံကစားမည့် အမေရိကန်သည်လည်း ဂိုးပြတ်ရှုံးရန် ခက်ခဲပေသည်။ ထို့ကြောင့် ပေါ်တူဂီအနေဖြင့် ဂျာမနီအား ဂိုးပြတ်ရှုံးခဲ့ရမှုသည် ပွဲတစ်ပွဲအတွက်သာ ရှုံးနိမ့်မှုမဟုတ်ဟု ဆိုခဲ့ခြင်းဖြစ်သည်။ ထိုအရှုံးသည် သူတို့၏ အုပ်စုမှတက်နိုင်ဖွယ် အခြေအနေကို အဆုံးအဖြတ်ပေးနိုင်သကဲ့သို့ သူတို့၏အနာဂတ်ကိုပင် စေစားနိုင်သည်ဟု ဆိုခဲ့ခြင်းပင်။

သူတို့အနေဖြင့် ဂျာမနီအား ရှုံးနိမ့်ခဲ့မှုအရ အုပ်စုမှ တက်လျှင်ပင် အုပ်စုဒုတိယသာရမည်။ ထိုသို့ ဒုတိယသာရခြင်းကြောင့် ရှုံး/ထွက်တွင် အုပ်စု(ဇ)မှ အုပ်စုပထမနှင့် တွေ့ရမည်။ လက်ရှိအခြေအနေအရ ထိုအုပ်စု(ဇ)တွင် ဘယ်လ်ဂျီယံက အုပ်စုပထမရရန် နီးစပ်နေရာ ထိုရှုံး/ထွက်၌ပင် အခက်အခဲတစ်ခုနှင့် ရင်ဆိုင်ရပေမည်။ ထိုအဆင့်အား ကျော်ဖြတ်နိုင်၍ ကွာတားတက်ခဲ့လျှင်ပင် ပွဲစဉ်ဇယားအရ အုပ်စု(စ)မှ ပထမနှင့် အုပ်စု(င)မှ ဒုတိယရသောအသင်းနှင့် ကွာတားတွင် တွေ့ရမည်ဖြစ်ရာ လက်ရှိအခြေအနေအရ အုပ်စု(စ)တွင် အာဂျင်တီးနားက အုပ်စုပထမရရန် နီးစပ်နေပြီး အုပ်စု(င)တွင် ဆွစ်ဇာလန်က ဒုတိယရရန် နီးစပ်နေသည်။ ထို့ကြောင့် အာဂျင်တီးနားနှင့် ဆွစ်ဇာလန်တို့တွေ့ခဲ့ပါမူ အာဂျင်တီးနားသည် ကွာတားသို့တက်လာနိုင်သလို ပေါ်တူဂီနှင့်တွေ့ရမည့်

စာမျက်နှာ သို့ » »

နေ့ရက်	-	၂၃-၆-၂၀၁၄
အချိန်	-	နံနက် ၄း၃၀
ကစားမည့်ကွင်း	-	Arena Amazonia

အယ်လ်ဂျီးရီးယားကို လျှော့တွက်၍မရသော တောင်ကိုရီးယား

VS

ရက်စွဲ	-	၂၃-၆-၂၀၁၄
အချိန်	-	နံနက် ၁း၃၀
ကစားမည့်ကွင်း	-	Pinheiro Borba

တောင်ကိုရီးယားနှင့် အယ်လ်ဂျီးရီးယား။ ပွဲကစိတ်ဝင်စားဖွယ်ကောင်းသည်။ နှစ်သင်းစလုံး အဖွင့်ပွဲစဉ်များ၌ ရမှတ်များ ဆုံးရှုံးခဲ့ရသော်လည်း ယခုပွဲအနိုင်ရပါက အနိုင်ရသည့်အသင်းသည် နောက်တစ်ဆင့်တက်ရန်အတွက် မျှော်လင့်နိုင်သည်။ အရှင်းဆိုရသော် ဒီပွဲအနိုင်/အရှုံးသည် နှစ်သင်းစလုံးအတွက် ကမ္ဘာ့ဖလားတွင် ဆက်လက်ရှင်သန်ခွင့်ကို အဆုံးအဖြတ်ပေးမည့်ပွဲဖြစ်သည်။ ဆိုရလျှင် လက်ရှိအုပ်စုအနေအထားအရ ဘယ်လ်ဂျီယံတစ်သင်းသာ သုံးမှတ်ရထားသည်။ ကျန်သုံးသင်းတွင် ရုရှားနှင့် တောင်ကိုရီးယားက တစ်မှတ်စီ အယ်လ်ဂျီးရီးယားက အမှတ်မရှိ။ ထို့ကြောင့် ဘယ်လ်ဂျီယံနှင့် ရုရှားပွဲတွင် ဘယ်လ်ဂျီယံအနိုင်ရသွားလျှင်လည်း ယခုပွဲအနိုင်ရသော အသင်းသည် အနိမ့်ဆုံးအုပ်စုဒုတိယ နေရာကို မျှော်လင့်နိုင်ပေမည်။ ထို့ကြောင့် ယခုပွဲတွင် နှစ်သင်းစလုံး ခြေကုန်ထုတ်ကြမည်။ နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားကြမည်က သေချာသည်။

အထူးသဖြင့် တောင်ကိုရီးယားသည် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဘယ်လ်ဂျီယံနှင့်ကစားရမည်ဖြစ်ရာ ယခုပွဲတွင် အနိုင်ရရန်ပိုလိုအပ်သည်။ ဆိုရလျှင် တောင်ကိုရီးယားအနေဖြင့် ဘယ်လ်ဂျီယံအား အနိုင်ရရန်မှာ သေချာမှုမရှိသည့်အပြင် ခက်ခဲလွန်းသည်။ ထို့ကြောင့် ယခုပွဲတွင် အနိုင်ရပါမှ နောက်ဆုံးပွဲတွင် ဘယ်လ်ဂျီယံအား သရေရရန် ခံကစား၍ နောက်တစ်ဆင့် မျှော်လင့်နိုင်ဖွယ်ရှိနေသည်။ ဆိုရလျှင် ယခုပွဲသည် ရုရှားနှင့် ဘယ်လ်ဂျီယံတို့ ကစားပြီးချိန်တွင် ကစားမည့် ပွဲဖြစ်သည်။ အကယ်၍ ထိုပွဲတွင် ဘယ်လ်ဂျီယံသာ အနိုင်ရခဲ့ပါက တောင်ကိုရီးယားသည် ယခုပွဲတွင်အနိုင်ရပြီး နောက်ဆုံးပွဲတွင် သရေထိန်းကစားရုံဖြင့် နောက်တစ်ဆင့်တက်နိုင်မည်ဖြစ်သကဲ့သို့ အကယ်၍ ရုရှားနိုင်ခဲ့လျှင်လည်း တောင်ကိုရီးယားအနေဖြင့် ယခုပွဲအနိုင်ယူထားနိုင်လျှင် နောက်ဆုံးပွဲ၌ ဘယ်လ်ဂျီယံအား သရေထိန်းကစားရုံဖြင့် နောက်တစ်ဆင့် တက်နိုင်မည်ဖြစ် သည်။ ဆိုရလျှင် တောင်ကိုရီးယားသည် ရုရှားနှင့် ဘယ်လ်ဂျီယံတို့ပွဲအဖြေအရ ထိုပွဲ၌ အနိုင်ရလဒ်အပြင် သွင်းဂိုးကိုပါ ထိန်းညှိနိုင်မည်ဖြစ်သည်။ ဆိုချင်သည်မှာ အကယ်၍ ရုရှားနှင့် ဘယ်လ်ဂျီယံပွဲ သရေကျကာ တောင်ကိုရီးယားက အယ်လ်ဂျီးရီးယားကို အနိုင်ကစားနိုင်လျှင် နှစ်ပွဲစီအပြီး၌ တောင်ကိုရီးယားနှင့် ဘယ်လ်ဂျီယံက လေးမှတ်စီရမည်။ ရုရှားက နှစ်မှတ်ရမည်။ ထိုအခြေအနေအရ အုပ်စုနောက်ဆုံးပွဲတွင် ဘယ်လ်ဂျီယံနှင့် တောင်ကိုရီးယား သရေကျကာ ရုရှားက အယ်လ်ဂျီးရီးယားကို အနိုင်ရခဲ့လျှင် သုံးပွဲစီအပြီး၌ ဘယ်လ်ဂျီယံ၊ ရုရှား၊ တောင်ကိုရီးယားတို့အားလုံး ငါးမှတ်စီတူနေမည်ဖြစ်ရာ ထိုအချိန်တွင် ဂိုးကွာဟမှုက အရေးပါလာပေလိမ့်မည်။

ထို့ကြောင့် အကယ်၍ ဘယ်လ်ဂျီယံနှင့် ရုရှားပွဲသာ သရေကျခဲ့ပါက တောင်ကိုရီးယားသည် အယ်လ်ဂျီးရီးယားကို အနိုင်ရရန် ကြိုးစားမည့်အပြင် ဂိုးများများသွင်းနိုင်ရန်ပင် အားစိုက်သွားပေလိမ့်မည်။ မည်သို့ဆိုစေ တောင်ကိုရီးယားသည် အယ်လ်ဂျီးရီးယားကို အနိုင်ရရန်အတွက် အထူးကြိုးစားမည်က သေချာသည်။

သို့သော် အယ်လ်ဂျီးရီးယားကိုလည်း လျှော့တွက်၍တော့ရမည်မဟုတ်ပေ။ အထူးသဖြင့် အယ်လ်ဂျီးရီးယားအနေဖြင့်လည်း ယခုပွဲအနိုင်ရပါက ရှုံး/ထွက်တက်နိုင်ဖွယ်ရှိသေး၍ အားစိုက်ကစားလာမည်ဖြစ်သလို ဘယ်လ်ဂျီယံကိုပင် အကောင်းဆုံးခံကစားနိုင်ခဲ့သည်ကိုတွေ့ရသည်။ အထူးသဖြင့် အယ်လ်ဂျီးရီးယားသည် မာကျောမှုရှိသည်။ တန်ပြန်တိုက်စစ်ကစားပုံကောင်းသည်။ တောင်ကိုရီးယားသည် ထိုသို့ကစားပုံမာကျောသောအသင်းများနှင့်ဆုံလျှင် ကစားရ ခက်တတ်သည်။ ထို့အပြင် တောင်ကိုရီးယားသည် ခံစစ်ပိုင်းတွင် အားနည်းမှုရှိသည်။ ထို့ကြောင့် တောင်ကိုရီးယားအနေဖြင့် နိုင်လိုစိတ်လွန်ကဲကာ အလွန်အကျွံတိုက်စစ်ဖွင့်ကစားလာပါက ခံစစ်မလုံခြုံမှုအရ လျင်မြန်သည့် အယ်လ်ဂျီးရီးယား၏ တန်ပြန်တိုက်စစ်ကို ထိန်းချုပ်ရန် မလွယ်။ ထို့အပြင် အယ်လ်ဂျီးရီးယားခံစစ်သည်လည်း ကျစ်လျစ်မာကျောမှုရှိကာ ဘယ်လ်ဂျီယံပင်လျှင် ခက်ခဲစွာ ထိုးဖောက်ခဲ့ရသည့် အနေအထားအရဆိုလျှင် တောင်ကိုရီးယားတို့ ဂိုးရရန် ရှန်းကန်ရနိုင်ကာ ဂိုးမရ၍ ဂိုးရချင်စိတ်သိပ်များလာလျှင် အယ်လ်ဂျီးရီးယား၏ တန်ပြန်တိုက်စစ်က ပို၍ပင် ဒုက္ခပေးနိုင်ပေရာ အယ်လ်ဂျီးရီးယားကို လျှော့တွက်၍မရဟုဆိုခဲ့ ပြောခဲ့မိခြင်းဖြစ်သည်။ သို့သော် အတွေ့အကြုံ၊ အသင်းလိုက်ကစားပုံ နှင့် တစ်ဦးချင်းစွမ်းဆောင်ရည်တို့တွင် တောင်ကိုရီးယားက အားသာနေပေရာ တောင်ကိုရီးယားသာ ကပ်နိုင်သွားမည်ဟု မြင်မိသည်။

[ကိုရှိုင်း]

ပေါ်တူဂီအား အခက်တွေ့စေမည့် အမေရိကန်

ရွှေဖုံးမှ» »

အခြေအနေရှိနေပေရာ ထိုသို့ဆိုလျှင် ပေါ်တူဂီ၏လျှောက်လမ်းသည် ကွာတားဦပင် ရပ်သွားနိုင်သည်။ ထို့ကြောင့် ဂျာမနီအား ရှုံးနိမ့်ပြီးသည့်အချိန်မှစ၍ ပေါ်တူဂီ၏လားရာကို စိုးရိမ်မကင်းဖြစ်ခဲ့ခြင်းပင်ဖြစ်သည်။ ထို့ထက်ပို၍ဆိုးသည်မှာ ထိုပွဲ၌ ပီပီထုတ်ပယ်ခံရခြင်း၊ ကွန်ထရာအိုဒက်ရာရခဲ့ခြင်းတို့ပင်ဖြစ်သည်။ ထိုဖြစ်ရပ်များ ကြောင့် အမေရိကန်နှင့်ပွဲတွင် အဆိုပါ အဓိကခံစစ်မှူးနှစ်ဦးစလုံး မပါဝင်နိုင်သောအခြေအနေနှင့် အမေရိကန်နှင့်ပွဲ တွင် ပေါ်တူဂီရင်ဆိုင်ရပေတော့မည်။ ထို့အပြင် ဆိုခဲ့ပြီးသည့်အတိုင်း အမေရိကန်နှင့်ပွဲသည်လည်း သရေဆိုလျှင်ပင် မလုံလောက်သည့်အနေအထားအရ ထိုလိုအပ်ချက်များအရ ပေါ်တူဂီရလဒ်ကောင်းရန် ခက်ခဲပေလိမ့်မည်။

အမေရိကန်သည် အသင်းလိုက်ကစားပုံကောင်းသည်။ နာမည်ကြီးကစားသမားမပါဝင်သည့်တိုင် ရှေ့နောက်လည်း အားမျှမှုရှိသည်။ ပေါ်တူဂီမှာမူ ထိုသို့ မဟုတ် ရော်နယ်ဒိုပါဝင်သည်မှာမှန်သော်လည်း အသင်းလိုက်ခြေစွမ်း မျှတမှုတွင် အမေရိကန်အား မမီ။ ဆိုရလျှင် ပေါ်တူဂီသည် ရော်နယ်ဒိုအပေါ်တွင် အားပြုလွန်းသည်။ ထို့ကြောင့် ရော်နယ်ဒို မပါဝင်သောပွဲများ၊ ရော်နယ်ဒိုခြေစွမ်းမပြနိုင်သောပွဲများတွင် ပေါ်တူဂီသည် အစဉ်အဆက် ရုန်းကန်ခဲ့ရ သည်။ ဂျာမနီနှင့်ပွဲဆိုလျှင် ရော်နယ်ဒိုအား ထိထိမိမိမပုံ့ပိုးနိုင်သည့်အခါ ရော်နယ်ဒိုသည်လည်း အခွင့်အရေး မရခဲ့သကဲ့သို့ ပေါ်တူဂီတိုက်စစ်သည်လည်း အသက်မဲ့ခဲ့ရသည်က သက်သေဖြစ်သည်။ အမေရိကန်သည် အဖွင့်ပွဲ၌ အနိုင်ရထား၍ ယခုပွဲတွင် သရေကျရုံဖြင့် အခြေအနေကောင်းနိုင်သောအနေအထားကို အပျက်အယွင်း ခံမည် မဟုတ်။ ထို့ကြောင့် အသင်းလိုက်ဟန်ချက်ဖြင့် အကောင်းဆုံးခံကစားမည်ဖြစ်သည့်အပြင် ပီပီ၊ ကွန်ထရာအိုတို့ မပါဝင်နိုင်သည့် ပေါ်တူဂီခံစစ်သည်လည်း အမေရိကန်၏ တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ပါမည်လော။ သေချာသည်က ထိုပွဲသည် ပေါ်တူဂီနိုင်လျှင် မပြတ်သားနိုင်သည့် သဘောသာဖြစ်သည်။

[ရှိုင်းမင်းမင်း]

အင်္ဂလန်ဘုရင်မထံမှ အနမ်းတစ်ပွင့်လိုချင်တဲ့ ဘယ်လော့တယ်လီ

ပြီးခဲ့သည့် ရက်သတ္တပတ်က ကစားခဲ့သည့် အီတလီနှင့် အင်္ဂလန်အသင်းတို့၏ပွဲစဉ်တွင် အီတလီအသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူး မာရီယို ဘယ်လော့တယ်လီသည် ဥရုဂွေးအသင်းကိုပါ ထပ်မံရှုံးနိမ့်ခဲ့သည့် နည်းပြ ရွှင်းဟော့ဆန်၏ အင်္ဂလန်အသင်းအား ရန်စဆွပေးရန် အခွင့်အရေး ရရှိလာပြီ ဖြစ်သည်။ ဆော်ပေါ်လိုတွင် ကျင်းပသည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သူ၏သွင်းဂိုးနှစ်ဂိုးဖြင့် အင်္ဂလန်အသင်းအား နှစ်ပွဲဆက် ရှုံးနိမ့်စေပြီးနောက် ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရက်စ်က လည်း အင်္ဂလန်အသင်းအား လှောင်ပြောင်ခဲ့သည်။ ယခုအခါ အင်္ဂလန်အသင်း၏ ကမ္ဘာ့ဖလားကံကြမ္မာသည် အော်ဇူရီ (အီတလီအသင်း၏နာမည်ပြောင်) လက်ထဲတွင်သာ ရှိတော့သည်။ မန်စီးတီးတိုက်စစ်မှူးဟောင်း ဘယ်လော့တယ်လီသည် တွစ်တာမှတစ်ဆင့် စိတ်ဝင်စားစရာ ကောင်းသော အဆိုတစ်ခု ရေးသားခဲ့သည်။ အီတလီအသင်း ကော်စတာရီကာအသင်းကို အနိုင်ကစားကာ အင်္ဂလန်အသင်း၏ ကမ္ဘာ့ဖလားပွဲ မျှော်လင့်ချက်များ ဆက်လက်ရှင်သန်အောင် ကူညီပေးနိုင်ခဲ့ပါက ဆုလာဘ်တစ်ခုအဖြစ် အင်္ဂလန်ဘုရင်မကြီးထံမှ အနမ်းတစ်ပွင့်သာ လိုချင်ကြောင်း ရေးသားထားခြင်း ဖြစ်သည်။ အီတလီအသင်း ကော်စတာရီကာနှင့် ဥရုဂွေးအသင်းများကို အနိုင်ရရှိမှသာ အင်္ဂလန်အသင်း ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် ၅၆ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် အုပ်စုမှ မထွက်ရမည်ဖြစ်သည်။[သုတ]

အသင်းလိုက် ထူးထူးခြားခြား အောင်ပွဲခံတဲ့ ကိုလံဘီယာအသင်း

ဇွန်လ ၁၉ ရက်နေ့က ဘရာစီးလီးယားတွင် ကျင်းပသည့် ကမ္ဘာ့ဖလား ပြိုင်ပွဲ အုပ်စု (ဂ)မှ ကိုလံဘီယာအသင်းနှင့် အိုင်ဗရီကို့စ်အသင်းတို့၏ ပွဲစဉ်တွင် ကိုလံဘီယာအသင်း တိုက်စစ်မှူး ရိုဒရီဂွတ်ဇ်ဂိုးသွင်းယူပြီးနောက် ကိုလံဘီယာကစားသမားများ အံ့အားသင့်ဖွယ် အသင်းလိုက်က၍ အောင်ပွဲခံ ခဲ့ကြသည်။ ယင်းအုပ်စုတွင် တစ်ပွဲစီနိုင်ကာ သုံးမှတ်စီရရှိထားသည့် ကိုလံဘီယာအသင်းနှင့် အိုင်ဗရီကို့စ်အသင်းတို့သည် ရှုံး/ထွက်အဆင့် တက်ရောက်နိုင်ရေးအတွက် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသော်လည်း ပထမပိုင်းတွင် ဂိုးမရှိသရေဖြင့်သာ ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းတွင် အနိုင်ဂိုးသွင်းနိုင်ရန် နှစ်သင်းစလုံး အရှိန်တင်ကစားလာရာ ကိုလံဘီယာအသင်းအတွက် ဂိုးများကို ရိုဒရီဂွတ်ဇ်နှင့် ကွင်တီယိုတို့က သွင်းယူခဲ့ပြီး အိုင်ဗရီကို့စ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ဂါဗင်ဟိုက သွင်းယူပေးခဲ့သည်။ အုပ်စု (ဂ) တွင် ကိုလံဘီယာအသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး အိုင်ဗရီကို့စ်အသင်းမှာ အုပ်စုနောက်ဆုံးပွဲအဖြစ် ဂရိအသင်းနှင့် ဇွန်လ ၂၅ ရက်နေ့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ ယင်းပွဲတွင် ဒီဒီယာဒရော့ဘာကို ပွဲထွက်လူစာရင်းတွင် ထည့်သွင်းကစားဖွယ် ရှိသည်။

[သုတ]

ရုရှားနှင့်ပွဲတွင် ကွန်ပါနေး ပါဝင်ရန် မသေချာဟု သတင်းများထွက်ပေါ်

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘယ်လ်ဂျီယံအသင်း၏ အသင်းခေါင်းဆောင် ကွန်ပါနေးသည် ပေါင်ခြံဒဏ်ရာကြောင့် ကြာသပတေးနေ့တွင် အသင်းနှင့်အတူ လေ့ကျင့်မှုများမပြုလုပ် နိုင်ခဲ့ကြောင်း ဘယ်လ်ဂျီယံအသင်းနည်းပြ ဝဲလ်မို့စ်က ပြောသွားသည်။

ဘယ်လ်ဂျီယံအသင်းသည် အုပ်စု ဒုတိယပွဲစဉ်အဖြစ် ရုရှားအသင်းနှင့် ကစားရမည်ဖြစ်သော်လည်း ဝဲလ်မို့စ်အနေဖြင့် အဆိုပါပွဲတွင် ကွန်ပါနေးပါဝင်နိုင်ခြင်းရှိ၊ မရှိအတွက် သံသယဖြစ်နေရသည်ဟု ပြောဆိုသွားခြင်းမရှိခဲ့ပေ။

ဝဲလ်မို့စ်က "ကွန်ပါနေးဟာ ပေါင်ခြံဒဏ်ကြောင့် ဒီနေ့အတွက် လေ့ကျင့်မှုတွေကို မပြုလုပ်နိုင်ပါဘူး။ ဒါပေမယ့် ဆေးအဖွဲ့တွေနဲ့အတူ သူတစ်ယောက်တည်း လေ့ကျင့်မှုတွေ ပြုလုပ်နေပါတယ်" ဟုပြောသွားသည်။

ဘယ်ဂျီယံအသင်း၏ တောင်ပံကစားသမား ဟာဇက်မှာလည်း ဗုဒ္ဓဟူးနေ့တွင် လေ့ကျင့်မှုများမပြုလုပ်နိုင်ခဲ့သော်လည်း ကြာသပတေးနေ့တွင် ပြုလုပ်ခဲ့သည့် လေ့ကျင့်မှုအစီစဉ်များတွင် ပါဝင်လာခဲ့သည်။

[သစ်လွင်]

နောက်တစ်ဆင့်တက်ရောက်နိုင်ရန် အယ်လ်ဂျီးရီးယားကို အနိုင်ကစားရမည်ဟု တောင်ကိုရီးယားကစားသမား ကူဂျာချို မှတ်ချက်ပြု

တောင်ကိုရီးအသင်းကစားသမား ကူဂျာချိုက ၁၆ သင်းအဆင့်သို့တက်လှမ်းနိုင်ရေးအတွက် အယ်လ်ဂျီးရီးယားအသင်းကို အနိုင်ရရှိအောင် ကစားသွားရမည်ဖြစ်ကြောင်း ပြောဆိုသွားသည်။

နည်းပြ ဟောင်မြန်ဘိုကိုင်တွယ် နေသည့် တောင်ကိုရီးယားသည် အုပ်စုအဖွင့်ပွဲတွင် ရုရှားအသင်းကို ၁ ဂိုးစီသရေရလဒ် ထွက်ပေါ်အောင်ကစားထားနိုင်ခဲ့သည်။ သို့သော်လည်း အုပ်စု (H) ၏ အတောင့်တင်းဆုံးအသင်းဖြစ်သည့် ဘယ်လ်ဂျီယံအသင်းနှင့်မူ နောက် ဆုံးပွဲစဉ်အဖြစ် ကစားသွားရမည်ဖြစ် သည့်အတွက် တောင်ကိုရီးယားအနေဖြင့် အယ်လ်ဂျီးရီးယားနှင့်ပွဲကို အနိုင်ရရန် လိုအပ်သည်ဟု ယုံကြည်နေသည်။

ကူဂျာချိုက "ကျွန်တော်တို့ နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ဆိုရင် အယ်လ်ဂျီးရီးယားအသင်းကို အနိုင်ရဖို့လိုပါတယ်။ ဒီလိုအနိုင်ရဖို့အတွက် ကျွန်တော်တို့ရဲ့ စွမ်းဆောင်ရည်တွေအပေါ် အာရုံစိုက်ရပါလိမ့်မယ်"ဟုပြောသွားသည်။

တောင်ကိုရီးယားအသင်းသည် နောက်ဆုံးကစားခဲ့သည့် ကမ္ဘာ့ဖလား ပြိုင်ပွဲ သုံးကြိမ်တွင် နှစ်ကြိမ်တိုင် အုပ်စုအဆင့်မှ ကျော်ဖြတ်ထားနိုင်သည်။ တောင်ကိုရီးယားအသင်း၏ ကမ္ဘာ့ဖလားမှတ်တမ်းတွင် အမြင့်ဆုံးအောင်မြင်မှုအဖြစ် တောင်ကိုရီးယားနှင့် ဂျပန်တို့ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆီမီးအဆင့်ထိ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

[သစ်လွင်]

ဖီဖာက ဂျာမနီနှင့်ပွဲတွင် အနီကတ်ပြခံခဲ့ရသည့် ပီပီကို တစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးချမှတ်

ကမ္ဘာ့ဖလား အုပ်စု(G)၏ အဖွင့်ပွဲအဖြစ် ဂျာမနီနှင့် ကစားခဲ့ရသည့် ပွဲတွင် အနီကတ်ပြသခြင်းခံခဲ့ရသည့် ပေါ်တူဂီနောက်တန်းကစားသမား ပီပီသည် တစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

အသက် (၃၁) နှစ်အရွယ် ပီပီသည် အဆိုပါပွဲတွင် ဂျာမနီအသင်းကို ၂-၀ ဖြင့် ရှုံးနိမ့်နေချိန်တွင် ဂျာမနီတိုက်စစ်မှူး သောမတ်မူလာကို ခေါင်းဖြင့်တိုက်ခဲ့သည့်အတွက် အနီကတ်ပြသခံခဲ့ရခြင်းဖြစ်ပြီး ပေါ်တူဂီအသင်းသည် အဆိုပါပွဲအပြီးတွင် ၄-၀ ဖြင့် ရှုံးနိမ့်သွားခဲ့ရသည်။

ထို့ကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က ပီပီကို တစ်ပွဲပယ်ပြစ်ဒဏ်အပြင် ဒဏ်ကြေးအဖြစ် ပေါင် ၉၈၆၀ ကိုလည်း တပ်ရိုက်ခဲ့သည်။ ထိုကဲ့သို့ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည့် ပီပီမှာ အမေရိကန်နှင့်ကစားမည့်ပွဲကို လွဲချော်မည်ဖြစ်သော်လည်း အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့် ဂါနာနှင့်ပွဲကိုမူ ပြန်လည်ပါဝင်ကစားခွင့်ရရှိမည်ဖြစ်သည်။

[သစ်လွင်]

ရုရှားကို အနိုင်ယူရန်ခက်သည့် ဘယ်လ်ဂျီယံ

VS

ရက်စွဲ - ၂၂ -၆-၂၀၁၄
အချိန် - ည ၁၀း၃၀
ကစားမည့်ကွင်း - Maracana

မင်း
မင်း

ဘယ်လ်ဂျီယံ။ သူတို့၏အစုအဝေး၊ သူတို့၏အခြေအနေအရ ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်အား ခပ်လွယ်လွယ် ကျော်ဖြတ်နိုင်မည်ဟု ပြိုင်ပွဲမစခင်ကတည်းက မျှော်လင့်ခဲ့ကြသည်။ အထူးသဖြင့် သူတို့သည် ယခုနှစ်အပိုင်းအခြားတွင် ကစားသမားအရင်းအမြစ်သိသိသာသာဖွံ့ဖြိုးလာသည်။ ဟာဇက်၊ ကွန်ပါနေး၊ ဗာမာလန်၊ ဗာတွန်ဂမ်၊ ဖယ်လာနီ၊ မီရယ်လက်စ်၊ ဂျာနူဇက်စသည့် ခြေစွမ်းခြေစထက်မြက်သော ကစားသမားများသည် ဥရောပဘောလုံးလောကအတွင်းသို့ ထိပ်နားကျကျအပြိုင်းအရိုင်းတိုးဝင်လာနိုင်ကြသည်။ လူကာကူ၊ လော့တွိုက်စ်၊ မစ်နိုလက်စ်၊ ဗန်ဘိုင်တန်တို့ လည်းရှိသေးသည်။ ထို့အပြင် သူတို့ပါဝင်သော အုပ်စုအခြေအနေမှာလည်း သူတို့ကမော်ကြည့်ရမည့်အသင်း တစ်သင်းမှမပါ။ အယ်လ်ဂျီးရီးယားသည် သူတို့ထက်များစွာနိမ့်ကျသောအသင်းဖြစ်သည်။ တောင်ကိုရီးယားနှင့် ရုရှားတို့သည်လည်း သူတို့ထက်မနိမ့်ဟုဆိုလျှင်ပင် သူတို့ထက်မြင့်သောအသင်းများမဟုတ်ကြ။ ထို့ကြောင့် သူတို့အား ယခုကမ္ဘာ့ဖလားတွင် အုပ်စုအား ကျော်ဖြတ်နိုင်မည်ဟု အားလုံးကတညီတညွတ်တည်း လက်ခံယုံကြည်ကြသည်။ မျှော်လင့်ကြသည်။

သို့သော်သူတို့၏ပွဲဦးထွက်သည် အနည်းငယ်သံသယဆန်သည်။ အုပ်စုအဖွင့်၌ အနိုင်မရ၍မဟုတ်။ အနိုင်ရသည်။ သုံးမှတ်အပြည့်ရသည်။ သို့သော် ထိုသို့အနိုင်ရသည်ဆိုသော်လည်း အုပ်စုတွင်းအားအနည်းဆုံးဖြစ်သည့် အယ်လ်ဂျီးရီးယားကိုပင် ပြတ်ပြတ်ထင်ထင်အသာမရ။ ၂-၁ ဖြင့်သာနိုင်သည်။ ပွဲချိန် ၂၅ မိနစ်၌ပင် ဖီဘိုစီ၏ဦးဆောင်ဂိုးအား ချေပနိုင်ရန်ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပြီး မိနစ် ၇၀ ရောက်မှ ဖယ်လာနီကချေပဂိုးသွင်းယူပေးနိုင်ခဲ့ကာ မိနစ် ၈၀ ရောက်မှ အနိုင်ဂိုးရယူနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် သူတို့အပေါ် စိုးရိမ်မကင်းဖြစ်ကြသည်။ သံသယများဝင်လာကြသည်။ အရှင်းဆိုရလျှင် သူတို့အနေဖြင့် နောက်ထပ်ရင်ဆိုင်ရမည့် နှစ်ပွဲမှာ အယ်လ်ဂျီးရီးယားနှင့်ပွဲထက်ပိုမိုခက်ခဲသောပွဲများဖြစ်သည်။ တောင်ကိုရီးယားနှင့်ရုရှားတို့ဆိုသည်မှာ လွယ်လွယ်နှင့်အနိုင်ယူ၍ရသော အသင်းများမဟုတ်ကြပေ။ ထို့ကြောင့် အဖွင့်ပွဲကခြေစွမ်းအရဆိုလျှင် သူတို့အနေဖြင့် အဆိုပါအသင်းများအား ကျော်ဖြတ်နိုင်ပါမည်လောဆိုသည်ကို သံသယရှိကြသည်။

အထူးသဖြင့် အုပ်စုဒုတိယပွဲဆိုသည်မှာ အသင်းတိုင်းအတွက်အရေးပါသောအခြေအနေတွင်ရှိသည်။ ဆိုရလျှင် အဖွင့်ပွဲစဉ်၌ ရှုံးပွဲကြုံခဲ့ရသောအသင်းများ သို့မဟုတ် သရေကျခဲ့သည့်အသင်းများသည် အဆိုပါအုပ်စုဒုတိယပွဲများ ၌ ခြေကုန်ထုတ်တတ်ကြသည်။ အဖွင့်ပွဲ၌ ရှုံးခဲ့ရသောအသင်းများအနေဖြင့် ဒုတိယပွဲတွင်ထပ်မံ၍ ရှုံးပွဲကြုံခဲ့မည်ဆိုပါက ပြိုင်ပွဲမှထွက်ရရန် သေချာသွားမည်ဖြစ်သကဲ့သို့ အဖွင့်ပွဲ၌သရေကျခဲ့သော အသင်းများအနေဖြင့်လည်း ဒုတိယပွဲ စဉ်တွင် ရှုံးပွဲကြုံခဲ့မည်ဆိုပါက ပြိုင်ပွဲမှထွက်ရရန် နီးစပ်သွားမည်ဖြစ်သည်။ ထို့ကြောင့် အဖွင့်ပွဲ၌နိုင်ပွဲပျောက်ဆုံးခဲ့သော အသင်းများသည် ဒုတိယပွဲ၌ ခြေကုန်ထုတ်ရင်ဆိုင်တတ်ကြခြင်းပင်ဖြစ်သည်။ အခြားမကြည့်နှင့်၊ ဟော်လန်နှင့်ဩစတြေးလျပွဲကိုပင်ကြည့်။

အရှင်းဆိုရလျှင် အဆိုပါနှစ်သင်းသည်စုဖွဲ့မှုကွာသည်။ အဆင့်အတန်းကွာသည်။ ကစားသမားအရင်းအမြစ် ကွာသည်။ သို့သော်ဟော်လန်သည် ဩစတြေးလျအား လွယ်လွယ်နှင့်အနိုင်မရ။ ဩစတြေးလျ၏တုံ့ပြန်မှုကိုခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ရသည်။ ကိုယ်ကဦးဆောင်ဂိုးသွင်းခဲ့သော်လည်း ဩစတြေးလျကခတ်မာမာတုံ့ပြန်ကာ နှစ်ဂိုးဆက်သွင်းသွား၍ ဟော်လန်တို့ရုန်းကန်ခဲ့ရကာ ဒီပေး၏အမှတ်မထင်ကန်ချက်ဂိုးဝင်ခဲ့၍သာ ကပ်ပြီးအနိုင်ရခဲ့ခြင်းဖြစ်သည်။ ထိုအခြင်းအရာသည် ခြေစွမ်းကွာဟသည့်အသင်းနှစ်သင်းကြား၌ပင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ခြေစွမ်းကွာဟမှု ကျဉ်းမြောင်းသော အသင်းများကြား၌ပြောဖွယ်ရာမရှိနိုင်ပေ။ ထို့ကြောင့် ဘယ်လ်ဂျီယံ၏ အခြေအနေကို အားလုံးက သံသယဝင်ကြခြင်းလည်းဖြစ်သည်။

အထူးသဖြင့် ဒုတိယပွဲစဉ်တွင် သူတို့ရင်ဆိုင်ရမည်က ရုရှားဖြစ်နေသည်။ ရုရှားသည်အဖွင့်၌ တောင်ကိုရီးယားနှင့် သရေကျခဲ့သောကြောင့် ယခုပွဲရှုံး၍မဖြစ်။ အကယ်၍ ရုရှားသာယခုပွဲရှုံးနိမ့်ခဲ့မည်ဆိုပါက ရုရှားသည်အုပ်စုကထွက်ရရန် နီးစပ်သွားပေမည်။ အဘယ်ကြောင့်ဆိုသော် ဘယ်လ်ဂျီယံနှင့်ရုရှားပွဲအပြီးတွင် တောင်ကိုရီးယားက အယ်လ်ဂျီးရီးယားနှင့်ကစားရမည်ဖြစ်သည်။ ထို့ကြောင့် ရုရှားသာ ရှုံးနိမ့်ခဲ့ပါက တောင်ကိုရီးယားသည် အယ်လ်ဂျီးရီးယားအား အနိုင်ရအောင်ကစားမည်ဖြစ်သကဲ့သို့ အနိုင်ရနိုင်ခြေလည်းရှိသည်။ အကယ်၍ ထိုအခြေအနေတွင် တောင်ကိုရီးယားသာ အနိုင်ရပြီး ရုရှားသာရှုံးနိမ့်ခဲ့လျှင် တောင်ကိုရီးယားကနောက်ဆုံးပွဲ၌ သရေထိန်းကစားရုံဖြင့် နောက်တစ်ဆင့်တက်သွားပေလိမ့်မည်။ ထို့ကြောင့် ယခုပွဲတွင် ရုရှားသည် ရှုံး၍ မဖြစ်သောကြောင့် ခြေကုန်ထုတ်ကစားလျှင် ဘယ်လ်ဂျီယံအတွက် အခက်အခဲဆုံးဖြစ်လာနိုင်သည်။

ဆိုရလျှင်ရုရှားသည် တောင်ကိုရီးယားနှင့်သရေကျခဲ့ရသော်လည်း အသင်းကောင်းတစ်သင်းဖြစ်သည်။ အသင်းလိုက်ကစားအားကောင်းသည်။ စုစုစည်းစည်းနှင့် ညီညွတ်မှုရှိသည်။ ထို့အပြင်ကာပယ်လိုကဲ့သို့သော နည်းပြကောင်းလည်းရှိသည်။ တောင်ကိုရီးယားနှင့် သရေကျခဲ့ရာတွင်လည်း ဂိုးသမားအကင်ဖီ၏အမှားကြောင့်သာ သရေကျရခြင်းဖြစ်သည်။ အစဉ်အလာအရဆိုလျှင်လည်း ဘယ်လ်ဂျီယံသည် ရုရှားနှင့်သုံးကြိမ်ဆုံခဲ့ရဖူးရာ တစ်ကြိမ်သာထိထိမိမိအနိုင်ယူနိုင်ခဲ့သည်ကို ဤသို့တွေ့ရသည်။

၂၀၁၀	ရုရှား	၀ -၂	ဘယ်လ်ဂျီယံ
၂၀၀၂	ဘယ်လ်ဂျီယံ	၃ -၂	ရုရှား
၁၉၉၆	ဘယ်လ်ဂျီယံ	၀ - ၀	ရုရှား

ထို့ကြောင့် ယခုပွဲတွင်လည်း ဘယ်လ်ဂျီယံလွယ်လွယ်အနိုင်မရနိုင်။ ဆိုရလျှင်ဘယ်လ်ဂျီယံသည် တစ်ဦးချင်းအရည်အသွေးပိုင်း၌ ရုရှားထက်အနည်းငယ်အသာရနေသလို အဖွင့်ပွဲသုံးမှတ်ရထား၍ နောက်တစ်ဆင့်တက်ရန် ခြေကုန်ထုတ်မည်ကလည်းမှန်သည်။ သို့သော် ရုရှား၏ရုန်းအားကြောင့် ယခုပွဲတွင် သရေလောက်သာရမည်ဟု ယူဆမိသည်။ ။

ကားရောင်းမည်

ရွှေငါး (Parl Gold)
9C/ (First Owner)
2.0 (75000 Km) ကားသန့် (148 L)
Ph:09-73155561

IT COMPUTER TRAINING CENTER

ENGLISH | AutoCAD - 3ds Max | VIDEO EDITING | WEB DESIGN | PROGRAMMING

MOBILE PHONE Software + Hardware | LCCI I-II & MYOB | Desktop Publishing | Service Technician | GRAPHIC DESIGN

HOT LINE-0940200778, 253293, 395353 | 30%

Khine
KK Language Centre

ကျေးဇူးတင်လွှာ

မာမီကျော်(မလေးရှား)ကို ပန်းအလှပြင်ဆင်မှုအတွက် ယုံကြည်အားကိုးစွာအပ်နှံခဲ့ကြသော သတို့သား၊ သတို့သမီး မောင်နှံ၊ မိသားစုတို့အား မာမီကျော်(မလေးရှား)မှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် ဝါကျွတ်မှစ၍ နောင်နှစ်အတွက်ပါ ကြိုတင်အပ်နှံထားကြသော သတို့သား၊ သတို့သမီးလောင်းနှင့် မိသားစုတို့အားလည်း ကြိုတင်ကျေးဇူးတင်ရှိပါကြောင်း။

မာမီကျော်(မလေးရှား)

မာမီကျော်(မလေးရှား)ပန်းအလှပြင်သင်တန်း

မာမီကျော်(မလေးရှား)၏ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ပန်းအလှပြင်သင်တန်းကို July လ 15 ရက်တွင် စတင်ဖွင့်လှစ်ပါမည်။ စိတ်ဝင်စားသူများ ဖုန်း-၀၉-၇၃၁၁၉၉၅၁၊ ၀၉-၂၅၀၁၇၂၁၄၄ သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

လူဦးရေကန့်သတ်ထားပါသည်။

မာမီကျော်(မလေးရှား)

Quality Control Service

English Grammar

U Win Maw (P.E.S.)

503492 / 516503

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့်အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့်-၁)	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	ဧည့်ကြိုလုပ်ငန်းသင်တန်း (အဆင့်-၁)	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၃။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့်-၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း (အဆင့်-၁)	တက္ကသိုလ်ဝင်တန်း
၅။	အစားအစာနှင့်အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း(အဆင့်-၁)	တက္ကသိုလ်ဝင်တန်း
၆။	အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း(အဆင့်-၁)	ဤသင်တန်းဌာနမှအခြေခံ(အဆင့်-၁) အစားအစာထုတ်လုပ်ရေးသင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။
၇။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့်-၂)(စီမံ/ဘဏ္ဍာ) (အခန်းဌာန) (အစားအစာနှင့်အဖျော်ယမကာဌာန)	- စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့)ဘွဲ့တစ်ခုခုရပြီးစာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ - တက္ကသိုလ်ဘွဲ့ တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့)တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိသူ ဖြစ်ရပါမည်။

သင်တန်းကာလ။ ။ ၇-၇-၂၀၁၄ မှ ၂၉-၈-၂၀၁၄ထိ

သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာပူးတွဲတင်ရမည်။ **ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**

ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၄၈၃၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၆

ဒေါ်မြမြန္တဲ့ နှင့် ဦးငြိမ်းမောင်

(တရားလို) **(တရားပြိုင်)**

ဦးငြိမ်းမောင်၊ မ-၁၀၄၊ အေးရိပ်သာလမ်း၊ ၄၃ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

